www.burmeseclassic.com

စကားအရာ၌ ကြွယ်ဝလိမ္မာ အောင်မြင်လိုသူတိုင်းအတွက်...

# လှတောသား

## ဟာသစုစည်း




ဦးလှအောင်

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄)ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

BURMESE CLASSIC .com

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အမှာ | ၆ |
| ကောင်းလိုက်တဲ့ဓား | ၉ |
| ဘောသမားများအမောလုံပုံက .. | ၁၀ |
| လက်ကြောတင်းလိုက်ပုံက ... | ၁၁ |
| ဂျူးလိုက်တဲ့ကောက်ရိုးနှယ် | ၁၂ |
| ဆိုးလိုက်တဲ့ကြွက် | ၁၃ |
| ခေါ် ... မူးရေ မူးရေ | ၁၄ |
| မဲဇာတော့ဥပမာ | ၁၄ |
| ရထားကျပ်ပုံက ... | ၁၆ |
| လေးနဲ့ခွင်းလေရော့သလား ... ! | ၁၇ |
| ဒေဝဒတ်ကျတဲ့ငရဲ | ၁၈ |
| ရွှေထီးဆောင်းတဲ့ကုလသား | ၁၈ |
| ဒိုးခံဂျူးဝင်စားလေရော့သလား ... ! | ၁၉ |
| ငါးမမ်းပိုက်နဲ့ယက်တဲ့လုံခြည် | ၂၀ |
| ဘူမာဒွိဂျဲ့ပုဏ္ဏား | ၂၀ |
| ပျော်ကိုခိုးပုံများ | ၂၁ |
| ပေတံနဲ့ခင်းတဲ့လမ်း | ၂၂ |
| ခိုဝင်စားများလေရော့သလား ... ! | ၂၃ |
| ရေးပေါ်ဆင်းတဲ့လေယာဉ်ပျံ | ၂၃ |
| လေချွေးရတဲ့ကရုပ် | ၂၄ |
| သူကြီးနဲ့ ကုလဝတ်သား | [illegible] |
| တိုကောင်ဒေသလေဒေသကခါ ... ! | [illegible] |
| ဂေါ်ဇီကကေါင်းပဲသုပ်စားမည် | [illegible] |


www.burmeseclassic.com

www.burmeseclassic.com

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| သိကြားမင်းမွေ့ပုံဂုဏ်က | ၂၇ |
| မိုးသူမျက်မှန်ဘုရုက် | ၂၈ |
| ချိုကြိုးနှိုက်ဂုဒ်လိပ် | ၂၉ |
| အတောင်ခတ်ပြီးပြေးသောငါး | ၃၀ |
| တခွေခြောက်လုံးပါ | ၃၀ |
| ပလေတိုလဲမနေရ | ၃၂ |
| ရှောင်လို့မလွယ်သာ | ၃၃ |
| အခြောက်ပို့သက်ပြင် | ၃၄ |
| တော်လိုက်တဲ့မိန့်မေဒါ | ၃၅ |
| မှတ်ဂုဏ်မြင်တော | ၃၆ |
| ရှာကြိုးခံယပ်ပါး | ၃၇ |
| ပျော်ပျော်ပနေသေခဲ | ၃၉ |
| ဝတ္ထုသရုပ်ပေါ်ပုံ | ၄၀ |
| ခလောက်ဥပမာ | ၄၁ |
| ဆင်မြူတော်ဝယ်မွေးမယ်လူ | ၄၂ |
| အလုံခြုံသောတံခါး | ၄၃ |
| ဆိတ်ခံယ်ကောင်မှာ | ၄၄ |
| တေးသလစ်မိုက် | ၄၅ |
| ရှင်ရွှေတန်လှချည့် | ၄၆ |
| သေသတ်နဲ့နေပါရစေ | ၄၇ |
| လင်ပေါ်နဲ့နှိုင်းတဲ့အမျိုး | ၄၈ |
| ဆိုသူတော်ထားတဲ့ဂွင် | ၄၉ |
| ကျွမ်းနေရာရှိသေးတယ် | ၅၀ |
| မိတ္တူမိန့်ဝင်ထားတဲ့သူ | ၅၁ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ပုဝါပါးကိုလုံချည်လုပ်တော့ | ၁၀၀ |
| ကော် . . . ဝင် . . . ဝင် | ၁၀၁ |
| ရွေးရွေးကလေး . . . ! | ၁၀၃ |
| သက်မျက်နှာ | ၁၀၄ |
| ညစ်ကအကြောင်း | ၁၀၆ |
| ဒိုက်ဆာကလိုလို | ၁၀၈ |
| မရှိလို့ပါရှင် | ၁၀၉ |
| နှမ်းဆီကောင်းပုံ | ၁၁၀ |
| လှကိုမျက်တဲ့အရက် | ၁၁၂ |
| သူတို့အကြောင်းကိုး | ၁၁၃ |
| သမက်နဲ့ယောက္ခမ | ၁၁၅ |
| ရာမယကာ | ၁၁၆ |
| အသက်တောင်လှပါကဲ့လား | ၁၁၇ |
| မိုးမိထားသော ကာဆွန်းရုပ် | ၁၁၈ |
| မယားငယ်လစာ | ၁၁၉ |
| ပုဂ္ဂိုလ်ဆိုတာကြမ်းကျွဲသောအခါ | ၁၁၉ |
| ထမင်းပေါ်ပုံဂုဏ်က . . . | ၁၂၀ |
| ရေခွတ်ပြီးလိမ်တဲ့မိန်းမ | ၁၂၁ |
| လယ်ဝင်ပင်မမည်းခင်က | ၁၂၂ |
| ဓားပြသားကောင်းဂုဏ်အကြောင်း | ၁၂၃ |
| မျက်ဂုဏ်တဲ့ခေါင်း | ၁၂၆ |
| ကောက်ပိုးမိမ်လက်ဖက်ဂုည် | ၁၂၄ |
| ရွှေဘုတ်တော်ထိုင်းပုံဂုဏ်က . . . | ၁၂၅ |
| မှားသွားလို့ | ၁၂၇ |

www.burmeseclassic.com

www.burmeseclassic.com

အကြောင်းအရာ | စာမျက်နှာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| နေတာမှဆိုးခွေးတပ်ကလား . . . | ၁၂၈ |
| တရားကိုနတ်ဆောင်၏ | ၁၂၉ |
| စာနာမှုနဲ့ သနတ်လိုက်ပါ | ၁၂၉ |
| သေမင်းလိုက်လာနေလျှောသလား . . . | ၁၃၀ |
| မီးကျွင်းတော့ကသက | ၁၃၁ |
| မီးခြစ်ဖြိုင်ပွဲ | ၁၃၂ |
| ကလေးပဲကျောင်းတော့နာကို | ၁၃၃ |
| နှစ်မျိုးခပ်ထားသေကာကောင်း | ၁၃၃ |
| ဘီးခိုင်လိုပါပဲ | ၁၃၄ |
| ရေ ဘူးနဲ့နီဘူး | ၁၃၄ |
| ဥက္ကာဆောင့်တောင်းမပယ်နိုင် | ၁၃၅ |
| ကလျှာမိမ်မှုလက်ပက်ခွက် | ၁၃၆ |
| မြှေမိုးလို့သွားလေပြီ | ၁၃၆ |
| မေမြို့မှန်း | ၁၃၇ |
| တီကောင်လိုလို | ၁၃၈ |
| ပန်းကန်ဆေးရာသိကဲ့သို့ | ၁၃၈ |
| ဝေးပါသေးတယ် | ၁၃၉ |
| မားတိခံဖွင်း | ၁၄၀ |
| မမောင်းထိဒယ်ကိုး | ၁၄၀ |
| ဖုန်ဆိုကုတ်ကလုပ် | ၁၄၀ |
| ရှိမဉ်ပင်ကဲ့သို့ | ၁၄၂ |
| မျှဲလေးလက်ခွပ် | ၁၄၃ |
| နှမ်းသမ်းကျွန်းခြင်းမဟုတ်ပါ | ၁၄၃ |
| ဘယ်ရှိကျော်နိုင်ပါလိမ့် | ၁၄၄ |


အကြောင်းအရာ | စာမျက်နှာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| မှားလေလျော့သလားကွယ် . . . | |
| တီကောင်ကလေး | ၁၄၅ |
| ဆေးဆိုမှဆေး | ၁၄၅ |
| နွားမိတ်ပေါက်ဆောင် | ၁၄၆ |
| ဂုန်သူငါးပါးထဲမှတစ်ပါး | ၁၄၇ |
| သောဂုမယ်ဆိုရင်မှင့် . . . ! | ၁၄၈ |
| ကြိုသိထားသူမို့ | ၁၄၉ |
| သမီးကိုပေးမယ် . . . ပေ့ | ၁၅၀ |
| ဟုန်းကနဲ . . . ဟုန်းကနဲ | ၁၅၁ |
| နာနေပါမယ်ကွယ် | ၁၅၂ |
| ဒေါ်ဥသစ်ပင်ချိုင်နည်း | ၁၅၃ |
| အကောင်းဆုံးနောက်တန်း | ၁၅၄ |
| ဆင်ခေါင်းကုန်းသီး | ၁၅၄ |
| ယင်ကောင်မျက်လုံး | ၁၅၅ |
| ဂုစ်ဆယ်ကျော်က ဘူးတော်လေ | ၁၅၅ |
| အင်အားမှပုံဂုပ်ကာ . . . | ၁၅၆ |
| မှတ်ဆိတ်ထက်ရှည်သောသွား | ၁၅၇ |
| ကြက်ဥမျိုဝဲနည်း | ၁၅၈ |
| သင်းကျွပ်ပြီးမြစ်နေပါမယ်ကွယ့် | ၁၅၉ |
| ဒီကုသိ ဘာတွေပေါ်ပါလိမ့် | ၁၆၀ |
| ခလုတ်တိုက်ပုံဂုပ်က . . . | ၁၆၀ |
| ကောက်ရွက်တစ်ရွက်စာ ဥပမာ | [illegible] |
| နေ့ချင်းမတူပါကွယ် | ၁၆၂ |


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

**အကြောင်းအရာ** **စာမျက်နှာ**


| | |
|---|---|
| ကလေးရဲ့လိမ်မာပုံက | ၁၆၂ |
| ခွန်သုတ်သွားသလို | ၁၆၃ |
| ပုဆိုးခွဲတမ်း | ၁၆၄ |
| နွားစားသွားသော သက်ကယ် | ၁၆၅ |
| မျက်နှာထားတင်းပုံရပါက | ၁၆၆ |
| မိန်းမရေချိုးမှုမြင် . . . | ၁၆၇ |
| ကျွမ်းဦးအမှု . . . | ၁၆၈ |
| ကြေးစည်သံဆိုလျှင် | ၁၆၉ |
| ကျန်းပေါ်မှဝါးဘုတ်ကကား | ၁၆၉ |
| ရောမပြစ်မှုကြီး | ၁၇၀ |
| ဂီးသမားကြောင်မဟုတ်ပါ | ၁၇၁ |
| နှစ်လေးဆယ်မှာကျွမ်းကျင် | ၁၇၂ |
| ဥရောပတိုက်ဆီကပ် | ၁၇၃ |
| သက်ကယ်စားသောလူများ | ၁၇၄ |
| ပွတ်တက်ခင်းကြပုံရပါက | ၁၇၅ |
| ဆီးထွက်သွားသောကင်းကောင် | ၁၇၆ |
| ဖိုးလမင်းကိုလောင်သောမီး | ၁၇၇ |
| တစ်ရှပ်သားကိုလင်လုပ်မိတော့ . . . | |
| ဂတ္တူးကိုပဲဒီးတော့မယ် | |


❖❖❖❖❖

# အမှာ

"*လူတော်သား*" ဟုဆိုလိုက်လျှင် မြန်မာပြည်တစ်လွှား မသိသူခပ်ရှားရှားပင် ဖြစ်လိမ့်မည်ဖြစ်ပါ၏။ သိကြသူများကလည်း အတန်ငယ်စဉ်းစားမိရင်း ပြုံးမိကြမည်ဖြစ်ပါသည်။ အဘယ်သို့နည်း ...! လူတော်သားတို့မည်သည် စကားကြီးဆယ်ခွန်းကို ထုံးလိုချေ ရေလိုနှောက်၍ ဟာသလည်းမြောက်၊ စကားရသလည်း ပါပါဖြင့် အသားပါပါပြောဆိုနိုင်သူများဖြစ်ခြင်းကြောင့် ပေတည်း။ ။

"*နတ်ကောင်းတော်ပြည်နိုး*" ဆိုသလိုပင် မြန်မာမှုနယ်ပယ်၌ အလင်္ကာမြောက်အောင် စကားပြောဆိုနည်း ဆယ်မျိုးရှိလေသည်။

ထိုစကားကြီးဆယ်မျိုးဟူသည်ကား ...

- ❖ ရေကူးညာတင်ပြောဆိုနည်း။
- ❖ ကောက်ပင်ရိတ်လှိုးပြောဆိုနည်း။
- ❖ ရေစီးဖောင်ဆန်ပြောဆိုနည်း။
- ❖ အိုးတန်ဆန်ခပ်ပြောဆိုနည်း။
- ❖ ဆီပွတ်ကျည်ပွေ့ပြောဆိုနည်း။
- ❖ ဆင်ဖွေ့ရန်ရှောင် ပြောဆိုနည်း။
- ❖ တောင်သူယာခုတ်ပြောဆိုနည်း။
- ❖ ကြက်ဆုတ်ခွပ်ပစ်ပြောဆိုနည်း။
- ❖ ရေစစ်ကရားပြောဆိုနည်း။
- ❖ စက်တင်မောင်းနှင်းပြောဆိုနည်းတို့ဖြစ်ကြ၏။

ထိုစကားကြီးဆယ်ခွန်းပြောဆိုနည်းတို့ကို လူတော်သား

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

တို့က "က" မှ "အ" စလယ်ဆုံး ပိုင်နိုင်ကျွမ်းကျင်စွာ ပြောဆိုနိုင် ကြသူများဖြစ်ကြ၏။ စကားအရာ၌ ကြွယ်ဝကြသဖြင့် လှတောသားတို့ ရာဇဝင်၌ စကားပြောဆိုရာ၌ ဘယ်တော့မှသူများ အောက်မကြခဲ့ကြချေ။ လှတောဟူသည်ကား …ရွှေဘိုသွား၊ ကားလမ်းဘေးတစ်လျှောက်၌ တည်ရှိသောရွာကြီး ဖြစ်လေသည်။ အထက်အောက် သွားလာနိုင်၍ အဆက်အဆံလည်းကောင်းသဖြင့် ထင်ပေါ်ကျော်ကြားလှသည်။ လှတောသားတို့သည် ယောကျ်ား၊ မိန်းမသာမက ကလေးများပါ မကျန်ရအောင်နုတ်စ၊ လျှာစကောင်းလှသည်။ သြော်… စကားအရာ၌ သြချလောက်ပါဘိ။

ဤ "*လှတောသား ဟာသရုပ်ပုံ*" သည်လှတော တစ်နေရာတည်းသာမက မြန်မာပြည်အရပ်ရပ်၌ လှည့်လည်သွားလာစဉ်၌ တွေ့ကြုံရသည့် တွေ့ရ၊ ကြုံရ၊ လူ့ဘဝရသအတွေ့တွေကို ပျော်ရွှင်စွာဖြင့် နားလည်ခံစားရင်း လှတောသားစကားရသများကိုလည်းကောင်း ပိုင်နိုင်စွာ နားလည်နိုင်ကြစေရန် ရည်ရွယ်ရင်းဖြစ်ပေသည်။

မြန်မာစကား၊ မြန်မာစာပေတွင် ဂုဏ်တစ်ပါးနှင့် ရသကိုးပါးမြောက်သော တန်ဖိုးရှိသော စကားများကို ပြောဆိုနိုင်လျက် နှုတ်ဝန္တန်းဖြင့် ပြည့်စုံနိုင်သော မြန်မာပြည်သားများဖြစ်နိုင်ကြပါစေဟု ဆုမွန်ချွေလျက် ။ ။

မေတ္တာဖြင့် ….


ဦးလှအောင်



"ဒီလူကြီးကတော့မပြုံးနိုင်လို့နေရတာ၊ ပြုံးများပြုံးနိုင် မယ်ဆိုရင် တာရာနာယက္ခတ်လှူးအာတော့မိုးမြင် သူ့မယားကို ပါးစပ်ထဲမှာ" ♥♥♥…

www.burmeseclassic.com

www.burmeseclassic.com



"ကြားစရာမရှိ ကြားနေတာ၊ ပွင့်ပွဲနေ့တုန်းက စည်ကားတယ် ဆိုလို့ ငါ့မှာသွားကြည့်ပါတယ်၊ အလိုလေးတော်...ပွဲခင်းထဲမှာတစ္ဆေ ခြောက်မှာစိုးလို့ သမ္ဗုဒ္ဓေရွတ်ပြီး ပြန်ခဲ့ရတယ်"

BURMESE CLASSIC .com



## ကောင်းလိုက်တဲ့ဓါး

လှတောရွာသို့ လာရောက်လည်ပတ်သောရပ်ဝေး ဧည့်သည် တစ်ယောက်သည် လှတောပြန် အမှတ်တရ လက်ဆောင်အဖြစ် ဓား တစ်ချောင်းဝယ်သွားလိုသည်။ သို့အတွက် မည်သည့်ဓားဝယ်သွား ရလျှင် ကောင်းမည်လဲဟု စုံစမ်း၏။

"ရွှေကျင်ဓားကိုတော့ မဝယ်လေနဲ့၊ ချေးကို လှီးတာတောင် မထွက်ဘူးတဲ့" ဤလိုအကြံပေးသူရှိသလို ...

''ဖုတ်ထသော ဓားကို ဝယ်သွားမိရင်တော့ ရေကို မခုတ်မိအောင် သတိထားနော်၊ အသွားက အနှောင့်ထိအောင် လိုပ်သွားလိမ့်မယ်''

ဤလို သရော်သူရှိသလို နောက်တစ်ယောက်က အကြံပေး ပြန်သည်။

''ဘယ်ဓားက ပိုကောင်းတယ်ဆိုတာ သိရအောင်



www.burmeseclassic.com

www.burmeseclassic.com



**အားလုံးသာ ဝယ်သွားပါဆရာ၊ ကောင်းပုံကတော့ တို့ဟူးစိမ်းကိုတောင် အံကြိတ်ပြီး လှီးရပါလိမ့်"**

ညွှိသည်မှာ ရယ်ပြီးရင်း ရယ်နေရသဖြင့် ဘာပြန်ပြောရမှန်းမသိတော့ပေ။

◆ ◆ ◆

## ဘောသမားများ အမောလုံပုံက ...

မဲကုန်းဘောလုံးအသင်းနှင့် ကျီးကန်းဘောလုံးအသင်းတို့ ဘောလုံးကစားကြစဉ်က ဖြစ်ပါသည်။ လှတောသားများအနေနှင့် တစ်နေရာတည်း စုရုံးထိုင်ပြီး ကြည့်ရှုအားပေးနေကြပါသည်။ ဘောလုံးသမားများမှာ ဘယ်အသင်းမှ အမောမလုံပါ။ ကစားမိပြီး ခဏကြာလျှင် ပါးစပ်တွေဟပြီး မောနေကြပြီ။ သည့်အတွက် လှတောသား တစ်ယောက်မှာ မနေနိုင်တော့ဘဲ ...

*"အလိုလေးကွယ့် ဘောသမားတွဲ၊ ရောဂါရနေတဲ့ မြင်းဆယ်မိုင် ခရီးကို ကုန်အပြည့် လူအပြည့်တင်ပြီး မရပ်မနားပြေးလာရလို့ ဖုတ်လှိုက် ဖုတ်လှိုက်ဖြစ်နေတဲ့ ဇိုဝါကလားကွယ်ရို့၊ စိတ်မချမ်းသာလိုက်တာလေ"*

"သူတို့ပေါ့၊ ကမ္ဘာ့အိုလံပစ်မှာ မီတာတစ်ထောင် အပြေးပြိုင်ပွဲဝင်မယ်ဆိုပြီး ကြုံးဝါးနေတာ"





နောက်တစ်ယောက်က ထပ်ဖြည့်သဖြင့် ရယ်သံကြီးမှာ ကွင်းလုံးညံသွားလေ၏။

## လက်ကြောတင်းလိုက်ပုံဂျယ်က

ကားဂိတ်တွင်လက်လျှားလက်လျှား လုပ်နေသူတစ်ယောက်ကို လှတောသားကြီးနှစ်ယောက်တို့ လက်ဖက်ရည်ဆိုင်ထဲမှ လှမ်းမြင်ရ၏။ သူတို့ အာရုံစိုက်ခံသူမှာ ကြွကြွရွရွကလေးဝတ်စားထား၏။

"လူက တော်ချင်လျက်သားနှင့် ဘာမှလက်ကြောတင်းအောင်မလုပ်ချင်တာခက်သဗျ"

*ထိုအခါ အဖော်က "အလိုလေးကွယ့်၊ နတ်အိုးကွဲကိုများ တော်ချင် လျက်သားနှင့်တဲ့၊ ခင်ဗျားမို့ ပြောဝလေ၊ နတ်အိုးကွဲဆိုတာ ကွဲနေလို့ သောက်ရေသုံးရေလဲ ထည့်မရဘူး နတ်ကိုင်မှာစိုးလို့ ဖင်ဆေးအိုး၊ ခြေဆေးအိုးလဲ လုပ်လို့မရဘူး၊ ဘာမှသုံးမရတာဗျ"*

သူတို့နည်းတူ ကားဂိတ်တွင် မျက်နှာပြုနေသူများမှာ ရယ်မိကြ၏။



www.burmeseclassic.com

www.burmeseclassic.com



## ရှားလိုက်တဲ့ ကောက်ရိုးနယ်

လူတောရွာသို့ မှတ်လှိုင်းရွာဘက်မှ လူအချို့ကောက်ရိုးလာရောက်ရှာဖွေကြသည်။ တောင်းလည်းတောင်း ဝယ်လည်းဝယ်ကြရာ၊ ထိုနှစ်က လူတောတွင်လည်း ကောက်ရိုးရှားနေသဖြင့် လုံလောက်စွာ ရမသွားကြပေ။

လက်ဖက်ရည်ဆိုင်ထဲတွင် ထိုင်နေသူများထဲမှ တစ်ယောက်က ...

"သူတို့ဆီမှာ ဒါလောက်တောင် ရှားသလားဗျ"

"ရှားတာပေါ့ဗျာ၊ သူတို့ဆီမှာ သုံးနှစ်ဆက်ပြီးမျက်တာ၊ အဲဒီလူတွေ တံခွန်လွတ်ပုံများ နွားစာဝေးလို့ ကြက်မြွေထဲမှာ တွပ်ဝပ်လို့ တောင်းအောင် ကောက်ရိုးကလေး ငါးပင်ထည့်ဖို့တောင် မရှိဘူးတဲ့"

"မင်းပြောရင် တစ်ဝက်ပဲ ယုံရမှာကွ" တတိယလူကဝင်ထောက်လိုက်သဖြင့် လက်ဖက်ရည်သောက်နေသူများလည်း ရောနှောရယ်မောကြလေ၏။






## ဆိုးလိုက်တဲ့ ကြွက်

ကောက်ရိုးအကြောင်းပြောတာ ရယ်မောအပြီးတွင် ဆိုင်ရှင်က ကြွက်သောင်းကျန်းကြောင်း စတင်ညည်းညူ လိုက်ရာ သောင်ပြင်ရပ်သားတစ်ယောက်က ....

"ကြွက်ကြမ်းပုံများတော့ ပြောမနေနှင့်ဟေ့၊ စပါးထည့်ဖို့ ငါးဆယ်ဝင်ပုတ်တစ်လုံးဝယ်လာပြီး နွားချေးသုတ်မယ် လို့ထားတော့ ညညမှာ လာလာ ပြီးကိုက်လိုက်ကြတာ တရုတ်ပေးသီးတွက်နေ သလားမှတ်ရ"

ဝိုင်းဝန်းရယ်မောကြသော်လည်း သူကမူ ဣန္ဒြေကြီးဖြင့် ....

"အဲ ... နှစ်ညပဲ ကိုယ်လိုက်ရတယ်၊ နေ့လည်ခင်းမှာ အဲဒီပုတ်ကို လူတွေက အထူးအဆန်းလုပ်ပြီး ဝိုင်းကြည့်နေကြတော့တာပဲ၊ ပြီးတော့ အေးအေးမသွားဘူး၊ သံဆန်ခါနဲ့ ရက်တဲ့ပုတ် ဒီတစ်ခါပဲမြင်ဖူးတယ်၊ ဘာထည့်ဖို့ပါလိမ့်တဲ့ ပြောသွားသေး"



www.burmeseclassic.com

www.burmeseclassic.com



## ခြောက် ...မိုးရေ ... မိုးရေ

စပါးပျိုးကြဲချိန်၊ ကောက်စိုက်ထွန်ယက်တဲ့အချိန်ဆိုလျှင် လှတောသားလယ်သမားကြီးများအနေနှင့် အတောင့်တဆုံး အရာမှာ ရေဖြစ်ပေသည်။ ရေလာသည်ကြားလျှင် လှုပ်လှုပ်ရှရှ ဝမ်းသာကြသည်။ တစ်နေ့မှာ မိုးရေလာပြီဆိုသဖြင့် ဦးကြီးတစ်ယောက်က သားဖြစ်သူအား လယ်တောသို့လွှတ်သည်။

'ရေလာပြီ ကြားတယ်၊ သွားကြည့်ချေပါဦး'

'ပြတ်သွားပြီတဲ့ အဖေ'

ထိုအခါ လယ်သမားကြီးညည်းလိုက်ပုံမှာ . . .

*"အလိုလေးကွယ် မိုးရေရယ်၊ မလာတော့လဲမလာ၊ လာပြန်တော့လဲ အီးတစ်ပေါက်ပါလားကွယ်"*

❄ ❄ ❄

## မဲဇာတောဥပမာ ...

လှတောသားများသည် အစားကောင်းလည်းကြိုက် နှစ်သက်သည့်အတွက် လှတောသူတစ်ယောက်သည် အမဲသားဝယ်ယူပြီး ကျကျနန ပြင်ဆင်ချက်ပြုတ်သည်။

ဟင်းအိုးတည်မိချိန်တွင် ညည့်သည်လာသည်နှင့် စကား ပြောနေရသည့်အတွက် တစ်ဖက်အိမ်တွင် အိမ်ခွဲနေထိုင်သော သမီးကို





လှမ်းပြီး အကူအညီတောင်းရသည်။

'သမီးရေ ရေနည်းနည်းထည့်လိုက်ပါကွယ်'

အတန်ကြာ ဧည့်သည်ပြန်သွားသောအခါ မိခင်သည် မီးဖိုထဲသို့ ဝင်လာ၏။ ချင်းနံ့၊ မဆလာနံ့မရပါ။ ဟင်းနံ့မမွှေးပါ။

'ဟဲ့ . . .သမီးဘာနံ့မှ မရပါလား'

ပြောပြောဆိုဆိုဟင်းအိုးကို ဖွင့်ကြည့်ရာ၊ ဟင်းနံ့မရသည့် အကြောင်းရင်းကို သိရသည့်အတွက် လှတောသူတစ်ယောက်ပီသစွာ ပြောလိုက်ပုံကတော့ . . .

'ဟင်းအိုးထဲ ရေနည်းနည်းထည့်ပါလို့ ခိုင်းတာကာဘိုးဆည်ကြီးဟင်းအိုးထဲ ရောက်နေပါကလား'

သမီးဖြစ်သူမှာ ရေများသွားပြီဟု သိသဖြင့်ဆင်ခြေပေးရန် စဉ်းစားနေစဉ် . . .

*"ဟင်းတုံးတောင် မမြင်ရတော့ဘူး၊ ဒီလောက် ရေထည့်ချင်လဲ ရေကန်ထဲမှာ အမဲသားထည့်ပြီး မီးထိုးပါတော့လား၊ အခုအတိုင်းဆိုရင်တော့ မဲဇာတောတစ်တောလုံး ခုတ်ပြီးထိုးတာတောင် ရေခန်းမှာမဟုတ်ဘူး"*

သမီးဖြစ်သူမှာလည်း ရယ်မောပြီးဆင်းပြေးလေ၏။

▶▶ ▶▶ ▶▶



www.burmeseclassic.com

www.burmeseclassic.com



## ရထားကျပ်ပုံက ...

နဘား အမြန်ရထားအနေနှင့် မန္တလေးမှထွက်လာတုန်းကပဲ ပြည့်ကျပ်နေခဲ့သည်။ ဤလို ကျပ်ညပ်နေသည့်ကြားမှပင် ရထားဈေးသည်တွေက အတင်းဝင်တိုးသည်။

ဈေးသည်တွေအနေနှင့် ခရီးသည်တွေမှာ အနှောင့်အယှက်ဖြစ်မဖြစ်မစဉ်းမစားဘဲ တစ်ယောက်ပြီးတစ်ယောက် ရောက်လာသည်။ ထို့နောက် သံကုန်ဟစ်ပြီး ပစ္စည်းကြော်ငြာသော ဈေးသည်တွေရောက်လာပြန်သည်။ ခရီးသည်တွေထဲတွင် ပါလာသော လှတောသားကြီးမှာ စိတ်ညစ်လာဟန်တူပါသည်။ အခြားလူတွေလို မြုံမနေဘဲ ...

''အလိုလေးတွယ်၊ ကျပ်ညပ်နေတာကတစ်မျိုး၊ ငတိုနဲ့ ဈေးသည်ကတစ်မျိုး၊ စိတ်ကုန်လိုက်ပုံတော့ ရေနွေးအိုး ပေါ်ကကြက်ခြင်းထဲ ရောက်နေသလားမှတ်ရ''

ကြားကြားသမျှသော ခရီးသည်တွေမှာ တစ်ဟားဟား ရယ်မောနေကြလေ၏။

□ □ □

''ဝိန်းမျက်နှာဖြင့်အားများ [illegible]
[illegible]''



## လေးနဲ့ခွင်းလေကျောသလား ...!

ရောက်လာသော ဧည့်သည်မှာ ရင်းနှီးသောမိတ်ဆွေဖြစ်သည်။ သူ့ရွာကို သွားစဉ်ကလည်း ကျွေးမွေးပြုစုသည့်အတွက် အိမ်နောက်သို့ဝင်ကာ ကြက်သားဟင်းချက်ရန်နှင့် ဇနီးနှင့် သားအား မှာကြားပြီး ပြန်ထွက်လာခဲ့သည်။ သို့ရာတွင် နာရီဝက်ခန့်ကြာသောအခါ သူမီးဖိုထဲဝင်ခဲ့ကာ ...

“ကြက်သားဟင်း ချက်ပါဆို ဘာလုပ်နေကြတာလဲ”

“ကြက်ဖမ်းလို့ မရသေးဘူးရှင်”

ခင်ပွန်းဖြစ်သူ စိတ်ဆိုးကာ ...

“နင်တို့လုပ်ပုံနဲ့တော့ ဒီကမ္ဘာမှာ ဒီဟင်းချက်ဖြစ်ပါဦးမလား”

ထိုအခါ ဇနီးဖြစ်သူကလည်း လှတောသူပီပီ ...

''အလိုလေးရှင်၊ ရှင်ပြောတော့သာ ကြက်၊ ရှင့်ကြက်ကို ဖမ်းရတာ မှော်ရုံဟောဝန်းမှာ သမင်ယောင်ဆောင်နေတဲ့ မယ်ဂမ္ဘီကိုအလောင်းတော်ရာမ မင်းသားလေးနဲ့ ခွင်းနေလားမှတ်ရ''

ခင်ပွန်းလင်မှာ ပြုံးပြီး အိမ်ရှေ့သို့ ထွက်ခဲ့ရ၏။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



## ဒေဝဒတ်ကျတဲ့ ငါ

လှတောသူတစ်ယောက်မှာ အပေါင်းအသင်းများပြီး မော်လမြိုင်ရထားနှင့် ကုန်ကူးသန်းရောင်းဝယ်ရန် လိုက်ပါသွားမိသည်။ ရန်ကုန်ရှိ အေးဆေးသော မိတ်ဆွေများထံ ပြန်ရောက်လာသောအခါ ညည်းတွားပုံမှာ ... 'အစ်မရေး မီးရထား တစ်စင်းလုံး ခြေချစရာမရှိဘူး၊ အိမ်သာသွားချင်လို့လဲမရ၊ အိမ်သာကို အိမ်လုပ်ပြီး အပိုင်စားနေရာယူထားတဲ့ လူကတစ်မျိုး၊ အချင်းချင်း ရန်ဖြစ်ကြတာက တစ်မှောင့်၊ ခေါင်မိုးပေါ်ကတစ်မျိုးနှင့် ရထားပေါ်က ခုန်ချပြီး ခြေကျင်လျှောက်သွားချင်စိတ် ပေါက်လာတယ်။ စိတ်ညစ်လိုက်ပုံများ ဒေဝဒတ်ငရဲခံနေရတာတောင် ကျွန်မကိုမီမှာ မဟုတ်ဘူး"

အိမ်ရှင်များမှာ ကြားဖူးနားဝရှိသဖြင့် ပြုံးရယ်နေမိကြသည်။

❋ ❋ ❋

## ရွှေထီးဆောင်းတဲ့ ကာလသား

"လေးလေးတို့များ ကြည့်လိုက်တိုင်း ပျော်လို့ ရွှင်လို့ ကြော့လို့ မော့လို့ ကာလသားလေးထင်ရတယ်"

စိတ်ပျိုကိုယ်နု လူပျော်လူရွှင်ကြီးတစ်ဦးအား လှတောသားများက ဝိုင်းဝန်းပြီး နောက်ပြောင်ကြရာ၊ အနောက်ခံရသူကလည်း...





"လေးလေးတို့ကတော့ မပျော်လို့နေမလား မောင်ပိုင်း၊ ရွှေထီးဆောင်း ပြီး ရှင်လောင်းလှည့်၊ ညနေပိုင်းမှာ သတို့သမီး အသစ်စက်စက်ကလေးတွေနှင့် မင်္ဂလာဆောင်နေရတာပဲ လှတို့ရယ် "

လူငယ်ကလေးများ ကျယ်လောင်စွာ ညာသံပေးပြီး ရယ်မောကြ၏။

✌ ✌ ✌

## ဦးခေါင်းဝင်ဆားလေကျော့သလား ...!

လူငယ်ကလေး တစ်ယောက်သည် ကာတွန်းပဲဖတ်မိသလား၊ ဗီဒီယိုပဲ ကြည့်ခဲ့ရသလားမသိပါ။ အရိုးဖြောင့်သော ဆေးတံကြီးကို ပါးစပ်ချောင်ကိုက်ကာ လမ်းသလားနေ၏။ ၎င်းကို အိမ်ပေါ်မှ လှမ်းမြင်လိုက်သော လှတောသားကြီးက ...

"အလိုလေးကွယ့် သူငယ်ရဲ့၊ ငါးကျပ်သားဝင် ဆီမွှတ် ခွေးရိုး လာသလားမှတ်ရ" ဟု သရုပ်ဖော်လိုက်ရာ လူငယ်မှာ ဆေးတံကို ဖြုတ်ပြီး ထွက်ပြေးလေ၏။ အသံလည်းကြား၊ ရုပ်လည်းမြင်လိုက်ရသော အိမ်နီးနားချင်းများမှာ ရယ်၍မဆုံးကြတော့ပါ။

❖ ❖ ❖

"အလိုလေး မသာမိုးကျော်လှတဲ့၊ [illegible] ဆင်ဘယ်ခုချိန်းတွေ့သလားမှတ်ရ"

www.burmeseclassic.com

www.burmeseclassic.com



## ငါးဖမ်းပိုက်နဲ့ ယက်တဲ့လုံချည်

လှတောသူ တစ်ယောက်သည် မုံရွာဈေးသို့ လိုက်လာသော်လည်း ဘာမျှမဝယ်ရသေးချေ။ သည့်အတွက် ပစ္စည်းများ ဝယ်ယူပြီးသူများက မေး၏။

"ဘာမှ မဝယ်ရသေးပါလား၊ ဘာပြုလို့ လိုက်လာတာလဲ"

"အိမ်ကလူအတွက် ပုဆိုးဝယ်ဖို့ စဉ်းစားနေတာ ဆိုင်ကလဲ တစ်နှစ်နေလို့ ခွဲတမ်းတစ်ခါမှ မရဘူး၊ အပြင်ကလဲ ဈေးကြီးလွန်းတယ်၊ ဒါပေမယ့် အိမ်က လူ့ရဲ့ပုဆိုးတွေကလဲ တစ်ထည်မှအကောင်းရှိတော့ဘူး၊ သောက်လိုက်တဲ့ ဆေးလိပ်၊ ပေါက်လိုက်တဲ့ မီးလောင်ပေါက်ကွယ်၊ အလိုလေး ငါးဖမ်းပိုက် ကို လုံကွင်းချုပ်ဝတ်နေသလားမှတ်ရ"

ဈေးသွား ဈေးလာများမှာ မမျှော်လင့်ဘဲ ကြားလိုက်ရသောစကားကြောင့် ဟန်မလုပ်နိုင်ဘဲ ရယ်မောသွားကြလေ၏။

## ဥမ္မာဒန္တီရဲ့ ပုဏ္ဏား

ယမန်နေ့က အရက်ဝိုင်းမှ အဖြစ်အပျက်များကို ယနေ့နံနက် ...တက်ရည်ဆိုင်တွင် လှစုံသဖြင့် ပြန်ပြောင်း၍ စမြုံပြန်နေကြပုံ





"မင်းတို့ကတော့ လွန်ပါတယ်ကွာ"

"အမယ် . . .ငါတို့ကိုတော့ပြောတယ်၊ မင်းတို့တော အလိုလေး မူးလိုက်ကြလေ၊ ဥမ္မာဒန္တီတို့အိမ်ရှေ့မှာ ပုဏ္ဏားတွေ ဖင်ထောင်ပြီး လဲနေသလားမှတ်ရ"

## ပျဉ်ကိုရိုးပုံများ ...

သစ်ဆိုင်တွင် သစ်တိုင်းသူများ၊ ထမ်းထုတ်လာသူများ တွက်ချက်နေသူများ စသည်တို့ အလုပ်ရှုပ်နေကြ၏။ လှတောသား တစ်စုသည် သစ်ဆိုင်ပိုင်ရှင်ထံ သွားရောက်စုံစမ်းခြင်း မပြုဘဲ လျှောက်ကြည့်နေကြသည်။ သစ်အမျိုးအစားစုံအောင် ကုန်အောင်ကြည့်ပြီးနောက် တစ်ယောက်က ...

"ထူထူလိုချင်တော့မှပဲ သစ်ပါးတွေချည်းတွေ့ပါကလား၊ တစ်ခွဲဆိုတဲ့ပျဉ်ဟာ ငါ့အထင်တော့ တစ်မတ်မှ ပြည့်ရဲ့လားထင်တယ်၊ တယ်နိုးတာပဲ"

"ထိုအခါ တစ်ယောက်က ဖြည့်စွက်ပေး၏၊ အလို လေးကွယ့်ပျဉ်တဲ့၊ ဖော်ရှုန်တို့ တက်ထရန်ရှုန်တို့လား၊ မှတ်ရ အိမ်မကာပါနဲ့ကွာ၊ အကျီလုံချည်သာ ချုပ်ဝတ်ပါတော့"



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရှင်နှင့် အလုပ်သမားများမှာ စိတ်မဆိုးနိုင်၊ ရယ်သာနေကြလေ၏။

## ပေတံနဲ့ ခင်းတဲ့လမ်း

လှတောမှ ဝက်လက်သို့ သွားသော ကားလမ်းသည် အလွန်ဆိုးသည်ဟု နာမည်ကြီးသည်။ ကျင်းတွေချိုင့်တွေ မြောင်းတွေနှင့် လူကို ကိုင်လှုပ်သည်။ ကိုင်ဆောင့်သည်။ ရှေ့နောက် ယိမ်းထိုးအောင် လှုပ်ခါပေးသည်။

"သည့်အတွက် လှတော ဝက်လက်လမ်းကတော့ ကျောက်ခဲစားသွားတာတောင် အစာကြေသတဲ့"

တလောကတော့ ရွှေဘို–မန်းကားပေါ်တွင် ရပ်ဝေးမှ ခရီးသွားတစ်ယောက်က ကြားဖူးနားဝရှိသော ဤစကားကို ထပ်မံရေရွတ်ရာ၊ ကားပေါ်၌ ပါလာသောလှတောသားက

"ခင်ဗျာ့ ကျောက်ခဲက ပျော့လို့ထင်ပါ့ဗျာ၊ အလိုလေး အခုများ ပေတံကိုချခင်းထားသလားမှတ်ရ ကောင်းလိုက်တဲ့လမ်း" ဟု ချေပလိုက်ရာ၊ ခရီးသည်များမှာ ရယ်နေရလေ၏။

❀ ❀ ❀





## ခိုဝင်အားယူနေကြသလား ...

ရပ်ရွာတွင် ကုသ၍မရသော လူမမာကို ဆေးရုံတင်ပြီးနောက်ယခုမှ စိတ်အေးသွားဟန်ရှိသော လှတောသား တစ်ယောက်က သူ၏ လူနာအကြောင်း ပြောပြပုံမှာ ...

*''အလိုလေး ညည်းလိုက်ပုံများ ... ရှိအကောင်တစ်ရာအညည်းပြိုင်နေကြ သလားမှတ်ရ၊ ကြာတော့ ကိုယ်မပါကွေးပြီး သူညည်းသလို ညည်းချင်စိတ် ပေါက်လာတော့တယ်''*

ဆေးရုံမှ လူများမှာ အတောမသတ်အောင် ရယ်မောကြလေ၏။

✠ ✠ ✠ ✠ ✠

## အရေးပေါ်ဆင်းတဲ့ လေယာဉ်ပျံ

ကိုယ်တိုင်ပစ်ပြီး ရောင်းသော လှတောသားထံမှ သက်ကယ် ဝယ်ယူထားသူတစ်ယောက်သည် နောက်ထပ် သက်ကယ်ယပ်မှ ဝယ်ယူရန် ရောက်ရှိလာသည်။

"ဈေးလျှော့ဦးဗျာ၊ သုံးလေးရက်တုန်းက ဝယ်သွားတဲ့ ခင်ဗျာ့ သက်ကယ်တွေက တော်တော်ညံ့တာပဲ၊ လိပ်ပြာနားတောင် ပေါက်ထွက်တယ်"

ဖိုးရာဇာအုပ်

www.burmeseclassic.com

လှတောသား အချင်းချင်းကို ဤသို့ပြောရမ်မရပါ၊ သက်ကယ်ရောင်းသူက ချက်ချင်းတုံ့ပြန်ပုံမှာ ...

*“မတော်တာတွေ လာမပြောနှင့် ငါ့လူ၊ ငါ့သက်ကယ် မိုးထားတဲ့အိမ်မိုးတွေ ခိုင်ပုံများ လေယာဉ်ပျံတောင် အရေးပေါ် ဆင်းနားလို့ရတယ်”*

သက်ကယ်ကုန်ကြမ်း လာပို့သူတွေကြားတော့ ဟားတိုက်ရယ်ကြသည်။

✿ ✿ ✿

## လေအေးရတဲ့ကဂုပ်

သက်လက်သို့သွားမည့် ခရီးသည်တစ်ယောက်အနေနှင့် ကားပေါ်တွင် ဆုံမိသော လှတောသားတစ်ယောက်ထံတွင် ဇက်လက်မြို့အကြောင်းကို စုံစမ်းရာတွင် ...

“ဒီရွာသီမှာ ဘာတွေ ပေါလဲဗျ”

*“ခရမ်းချဉ်သီးပေါတယ်ဗျ၊ ဒီရာသီမှာ အစည်းအဝေး လဲပေါတယ်၊ တခြားဟာတော့ မပေါဘူး၊ မပေါပုံကတော့ လေတောင် ဝအောင်ရှုဖို့ မလွယ်ဘူး”*

ခရီးသည်မှာ လှတောသားကို သိတန်သရွေ့ သိထားသော်လည်း မရိပ်မိသဖြင့် တအံ့တဩ ဖြစ်သွားကာ ...





“ဟင် ... ဘယ်လိုဖြစ်လို့လဲဗျ”

“ရှိသမျှ လေတွေအားလုံး လှတောကို ရောက်တုန်းလို့ ပေါ့ဗျာ”

စကားဆုံးမှ သဘောပေါက်ကာ ရယ်မောနိုင်လေသည်။

❋ ❋ ❋ ❋

## ချကြီးနဲ့ ဂါဇဝင်သား

အခမ်းအနားတစ်ခုတွင် ကျွေးမွေးသော ထမင်းဝိုင်းမှာ ဖြစ်ပေသည်။ ထမင်းစားသူများထဲတွင် ဆန်ကောင်းစားသော လှတောသား လယ်သမားကြီးများ ပါဝင်ရာ ချက်ထားပုံ မကောင်း သဖြင့် အမြင်မလှသော ထမင်းများကိုမြင်သည့်အတွက် လှတောသား ကပြောၡ၏။

*"အလိုလေးကွယ့် ထမင်းရဲ့၊ ရေငတ်နေတဲ့ မုန်လာ ဥလား မှတ်ရ၊ ဖွယောင်းယောင်းနှင့်"*

ထိုအခါ ထမင်းချက်တာဝန်ခံက “ခင်ဗျားတို့အပေါ် စေတနာ ပိုပြီး အုန်းထမင်းချက်ထားတာပါဗျာ၊ ဆန်ကအဟောင်းမို့ ညစ်ထပ် ထပ်နှင့် အမြင်မလှတာပါ”

သည့်အတွက် လှတောသားမှတ်ချက် ချလိုက်ပုံမှာ ...

*"အလိုလေးဗျာ၊ ဒီဆန်မျိုးနှင့် အုန်းထမင်းချက်*



www.burmeseclassic.com

www.burmeseclassic.com



ရတယ်လို့၊ တရားသူကြီးနှင့် ရာဇဝတ်သားကို လက်ထိပ်တစ်ခုတည်းမှာ အတူတွဲပြီး ခေါ်ထားသလားမှတ်ရ၊ ကြည့်လို့ အမြင်မတော်လိုက်လေကွယ်ရို့.''

♠ ♠ ♠

## တီကောင် သေလေသောအခါ ...

လှတော ဘောလုံးသင်းနှင့် ဝက်လက်ဘောလုံးသင်းတို့ ခြေစမ်းပွဲ ကစားကြရာသို့ လှတောသားတွေ အများအပြား လာရောက်အားပေးကြသည်။ ဝက်လက် ဘောလုံးသမားတစ်ယောက်၏ ကြီးမားသော ကိုယ်ခန္ဓာကြီးနှင့် တုတ်ခိုင်သော ပေါင်တံကြီးကို သတိပြုမိသော လှတောသားတစ်ယောက်က...

"အလိုလေးကွယ့် တုတ်လိုက်တဲ့ ပေါင်တံကြီးတွေ ဘုန်းကြီးကျောင်းအို က ကျောက်တိုင်ကြီးတွေလားမှတ်ရ"

"တုတ်လိုက်တဲ့ ခါးကြီးကလဲ ဗီပါပေါ်က အုန်းသီးအတိုင်းပဲ"

တစ်ယောက်က စလိုက်လျှင် နောက်တစ်ယောက်က ဖြည့်စွက်သဖြင့် တတိယလူက ...

"သေတဲ့အခါ တီကောင်တွေ သဘောကျတာ ဒီကိုယ်လုံးမျိုးပေါ့" ဟု နိဂုံးချုပ်လိုက်ရာ၊ အုန်းခနဲ ရယ်သံကြီး ပေါ်ထွက်လာလေ၏။

ဦးရာဇာ



## ဂေါ်ဇီလာ ခေါင်းပဲညှပ်တော့မည်

ဆံပင်ညှပ်ဆိုင်တွင် ဝင်လာသည်ကစပြီး ဆံပင်ညှပ်ထိုင်ခုံပေါ် ရောက်သည်အထိ ငိုနေတဲ့ကလေးသည် ဆံပင်ညှပ်ချိန်တွင် တစ်အားငိုလေသည်။ ခေါင်းကိုယမ်းသည်။ အာခေါင် ခြစ်ပြီးငိုသည်။ လက်နှင့်လည်း ပုတ်သေးသည်။ ဆံသဆရာမှာ မငြင်းသာလို့ ညှပ်ပေးရပေမယ့် စိတ်ညစ်ရသည်။ သည် အတွက် ဆံပင်ညှပ်အပြီးမှာ လှတောသားဗိုပီ ပြောမိသည်ကတော့ ...

"မင့်သားကို ဆံပင်ညှပ်ပေးတာထက် ဂေါ်ဇီလာ အကောင်တစ်ကောင်ကို ဆံပင်ညှပ်ပေးချင်သေးတယ်ကွာ"

ကလေး၏ ဖခင်မှာ စိတ်မဆိုးသည့်အပြင် ရယ်ကာ မောထာ ထွက်သွားသည်။ သူ့ကလေးကလည်း ဆိုးသည် မဟုတ်လား။

✣ ✣ ✣

## သိကြားမင်းရဲ့ မွေ့ရာ ...

"ရှင်တို့ဆိုင်မှာလာပြီး ခတ်ခဲဖြစ်ရတာ နတ်ပြည်မှာ သိကြားမင်း ဖြစ်ရသလိုပါပဲလားလို့"

ဆိုင်တွင် ခတ်ခဲရောင်းသည်ကြာသောကြောင့် အခြေ အလွှားရောက်လာကာ စုံစမ်းသော ရေဒီယိုသမား လက်နှိပ်စက်သမား များမှာ ရနိုင်ခွင့်မရှိသည့်အတွက် တစ်ယောက်သော လှတောသူက ပြောခြင်းဖြစ်သည်။

ဦးရာဇာအုပ်

www.burmeseclassic.com

www.burmeseclassic.com



"သိကြားနဲ့ဝါတ်ခဲ ဘာဆိုင်လို့လဲဟေ့"

အမျိုးသမီးကြီးတစ်ယောက်ကမေးရာ ...

"ဆိုင်တာပေါ့တော်၊ နတ်ပြည်မှာ သိကြားမင်းက တစ်ယောက်တည်း၊ နတ်သမီးကအများကြီး ဖြစ်နေတော့ သိကြားမင်းကို ဟိုနတ်သမီးကလိုချင်၊ ဒီနတ်သမီးက လိုချင်နှင့် တစ်ရုန်းရုန်းပေါ့တော်"

တည့်တည့်ပြောမှ သဘောပေါက် တစ်ဟားဟားရယ်ကြသည်။

## ယိုသူမရှက် မြင်သူရှက်

ရန်ကုန်သို့ လာရောက်လည်ပတ်သော လူတောသားတစ်စုသည်အပြန်ခရီးတွင် ပြည်မြို့မှ အဆန်သင်္ဘောကိုစီး၍ မန္တလေးသို့ လိုက်ပါလာကြသည်။ သင်္ဘောပေါ်တွင် ခရီးသည်များမှာ ကျပ်တစ်လှည့် ချောင်တစ်လှည့်ဖြစ်နေသည်၊ ဆိပ်ကမ်း၊ တစ်ခုမှအထွက်တွင် သင်္ဘောမှာများစွာ ချောင်သွား၏။ ထိုအခါမှ လူတောသားကြီးတစ်ယောက်မှာ အောက်ထပ်သို့သွား ရန်လှေကားသို့လာခဲ့ရာ လှေကားတွင်ထိုင်နေသော စုံတွဲများကို မြင်ရသဖြင့် လှေကားထိပ်တွင် ရပ်ကာ ...





"အလိုလေးကွယ် ယိုသူမရှက် မြင်သူရှက်ဝါလားကွယ်"

ခေါင်းချင်းပူးကာလက်ချင်းယှက်ထားသူများ ကွာသွားချိန်တွင် ရယ်မောသံများ အပေါ်ထပ်တစ်ခုလုံး ပျံ့သွားလေ၏။

## ချိုကြီးနှိုက်ရသလိုပ ....

ရှင်ပြုအလှူတွင် ထမင်းကျွေးနှင့် ဧည့်ခံလေသည်။ အခြားရွာမှ ဧည့်သည်များမှာ မကောင်းတိတ်တိတ်၊ ကောင်းတိတ်တိတ် နေကြသူများဖြစ်ကြသည်။ အလှူမှပြန်လာသော လူတောသားတစ်စုအားလမ်းတွင်တွေ့သောလူများက ...

"အလှူမှာ ဘာဟင်းကျွေးလဲ"

"ငါးသလောက်ဟင်းဆိုလို့ စားမိပါတယ်၊ အပ်ထုပ်ကို ဝါးမိသလားမှတ်ရ"

တစ်ယောက်ပြောသည်ကို မကျေချမ်းသေးသော နောက်တစ်ယောက်ကလည်း ...

"ငါးသလောက်ဆိုလို့ စားမိပါ၊ အလိုလေးကျွာလေးများ ချိုကြီးနှိုက်ရသလို အရိုးချည်းပါပဲ"

စကားအဆုံးတွင် တဟားဟားရယ်သံများညံသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



## အတောင်ခတ်ပြီးပြေးသောငါး

အညာမြို့တစ်မြို့သို့ ရောက်ရှိလာသောလှတောသား တစ်ယောက်သည် မုန့်ဟင်းခါးဆိုင်၌မုန့်ဝယ်စားသည်။ မွှေနှောက်ပြီးနောက် နှစ်ဇွန်းသုံးဇွန်းစားကြည့်ပြီးလျှင် ...

"ခင်ဗျားဟင်းက ဘာဟင်းလဲဗျ"

"ငါးဟင်းပါတော်"

"ခင်ဗျားငါးက ရေထဲကငါးမှ ဟုတ်ရဲ့လားဗျာ၊ ငှါးငါလို့အော်ပြီး ကုန်းပေါ်မှာအတောင် ခတ်ပြီးပြေးနေတဲ့ ငါးများလား"

ဟုဆိုင်သည်ဆိုင်မှ လူများနှင့်မုန့်စားသူများပါ ဆိုင်ရှင်နှင့်လှတောသားကိုကြည့်ကာ ရယ်မောကြလေသည်။

## တခွေခြောက်လို့ပါ

မီးရထားနှင့်ခရီးသွားရာတွင် တစ်ဦးနှင့်တစ်ဦး စကားစပ်မိကြရာ၊ လှတောရွာမှလှတောရွာသားများ၊ လှတောရွာသူများဟု သိသောအခါတွင် အလွန်အထင် ကြီးခံကြရလေ၏။

ဟာသီဘတနယ်ဘက်မှ ဖြစ်ဟန်တူသော ခရီးဖော်များသည် ရွှေဘို ဝက်လက်ကိုကြားရုံသာ ကြားဖူးသောကြောင့် ..





"ရွှေကျင်ဆရာတော်ဘုရားကြီး အထိမ်းအမှတ် ဗိမာန်ဆိုလားပဲ၊ ဝက်လက်မှာရှိတယ် ကြားဖူးပါတယ်"

လှတောသူတစ်ဦးက ...

"ဝက်လက်မဟုတ်ဘူးရှင့်၊ လှတောကြီးငါးရွာထဲမှာ ပါတဲ့ရွှေကျင်ရွာမှာပါ၊ ဆရာတော်ဘုရားကြီးရဲ့ ဗိမာန်ဖွင့်ပွဲတုန်းက စည်ကားလိုက်ပုံများ တစ်သက်နဲ့တစ်ကိုယ် မကြုံဖူးအောင်ပဲ"

ထိုအခါ အလားတူတစ်ဦးကလည်း ...

"သိပ်ဟုတ်တာပေါ့၊ အလှူလေးပွဲတော်စည်ကားပုံကတော့ အံ့သြလောက်ပါပေတယ်၊ စည်ကားလွန်းလို့ ကျောက်လမ်းတာရိုးတောင် ကျိုးသွားတယ်"

သို့သော် ပထမပြောသူများအပေါ်တွင် ကောင်းစွာမလိုလားသော ဘကြားလှတောသူတစ်ယောက်ကမူ မလှမ်းမကမ်းမှ မကြားတကြားနှင့် ...

"ကြားစရာမရှိ ကြားနေတာ၊ ဖွင့်ပွဲနေ့တုန်းက စည်ကားတယ်ဆိုလို့ ငါ့မှာသွားကြည့်ပါတယ်၊ အလှူလေးတော် ... ပွဲခင်းထဲမှာတခွေခြောက်မှာစိုးလို့ သမျှခွေရွတ်ပြီး ပြန်ခဲ့ရတယ်"

မသိ၍ စုံစမ်းမိသူများမှာ မည်သို့သည့်စကားကို ထိုသည် မသိဖြစ်နေကြရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



## ပလေတိုလဲမနေရ

စရိုးသည်တင်ကားမှာ လှတောရွာနှင့်နီးကပ်လာလေ လေ လူနည်းလာလေလေဖြစ်၏။ ကျန်ရှိသော စရိုးသည်များအနက် လှတောရွာတွင်ဆင်းမည့် စရိုးသည်ကအများဆုံး ဖြစ်လေသည်။ အခြားသူတွေမှာ စကားတပြောပြောနှင့် ရယ်မောနေခက်ပြောင် နေကြသော်လည်း အသက်လေးဆယ် အရွယ်ရှိ ကုန်သည်နှင့်တူသော ပုဂ္ဂိုလ်မှာစီးကရက်ကိုသာဖွာပြီး တိတ်ဆိတ်စွာ လိုက်ပါလာပြီး ...

"ဖွာလှချည်လား၊ ဆေးလိပ်ကိုပဲ ဖွာနေတော့တာဝါတ လားရဲသိန်းရဲ"

ရွယ်သူလူတစ်ယောက်က ကားဦးမှ လှည့်ကြည့်ကာ လှမ်းမေး၏။

"စဉ်းစားရတာလေ၊ စီးကရက်မီးခိုးဟာ အခုလိုအငွေ့ မဟုတ်ဘဲအရည်ဖြစ်နေရင် လူတွေဘယ်လိုလုပ်ပြီး ဆေးလိပ်သောက် မလဲလို့"

ထိုအခါ စတင်စကားဆိုသူက ...

*"အလိုလေး ...ပလေတိုဆိုတာ ခေါမသားမှတ်နေတာ၊ ထထ်စသတ်တော့ ပလေတိုဟာ လှတောသား ဖြစ်နေပါ တလားတွယ်ရို့"*

ကမ္ဘာကျော် တွေးခေါ်ပညာရှင်ကြီးအမည်နှင့် နှိုင်းပြော လိုက်ရာ၊ ရွှဲကျသွားလေ၏။





## ကျောင်းလိုမလွယ်သော

ဝက်လက်မြို့ပေါ်သို့ လုပ်အားပေးရောက်လာသော အခြား တစ်ရပ်ဒေသမှ ကျောင်းသားကလေးများသည် လှတောရွာသို့ လေ့လာ ရေးအနေနှင့် ရောက်လာကြသည်။

လူကြီးတစ်ယောက်က ...

"သိချင်တာရှိရင် အားမနာပါနဲ့ မေးကြပါ၊ အိမ်မှာကလေး ဘယ်နှစ်ယောက် ရှိသလဲအစရှိတာကပေါ့"

နောက်လူကြီးတစ်ယောက်ကလည်း

"သို့သော်လဲ အသက်တော့မမေးကြနဲ့နော်" ဆိုသောကြောင့် ရယ်မောလိုက်ကြစဉ် ပထမဆုံးစကားစသော လူကြီးကပင်...

"လှတော လှတောနဲ့နာမည်ကြီးခဲ့တာဟာ ဟိုတုန်းကပေါ ဒေသခံ ရပ်ခံရွာခံဆိုတော့ ကိုယ့်ရပ်ကိုယ့်ရွာကို ချစ်တဲ့ဂုဏ်ယူတဲ့ စိတ်အပြည့်အဝ ရှိကြတော့ ကိုယ့်ရွာရဲ့ဂုဏ် ညှိုးနွမ်းမယ့်အလုပ် မလုပ် ကြဘူး၊ စည်းစည်းလုံးလုံးနဲ့ ပျော်စရာလဲကောင်းခဲ့ပါတယ်၊ အခုများ တော့ နယ်စုံက လူစုံစရိုက်တွေ ဖြစ်နေတဲ့အတွက် ရုံးပြင်ကန္တားဆိုရင် ယင်ကောင်ကိုရှောင်လို့ လွယ်ချင်လွယ်မယ်၊ လှတောသားကို ရှောင်လို့ မလွယ်တော့ဘူး၊ သူတို့က ပျော်ပွဲစားထွက် လာရတာယ်များ ထင်နေကြ သလား မသိတော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ပြောသူက မသက်မသာပြောခြင်းဖြစ်သော်လည်း အပြော ကောင်းသည့်အတွက် လေ့လာသူများမှာ ပြုံးရွှင်ရယ်မောနေကြ လေသည်။

## ခေါက်ပို့သာပြင်

လူတောဝန်းကျင်တွင်ရှိသော လယ်မြေအများစုမှာ ကောက်စိုက်၍ ပြီးစီးလုနေပြီ။ ထိုအချိန်တွင် ပျိုးရရှိရေး အဆင်မပြေ သော နေရာမှလယ်သမားများ ပျိုးဝယ်ရန် ရောက်လာကြသည်။ ရောက်လာကြပုံမှာလည်း အလုအယက် ဖြစ်သည်။

ထို့ကြောင့် ကန်သင်းဘေးတွင် ပစ်ထားသောပျိုးစည်း အပိုများကို လက်ညှိုးထိုးကာ ရောင်းကြသည်။ ထွန်ပစ်မည် စိတ်ကူး ထားသော သက်ကြီးပျိုးခင်းများကိုလည်း နုတ်ပြီးရောင်းကြသည်။

သို့ရာတွင် လယ်သမားချင်းကိုယ်ချင်းစာသည့်အတွက်..

"ပျိုးက အသက်ကလေးတော့ သီသီရင့်နေပြီ"

ပျိုးဝယ်သူက ...

"အမယ်လေး၊ ပျိုးကတော့ရင့်လေ ကြိုက်လေဗျို့"

ထိုအခါ လူတောသားလယ်သမားကြီး ပြန်ပြောပုံမှာ..

"အလိုလေးမရင့်မှာများ မပူကြပါနဲ့ဗျို့၊ ပျိုးတွေ ထားနဲ့ တင်သွားလို့ တစ်မိုင်လောက်ခရီးပေါက်ရင် ခေါက်ပို့သာ ပြင်ကြပေတော့"

ကြားရသူတိုင်း စပါးပင်ရင့်လွန်းသောကြောင့် မစိုက်မီကပင် အနှံ့ထွက်တော့မည်ဆိုသည့် ပြောပုံကိုသဘောကျသည့်အတွက် ရယ်မောနေကြရလေ၏။

## တော်လိုက်တဲ့မိန်မေဒါ

မြန်မာစကားတွင် အနိုင်းအနှိုင်းပေဆာစွာ ပြောတတ်ရုံ ဖြင့် စကားပြောတော်သည် မဆိုနိုင်သေးပေ။ ငေါ့ခြင်း ထေ့ခြင်းသည်လည်း စကားပြောကောင်းတို့၏ အင်္ဂါရပ်တွင်ပါဝင်သည်။ ရွဲ့ခြင်းလည်း ပါဝင်သည်။

စကားပြောညံ့သူများနှင့် မြန်မာစကားကို နားလည်သူ များအနေနှင့် ၎င်းအရည်အချင်းများကို မနှစ်သက်ကြချေ။ ထို့ပြင် ထိုသူများ ကြောက်လည်းကြောက်၊ မုန်းလည်းမုန်းသော ချီးမွမ်း ခြေကျောက်ပြေးနည်း စကားမှာ ရယ်လည်းရယ်ရ၊ နာသာခံခက်လည်း ဖြစ်ရသည်။

ဤလို ချီးမွမ်းခြေကျောက် ပြောသည့်ဘက်တွင် တော် လှသောလူတောသား တစ်ယောက်သည် ကျေးရွာဘုရားပွဲတစ်ခု သို့ရောက်သွားသည်။ တစ်ဦးတည်း ခြင်းအယဉ်ခတ်လျက်ရှိသည် နေသည်ကိုတွေ့ရ၏။







www.burmeseclassic.com

www.burmeseclassic.com



ခြင်းအယဉ်ခတ်သူသည် ခြင်းများကို အတွဲလိုက်အထပ်လိုက်ရွဲများကို အတွဲလိုက် အထပ်လိုက်ခတ်ပြနေရာ၊ မြင်ရသူတိုင်းချီးမွမ်းပုံမှာ ...

"ခြင်းခတ် တော်လိုက်ပုံများတော့ အသည်းတယားယားနဲ့ ဗိုက်ထဲအမှိုက်တွေ ဝင်နေသလားမှတ်ရ၊ သို့သော်လဲ အသားကလဲ "စိန်ဗေဒါရယ် လှပုံကသာ ကြည့်ကြပါတော့ဗျာဆိုတဲ့ သီချင်းထဲကအတိုင်းပါပဲ၊ ကတ္တရာလမ်းပေါ် ကျွဲအိပ်နေသလားမှတ်ရ"

ခြင်းခတ်ကြည့်နေကြသော ပရိသတ်ထဲမှာ လှတောသား၏စကားသံကို ကြားလိုက်ရသူတိုင်းမှာ ပတ်တုတ်၍ မရအောင်ရယ်မောမိကြလေသည်။

## မှတ်ဂရုဂင်ပြင်တော့

ခင်မင်သူတွေ၊ ဝါသနာပါသူတွေ၊ စိတ်သဘောညီသူတွေစုပြီး အရက်သောက်သော ပွဲတစ်ပွဲတွင် စည်းနှင့်ကမ်းနှင့် ခပ်အုပ်အုပ်စကားပြောသံများ၊ ထိန်းထိန်းသိမ်းသိမ်း ရယ်မောသံများနှင့် စိုပြေနေသည်။

မှောင်ရိပ်တွင် ဆေးလိပ်ဖွာနေသော လူတစ်ယောက်အား ကျောင်းဆရာတစ်ယောက်က ...





"ဦးလေးကလဲ ဆေးလိပ်ချည်းသောက်နေတာပါကလား၊ သောက်ပါစားပါဦး ဦးလေးရဲ့"

"ဟဲ့ ဒါထက်သောက်ရ စားရရင်လဲငါ့ဗိုက်ပေါက်ထွက်ရချေရဲ့ကွယ်"

"စကားလဲပြောပါဦး"

"အလိုလေး အခုထက်ပြောရရင်တော့ စကားတွေလေးပြီးမင်းတို့အိမ် ကျိုးကျလိမ့်မယ်၊ ငါပြောခဲ့တဲ့ စကားတွေကဖြင့် ကွယ်စာနဲ့သာရေးမှတ်ရင် စွယ်စုံကျမ်းထက် ထူလိမ့်မယ်ဗျ"

ကြားရသူတိုင်း ရယ်မောနေကြလေသည်။

## ရေအကျိုးဆယ်ပါး

လှတောသားတစ်ခုသည် ရန်ကုန်မြို့သို့ရောက်သည့်အခိုက်တွင် မြို့ပတ်ရထားစီးဖူးသည်ရှိအောင် စီးကြည့်မည်ဟု တိုင်ပင်ကာ ရထားတစ်စင်းပေါ်သို့တက်ပြီးလိုက်လာခဲ့ကြ၏။ ထိုရထားမှာလူကျပ်သောရထားဖြစ်သည့်အတွက် လှတောသားများမှာ အတက်အဆင်း အတွင်းဘက်၌ မတ်တတ်ရပ်လျက် လိုက်ပါလာကြရလေ၏။

မလှကုန်းလွန်လျှင် အလှူခံတစ်ဦးသည် လှတောသားတစ်ယောက်၏ရှေ့သို့ ခွက်တလှုပ်လှုပ်နှင့် လာရပ်၍လှတော



www.burmeseclassic.com

www.burmeseclassic.com



သားသည်ငြိမ်သက်စွာ ရပ်နေ၏။ အလှူခံသူက ရေတွင်းပြင် ရန်ဖြစ်ကြောင်း ၊ ရေအကျိုးဆယ်ပါး မတောင်းပဲပြည့်ကြောင်း စသည်တို့ကို ပြောလိုက်၊ ခွက်ကိုလှုပ်လိုက်နှင့် ထွက်ယောက်တည်း၏ ရှေ့တွင် အကြာကြီး ရပ်ပြီးပြောနေ၏။

ဆယ်မိနစ်ကြာသော်လည်း ရွှေ့မသွားဘဲဆက်ပြောနေသော အခါ လှတောသားက ...

"အားနာစရာကြီးဗျာ၊ ခင်ဗျားဒါလောက် ပြောနေတာ ငါးမူးလောက်တော့ ထည့်ဖို့ကောင်းနေပြီ"

"ဟုတ်ကဲ့"

*"ဒါပေမယ့် ရေအကျိုး ဆယ်ပါးလဲ သဘောပေါက်ပါတယ်၊ သို့သော်လဲကိုယ့်ဝမ်းနာ ကိုယ်သာသိဆိုတာလို ပေါ့ဗျာ၊ ကျုပ်မှာ မျက်စိနာလို့မှာ ရေစိမ်ပြီး ခတ်စရာ ကြေးပြားလေးတစ်ပြားတောင် မပါလာဘူးဗျာ၊ ပိုက်ဆံ မမြင်ဖူးတာလဲ မွေးကတည်းကဆိုပါတော့ဗျာ"*

အလှူခံမကျေမနပ် ထွက်သွားရာ၊ ခံရီးသည်များသည် ကျေနပ်စွာ ရယ်မောလိုက်ကြလေ၏။





## ပျော်ပျော်နေသေခဲ

လှတောရွာတွင် ဝင်နေကပ်ပါးနဲ့ ပျံကျများရောနေသော ကြောင့် ဒေသခံမှလူများနှင့် စုံလင်လာသည့်အတွက် တစ်နည်းအားဖြင့် ဂုဏ်ယူစရာဖြစ်၏။ ရွာခံအနေနှင့်လည်း စရိုက်စုံ လူစုံရှိပြီးသားဖြစ်သ ၏။

ရွာတစ်ရွာတွင် သက်ကြီးကာလသားတစ်ယောက် ရှိစမြဲ ဖြစ်၏။ မရှိလျှင် စရိုက်မစုံအင်္ဂါမစုံဟု ခေါ်ရတတ်သည်။ လှတောမှာ ကား အင်္ဂါစုံစရိုက်စုံသောကြောင့် ဆိုဖွယ်မရှိချေ။

ပျော်ပျော်နေသေခဲ ဆိုသောဆောင်ပုဒ်ကို လက်စွဲပြုထားသော သက်ကြီးကာလသား တစ်ယောက်သည် ကောင်းမွန်ကြော့ရှော့စွာ ဝတ်စားဆင်ယင်ပြီး ရွာပြင်ဘက်ကားလမ်းဆီသို့ ဦးတည်ကာ လျှောက်လာရာ၊ နောက်နေကျ ပြောင်လှောင်နေကျဖြစ်သော ကာလ သားတစ်ယောက်က ...

"ဦးလေးတို့များ ၁၅နှစ်သားလေးကျနေတာပဲ၊ ပျော်လို့ ရွှင်လို့ကြော့လို့ မော့လို့ပါလား"

ထိုအခါ ကာလသားကြီးက ...

*"ငါက နံနက်တိုင်းရွှင်လောင်းလှည့်ပြီး ညနေတိုင်း မင်္ဂလာဆောင်ချင် နေတာကွ၊ အဲဒီလို မဟုတ်တော့ စိတ်ညစ် တယ်"*

ကာလသားလေးက ...

ဖိုးရာဇာအေးချမ်း

www.burmeseclassic.com

www.burmeseclassic.com



"အလိုလေး ဒီမျက်နှာလား မပျော်တာ၊ ရှင်ဘုရင်သမီး တစ်ရာကိုပြိုင်တူ ရထားတဲ့မျက်နှာလားမှတ်ရ"

ဘေးရှိအိမ်များမှာ ကြားရသူများ ပြုံးစိစိဖြစ်နေကြလေ၏။

## ဝတ္ထုသရုပ်ဖော်ပုံ

လှတောသူတစ်စုသည် ရောင်စုံမဂ္ဂဇင်းစာအုပ် တစ်အုပ်ကိုတစ်ယောက် ဖတ်နေတာမြင်သောကြောင့် ခေါင်းချင်းဆိုင်ကာဝင်ရောက်ပြီး စုပြုံကြည့်ကြလေ၏။ ဆောင်းပါးသရုပ်ဖော်ပုံတစ်ပုံပေါ်လာလျှင် ...

"စောင်းကြီးဟဲ့၊ ကောင်းလိုက်တာ"

ဝတ္ထုသရုပ်ဖော်ပုံ ပေါ်လာသောအခါ ...

"အမယ်လေး သေနတ်ကြီးကကြောက်စရာ ကြီးပါလား"

နောက်ထပ် ဝတ္ထုသရုပ်ဖော်ပေါ်လာပြန်ရာ ...

'ဟယ်လှလိုက်တာဟယ်"

"အလိုလေး၊ ပါးစပ်ကလေး လှလိုက်ပုံများ ဆောက်နုံးနဲ့ထွင်းထားသလားမှတ်ရ"

အားရပါးရ ချီးကျူးလိုက်ရာ၊ အားရပါးရဝိုင်းဝန်း ရယ်မောကြလေ၏။





## ခလောက်ဥပမာ

ကြိုတင်ချိန်းချက်မထားဘဲ ရုတ်တရက် စုညီရောက်လာသောမိတ်ဆွေများကို ကျွေးမွေးရန် အိမ်ရှင်သည်ရုတ်တရက် ချက်ချင်းစီစဉ်လိုက်ရသော်လည်း ထမင်းပွဲမှာဖွယ်ဖွယ်ရာရာ စုံစုံလင်လင်နှင့်အဆင်ပြေလှသည်။ ထိုအခါ ကျိုးကန်းသား အိမ်ရှင်မှာကျေနပ်စွာဖြင့်

"ကြက်သားဟင်း ကြိုက်ရဲ့လား"

"ကြိုက်ပါတယ်၊ ငါးပိချက်လဲကောင်းတာပဲ၊ ငါးဟင်းလဲဆိုစရာမရှိပါဘူး"

အမေးခံရသူတိုင်းက ကောင်းသည်ပြောကြသော်လည်းနောက်ဆုံးတစ်ယောက်မှာမူ ...

"ဒါလောက်ကောင်းတဲ့ ဟင်းတွေကိုဆန်နီထမင်းကျွေးတာကတော့ ရာဇဝတ်သားနဲ့ တရားသူကြီးကို လက်ထိပ်တစ်ခုတည်းမှာ အတူတူတွဲခတ်ထားသလို နေတာပေါ့၊ ကြည့်မကောင်းဘူးဗျ"

ပြောလိုက်ရာ၊ ဝါးကနဲဝိုင်း၍ရယ်မောကြလေ၏။





www.burmeseclassic.com

www.burmeseclassic.com



## ဆင်ဖြူတော်ဝယ်မွေးမယ့်လူ

ချည်ပါသားတစ်ယောက်သည် လှတော့ရွာရှိ သူငယ်ချင်း အိမ်သို့ ရောက်ရှိလာ၏။ သူက အလည်အပတ်သက်သက် မဟုတ်ဘဲ ရောင်းချစရာ အဝတ်အထည်များလည်း ပါလာသေး၏။

လှတောသားက ထိုသူငယ်ချင်း အိမ်သို့ခေါ်လာခဲ့စဉ် လမ်းတွင် ဤသို့စတင်ပြောလေ၏။

"မင့်ကိုထမင်းလဲကျွေးပါမယ်သူငယ်ချင်း၊ မင်းမပြန်မချင်း ငါ့အိမ်မှာ တည်းခိုပါ။ သို့သော် ငါ့မိန်းမကမေးတဲ့အခါမှ မင့်အထည်ကို ဈေးမြှင့်ပြောပါ၊ ကြွေးမရောင်းပါနဲ့"

"အမှန်အတိုင်းပြောတော့ ဘာဖြစ်လဲ ..."

ထိုအခါ လှတောသားက ...

"အမှန်အတိုင်းပြောရင် ကြွေးရောင်းရင်မင့်မှာ ပါတာအားလုံး ငါ့အိမ်မှာပဲကုန်မယ်၊ ဘယ်မှသွားရောင်းဖို့မလိုဘူး"

ချည်ပါသားမှာ ရိပ်မိသလိုလို ရှိသွားကာမျက်လုံးပြူးပြီး "ဟာ" လို့အော်လေ၏။

*"အခုမှ ဟာနေသလားသူငယ်ချင်း၊ ငါ့မိန်းမက အကြွေးသာရမယ်ဆိုရင် ဆင်ဖြူတော်ကိုတောင် အိမ်အပြည့် ဝယ်ပြီး မွေးမယ့်မိန်းမဆိုတာယုံပြီလား"*

ချည်ပါသားမှာ သဘောပေါက်ပြီး ခွက်ထိုးခွက်လန် ရယ်မောတော့သည်။

ဖိုးရော



## အလုံခြုံဆုံးသောတံခါး

"ဟဲ့ မိန်းကလေးတွေ အိပ်ခါနီးရင်အဝင်တံခါးကို သေသေချာချာ ဂရုစိုက်ပြီးမှအိပ်ကြဟဲ့"

မိခင်အိုကြီးသည် အိမ်၏အကာအရံများ ဘယ်လိုဖြစ်နေသည်ကို သတိမထားဘဲ ထိုစကားကိုချည်း ထပ်တလဲလဲမှာကြားနေသည်။ ဘုရားရှိမခိုးခင်မှာသည်။ ဘုရားရှိခိုးအပြီး၌ မှာသေးသည်။ အိပ်ရာခင်းအပြီး၌ မှာကြားပြန်ကာ အိပ်ရာဝင်ပြီး အတော်ကြာမှပင် ထ၍မှာသေးသည်။

ထိုအခါ ဖခင်အိုကြီးမှာ စိတ်လည်းတိုလာသည်။ အိမ်၏ အခြေအနေကို သတိမထား။ အခြားအိပ်ပျော်နေသူရှိ မရှိမစဉ်းစား။ ထင်ရာတွေ စွတ်ပြောနေပါကလားလို့ ဒေါသထွက်သည့်အတွက် —

"ဟေ့ ...ဟေ့၊ တော်တော်ကြာ တံခါး၊ တော်တော်ကြာတံခါးနဲ့ ကုဋေကုဋာချမ်းသာတဲ့ သူဌေးအိမ်ကြီးလားမှတ်ရ။ သူ့အိမ်တခြင် ဘယ်ထရံကိုဖြဲဝင်ဝင် လူမပြောနဲ့ ဆင်တောင်ဝင်လို့ရနေတာကို တော်တော်ကြာကြာတံခါး၊ တော်တော်ကြာကြာတံခါးနဲ့ အမြင်ကတ်လာပြီ"

သူ့အမှားသူသိသောကြောင့် အမေအိုငြိမ်နေသည့်အတွက် သားသမီးနှင့်မြေးများမှာ ကျိတ်ပြီး ရယ်မောနေကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



## ဆိတ်ဆယ်ကောင်စာ

လှတောသားနှစ်ယောက်သည် ရန်ကုန်မြို့သို့ရောက်စဉ်တွင်မိုလ်တစ်ထောင်ဘုရားကြီးကို သွားရောက်ဖူးမျှော်ကြ၏။ ပြီးလျှင်စကားတပြောပြောနှင့်ပြန်လာရာ၊ အကြော်ဆိုင်တစ်ဆိုင်ကို တွေ့ရ၏။ အကြော်နံ့ကလည်းသင်း၊ လူကလည်းရှင်းသောကြောင့် တဲအတွင်း ဝင်ပြီးထိုင်ကြသည်။

ဆိုင်ရှင်သည် သူတို့မှာကြားသော မုန့်အကြော်များအပြင် အချဉ်ရည်၊ ကြက်သွန်မြိတ်၊ နံနံပင်နှင့် ဆလတ်များလည်းချပေးသည်။ လှတောသားနှစ်ယောက်သည် အကြော်စားရင်းရေနွေးသောက်နေကြစဉ် တစ်ယောက်ကတဲအပြင်သို့လှမ်းကြည့်ပြီး ....

"ဟိုဒံပင်အောက်မှာ တစ်ယောက်တည်းစားနေတဲ့ လူကိုကြည့်စမ်း"

သူထို့အလျှင် ရောက်နေနှင့်သူသည်မုန့်အကြော်ထက် ကြက်သွန်မြိတ်များ၊ ဆလတ်ရွက်များနှင့် နံနံပင်များကိုအချဉ်ရည်နှင့်တို့ပြီး တစ်အားစားနေရာ၊ ၎င်းကို သတိပြုမိသော ဒုတိယလှတောသားက ...

"*အလိုလေးလေး သနားစရာကောင်းလိုက်လေကွယ်၊ ဆိတ်ဆယ်ကောင်စာကို သူတစ်ယောက်တည်း စားနေလေရဲ့၊ တို့အရပ်သာ ဒီလူလာပြီးနေရင် ဆိတ်တွေငတ်ပြီး သေကုန်မှာပဲ*"





အကြော်သည်မှာ ဟိုဒံပင်အောက်ကလူ ကြားမှာစိုးသောကြောင့် ကျိတ်ပြီး ရယ်မောနေရှာလေသည်။

☺ ☺ ☺

## ကောသလစ်ဗိုက်

မြင်းမူမြို့ ကားဂိတ်သို့လှတောသားတစ်စု ရောက်လာကြ၏။ ကားထွက်မည့် အချိန်ကို ခန့်မှန်း၍မရသေးပေ။ သို့အတွက် ထမင်းဆိုင်သို့ အေးဆေးစွာလာရောက်ထမင်းစားကြသည်။

ထမင်းမစားလိုသောကြောင့် ကားပေါ်တွင်နှစ်ယောက်နေခဲ့သည်။ ထမင်းစားသူမှာ သုံးယောက်ဖြစ်၏။ ထမင်းဆိုင်ရှင်သည် ထမင်းဖိုး လက်ခံယူရင်းက လောကဝတ်သဘောနှင့် "စားလို့ကောင်းရဲ့လား" ဟု မေးသည်။

သုံးယောက်ထဲက အပိန်ဆုံးလူသည် ရှုနေသောဗိုက်ကို ပွတ်ကြည့်ကာ ...

"ကောင်းပုံများကတော့ဗျာ၊ လယ်ထွန်ရလွန်းလို့ ချပ်နေတဲ့ဗိုက် အခုမှပဲတင့်တောင်းတင့်တယ် ရှိပေတော့တယ်"

ထိုအခါ လှတောသားတစ်ဦးက ....

"အလိုလေး၊ ဒီဗိုက်လားတင့်တောင်တင့်ကယ်ရှိတော်၊ ဆိတ်တစ်ကောင်လုံးမျိုထားတဲ့ ကောသလစ်ဗိုက်ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



ဝါကလား"

ပသေနဒီကောသလမင်းမှာ ဆန်တစ်အိတ်နှင့် ဆိတ်တစ်ကောင်ပွဲတော်တည်လေ့ရှိသူဖြစ်ရာ၊ ယခုဆိတ်တစ်ကောင်ကိုပင် အပိုမျိုထားသည် ဆိုပြန်သည့်အတွက် အားရပါးရ ဝိုင်းဝန်းရယ်မောလိုက်ကြရာ၊ ရယ်မောသံများဆူညံသွားလေ၏။

## ဂုင်တွေတုန်လှချည်

လက်ဖက်ရည်ဆိုင်တွင် စုရုံးနေသောလှတောသား လူငယ်များ၏ မြင်ကွင်းထဲသို့ မိန်းကလေးအချို့ ဝင်ရောက်လာကြ၏။ လှတောသို့ အလည်အပတ်ရောက်လာပြီးနောက် ပြန်လည်ထွက်ခွာမည့်သူများဖြစ်၏။ ရယ်ကြမောကြပြောကြဆိုကြနှင့် ပျော်စရာကောင်းသည်။

၎င်းတို့ကို မျက်တောင်မခတ်ဘဲကြည့်နေသော လူငယ်တစ်ယောက်က ...

'ဟော့ ...ဟော့၊ မင်းတို့ကြည့်ကြစမ်း၊ စွတ်ကျယ်အင်္ကျီအဝါကိုဝတ်ထားတဲ့ အမျိုးသမီးမှာ အောက်ခံဘော်လီအင်္ကျီပါလား မပါဘူးလား၊ သေသေချာချာကြည့်ကြစမ်း"

ထိုအခါ အသက်ကြီးကြီးလူက ...





"အမယ်လေး သေသေချာချာ မကြည့်ပါရစေနဲ့၊ အခုရိုးရိုးကြည့်တာတောင် ဟိုမင်းသားက ငိုသလိုထိတ်ရရာ ခေါဘဝင်တုန်ရချေရဲ့ဆိုတာ ကျနေပြီ၊ ခေါရောရင်ရောအတုန်တုန်ပြီးခုန်နေလို့"

အားရပါးရ ပြောလိုက်ရာ၊ အားရပါးရရယ်မောကြသည်။

## ဒေဝဒတ်နဲ့နေပါရစေ

လှတောသား အမျိုးသားကြီးများသည် နှစ်သက်ဖွယ်ရာ အမျိုးသမီးများကို "ဇယ်" ဟုခေါ်တတ်ကြသည်။ ငယ်ရွယ်သူများကဲ့သို့ တောင်တောင်အီအီမခေါ်တတ်ကြပေ။

ဝက်လက်မှ ကားစီးပြီး လှတောသို့ကားနဲ့ပြန်လာကြသောလှတောသားကြီးများသည် အတူလာသောခရီးဖော်သူငယ်ချင်းတစ်ယောက်ကို ဝိုင်းဝန်းနောက်ပြောင်လာကြသည်။

ဝက်လက်မြို့ပေါ်တွင် ၎င်းလှတောသားကြီး အပါးသို့ "အစ်ကို အစ်ကို" ခေါ်ကာ အမျိုးသမီးတစ်ယောက်ကပ်လာ၏။ အဝတ်အစားကလည်း သပ်ရပ်၊ ရုပ်ရည်ကလေးကလည်း သနားကမား၊ အရွယ်လည်း အရွယ်ကောင်းမို့ အလိုက်အထိုက်စကားပြန်ပြောပြီးမှ မိန်းမလျာဖြစ်နေသောကြောင့် ထွက်ပြေးခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် "ဖယ်အထူးနဲ့ မြူးလာတဲ့မျက်နှာဆိုတာ ဒီလို ပဲ"ဟုစ သူကစ၏။ "အစ်ကို့ အစ်ကို့" ဟုလှောင်သူကလှောင်၏။

ဆက်ကာ ဆက်ကာအလှောင်ခံရဖန် များသောအခါ လှုံတောသားကြီးသည် သည်းမခံနိုင်တော့ဘဲ ......

"အလိုလေး၊ အဲဒီလိုခေါ်မယ့်အစား စိဥ္ဆမာနနဲ့ တစ်ငရဲ တည်းခံပြီး ဒေဝဒတ်နဲ့ ငရဲတစ်အိုးတည်း ကျပါရစေ"

စိတ်မချမ်းမသာနှင့် အားရပါးရ ပြောလိုက်ခြင်းဖြစ်သည့် အတွက် ခရီးဖော် မိတ်ဆွေများမှာ ကျေနပ်စွာရယ်မောကြလေသည်။

## လင်ငယ်နဲ့ချိန်းတဲ့အမျိုး

လှုံတောသားတစ်စုမှာ ရန်ကုန်သို့ရောက်ရှိလာခိုက်တွင် သူတို့လက်ရင်းထားသော၏ အသုဘနှင့် ကြုံသောကြောင့် မသာ တွင်ဝင်ရောက်ချည်းခ်နေကြရသည်။ အသုဘပို့ဆောင်ခါနီးတွင် ရောက်လာသူများ၏ မျက်နှာအမူအရာ စကားနှင့်ဝတ်ဆင်ပုံကို လှုံတောသားများ လေ့လာခွင့်ရကြ၏။

"အသုဘလာမေးတဲ့ မျက်နှာတွေက ဝမ်းနည်းပူဆွေးနေရ မယ့်အစား ဝမ်းသာလို့လာမေးတဲ့ ပုံမျိုးပါလား"

တစ်ယောက်က စလိုက်သောအခါ နောက်တစ်ယောက် ကလည်း ...





"အလိုလေး မသာဗို့မယ့်လူတဲ့၊ ဝတ်စားလာလိုက် တာ လင်ငယ်နဲ့ချိန်းတွေ့သလားမှတ်ရ"

သူတို့စကားကို ကြားရသူတိုင်း မှုပြုံးဘဲမနေနိုင်ချေ။

## ဆီသုတ်ထားတဲ့ဂျင်

ထမင်းဆိုင်ရှင် အမျိုးသမီးကြီးအနေနဲ့ ထမင်းလာစားသူမှာ ဘာလိုသလဲ ဆိုတာကြည့်ရ၊ ဖြတ်သန်းသွားသူတွေကလဲ ဝင်စား ချင်အောင် လှမ်းမေးရ ပြောရနဲ့အလုပ်များနေစဉ်မှာ ဆိုင်နားမှာလာ ကစားတဲ့ ကလေးတွေကို ငေါက်ငမ်းရတာကလဲ တစ်မှောင့်ပါ။

ဂျာလေးတွေအနေနဲ့ အမျိုးသမီးကြီး အော်တုန်းမှာ ရှေ့သွားကြပေမယ့် ခဏတော်ကြာရင် ပြန်ရောက်လာပါတယ်။ ဒီအထဲမှာ ဘောင်းဘီတိုကလေးပဲရှိပြီး အင်္ကျီမပါတဲ့ကလေးက ပေကတ်ကတ်နိုင်တယ်၊ ဆဲရင် ပြောင်ပြတယ်။ ရေနဲ့ပက်ရင် သိုင်းကွက်နင်းပြီး ရှောင်ပြတယ်။

ကြာတော့ အမျိုးသမီးကြီး စိတ်ဆိုးလာပြီး ...

"ဒီအထဲမှာ မျက်နှာအပြောင်ဆုံးပဲ၊ နင့်မျက်နှာ ပြောင်လွန်းလို့ လမ်းဘေးမှာ ရပ်ထားတဲ့ ကားသစ်ကလေး တောင် အရောင်မှိန်သွားတယ်၊ ထကတဲ ရွှံ့မျက်နှာကို ဆီသုတ်ထားသလားမှတ်ရ၊ ဘယ်လိုကလေးမှန်း မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားနေတဲ့ ခရီးသည်သုံးယောက်မှာ ထမင်းသီး အောင်ရယ်နေကြလေရဲ့။

## ငရဲမှာနေရာရှိသေးတယ်

လှေတောဘက်ကို ဦးတည်ပြီးမောင်းနေတဲ့ ဘတ်စ်ကား တစ်စီးအမောင်းကြမ်းပါတယ်၊ တစ်အားကွေ့တဲ့အတွက် ခရီးသည် တွေအရှိန်နဲ့ရွှေ့ကုန်တယ်။ လွင့်ကုန်တယ်။ ကျင်းတွေချိုင့် တွေပေါ်မှာ အရှိန်မလျှော့တဲ့အတွက် ခရီးသည်တွေရဲ့ ခေါင်းနဲ့ အမိုးနဲ့ဆောင့် မိတယ်။

ဒီအခါမှာ နံဘေးအောင့်သွားတဲ့ လှေတောသားတစ်ယောက် က ...

*"ဒရိုင်ဘာရဲ့ဖြည်းဖြည်း မောင်းပါကွယ်၊ မင်းတို့လို လူရမ်း ကားတွေအတွက် ငရဲမှာနေရာရှိပါတယ်၊ နေရာမရမှာ မပူနဲ့"*

ခရီးသည်တွေက အားရပါးရညာသံပေးပြီး ရယ်မောတော့မှ အရှိန်လျော့သွားပါတော့တယ်။





## မိတ္တဝိန္ဒဝင်စားတဲ့သူ

ဦးကြီးတစ်ယောက်သည် ခင်မင်ရင်းနှီးသော အခြားရွာသား ညီ့သည်တစ်ယောက်ကို ဖွတ်ထမင်းစားဖိတ်ကာ အိမ်သို့ဆွဲခေါ် လာ၏။

ရေနွေးအစရှိသဖြင့် ညှိခံစကားပြောရင်း ဖွယ်ဖွယ်ရာရာ ကျွေးမွေးရန်အတွက် သားဖြစ်သူကိုကြက်အချက်ခိုင်းသည်။ သားမှာ ကြက်ကိုချက်ရန် အသာထားဦး၊ ကြက်ကို ဖမ်း၍ပင်မရသေးချေ။ ကြက်ကိုမိနီးနီးဖြင့် တစ်နာရီပြီး တစ်နာရီ စောင့်ဆိုင်းခဲ့ရာ၊ အချိန် လင့်ပေပြီ။ ကြက်ဖမ်းသူလည်း မောမောနှင့် မီဖိုဘေးတွင် ထိုင်ပေပြီ။

ဖခင်သည် ညီ့သည်အား အားနာစွာဖြင့်ဝင် ထမင်း ကျွေးရင်း ....

"သူငယ်ချင်းရေ အချိန်လင့်နေတာနဲ့ ရှိတာကိုပဲသုံးဆောင် ပေတော့၊ ကြက်သားဟင်းချက်ရအောင် ကလေးကိုခိုင်းတာ မင်း ကံမကောင်းတော့ အခုကြက်ကိုရှာမတွေ့တော့ဘူး၊ ဘယ်ပုန်းနေတယ် မသိဘူး၊ ကြက်ကလည်လည် မင်းကံကနည်းနည်းနဲ့"

ကြက်လိုက်ရပြီး အမောသာအဖတ်တင်သောကြောင့် ညီ့သည်ကို အသားလွတ်မုန်းနေသော သားငယ်သည် ဖခင်၏ နှုတ်သိမ့်စကားကို ကြားလျှင် မကြားတကြားနှင့် ရေရွတ်လိုက်မှု ကျ်လိုဖြစ်ပေ၏။

*"ကံနည်းမှာပေါ့၊ မိတ္တဝိန္ဒ ဝင်စားသလားမသိဘာ"*

ဖိုးရာဇာစာအုပ်

www.burmeseclassic.com

www.burmeseclassic.com



မှတ်ချက်။ ။ မိတ္ထဝိန္ဒကသည် ဖြစ်လေရာဘဝတိုင်း၌ တော်ပြတ်မွဲတေပြီး နောက်ဆုံးဘဝမှာပင် ထမင်းဝအောင် စားမသွားရရှာသူဖြစ်၏။ ရဟန္တာတစ်ပါးသို့ ကပ်လှူရမည့် ဆွမ်းကို တောမီးလောင်ရာ၌ ဖွန့်ပစ်ခဲ့ဖူးသော အကုသိုလ် ဒိုင်ရှင်ဖြစ်၏။

## စီးကွက်လိုပဲနေတော့မယ်

လခစားအမှုထမ်းဖြစ်နေသော လူတောသားတစ်ယောက် အိမ်သို့ ရပ်ဝေးဧည့်သည် ရောက်လာသည်။ ထိုရက်မှာ လစာထုတ် ရက်ဖြစ်သောကြောင့် အားနာရန် မလိုဟုထင်နေသည်။ သို့ရာတွင် အထင်နှင့်အမြင် အများကြီးလွဲနေသည်။

ဧည့်သည်အား အိမ်ရှင်မနှင့် ကလေးတွေသာ ဧည့်ခံ ကျွေးမွေးကြသည်။ အိမ်ရှင်ကိုကား မတွေ့ရ။ သူ့ကိုယ်စား စာကလေး တစ်စောင်သာ ရောက်ရှိ၍လာပုံမှာ ...

"ဆရာခင်ဗျား"

"ကြွေးရှင်တွေ စီးကွက်ကို ကျိုးငှက်ဝိုင်းသလို တော နင်းပြီး ရှာနေကြတဲ့အတွက် သစ်ခေါင်းထဲမှာ ပုန်းနေရပါ တယ်၊ တစ်ရက်နှစ်ရက်လောက် ပုန်းနေပါရစေဦး၊ ကျွန်တော် မသိဘဲလဲ ပြန်မသွားပါနဲ့"






ဟူ၍ ရေးသားပါရှိသည့်အတွက် ဧည့်သည်မှာ ဖင့်ဆောင့်၍ ရယ်မောနေရလေ၏။

## နွားခပ်ကြီးများလား

ရွှေဘိုမြို့သို့ ရောက်လာကြသောလူတောသားများသည် တမ္ဘာလှည့်ခရီးသည်အချို့ကို ဈေးအနီးတွင် မြင်လိုက်သည်။

"အလိုလေး ဘုရားဘုရား၊ လူကောင်ကြီးတွေကဖြင့် လကွယ်၊ ဒီဈေးထဲမှာ လှည်းကဖြုတ်လွှတ်လိုက်တဲ့ စပ် နွားကြီးတွေ ယောင်ပေယောင်ပေနဲ့ လမ်းသလားနေသလား မှတ်ရ"

ချိုကစ်းကား သိဖားဖားကိုင်းထွားထွားနှင့် တိုင်းခြား မျိုးစပ်နွားကြီးတွေကို မြင်ယောင်ပြီး၊ ထွားကျိုင်းပုံယှဉ်ဟပ်လိုက် ခြင်း ဖြစ်ပေ၏။



www.burmeseclassic.com

www.burmeseclassic.com



## သီကြားမင်းရှုတော်ရှာလေပြီ

ထမင်း စားသောက်ပြီးနောက် လှတောသားများသည် ကုန်စိမ်းတန်းသို့ လျှောက်လာကြရာ၊ အမျိုးကောင်းသော မိုးမျှော်ငရုတ်သီးများကို မြင်ကြရ၏။

"ငရုတ်သီးတွေက ထွားပေါ့ကွာ" ဟု တစ်ယောက်က စလိုက်ရာ၊ ဈေးသည်က "ယာထဲမှာ ကျန်နေခဲ့တာတွေကဒါ့ထက် ရှည်လဲရှည်၊ တုတ်လဲတုတ်တယ်၊ မရွက်နိုင်လို့ထားခဲ့ရတာ"ဟု ဖြေသည်။

*"အလိုလေးကွယ်၊ တို့အိမ်ဘေးမှာ အလေ့ကျပေါက်နေတဲ့ မိုးမျှော်ငရုတ်သီးများ ရှည်လွန်းလို့၊ တာဝတိံသာ သွားထောက်နေတာနဲ့ သိကြားမင်း ကြောက်အားလွန်ပြီး၊ နတ်သက်ကြွေပါရောလား"* ဟုပြောလိုက်လေ၏။





## ဆေးထိုးအပ်နဲ့လက်ထပ်ခြင်း

ဇနီးသည်ချူချာသောကြောင့် ဆေးခန်းသို့မကြာခဏ လိုက်ပို့နေရသော လှကောသားသူငယ်ချင်းကမေးကြ၏။

"မင်းမိန်းမ ဘယ့်နှယ့်နေသလဲ"

"ဒီလိုပါပဲကွာ"

"ဆေးထိုးနေရတုန်းပဲလားဟေ့"

*"မေးမနေပါနဲ့တော့ကွာ၊ ငါနဲ့ကွာပြီးဆေးထိုးအပ်နဲ့ လက်ထပ်ပေးလိုက်ရ ကောင်းမလား စဉ်းစားမိတယ်"*

## မတူဂုင်မတူလေနဲ့

လှတောသားလူကြီးများသည် ကိုယ့်ရွာသားလူငယ်များကိုကြီးပွားစေချင်သည်။ တိုးတက်ကြစေချင်ကြသည်။ အနေနှင့် လူချွန်လူမွန်များ ပေါ်ထွက်စေချင်ကြသည်။ မျှော်လင့်သလို အားရှယ် ဖြစ်မလာသည့်အတွက် အောက်ပါအတိုင်း ညည်းညူကြသည်။

*"ပညာအရာနဲ့သာ ယှဉ်ရမယ်ဆိုရင်တော့ ကျီးကန်းသားနဲ့တောင် လှတောသားက ဒေဝဒတ်အဆင့်မီအောင် မနည်းကြိုးစားဦးမှာပါ"*



www.burmeseclassic.com

www.burmeseclassic.com



သူတစ်ပါးကို ပြောရာတွင် မညှာသလိုလို ကိုယ့်ကိုလည်း မညှာတာတတ်ကြပေ။

## နေရာမှန်

ထိုသို့ ညည်းညူနေစဉ် မှုလတန်းကျောင်းသားကလေး တစ်ယောက်သည် အဝကျယ်ပြီး အနားပြန့်သော ထန်းရွက်ဦးထုပ်ကြီးကို မျက်နှာဖျောက်အောင် ဆောင်းပြီး ဆိုင်ထဲဝင်လာရာ ...

"ဟာလိုလေးကွယ် ...ကလေးရဲ့၊ ဆင့်နားရွက်ကို ကြွက်မှာတပ်ပလေ" ဟုဆိုလိုက်လေ၏။

## တန်ကြေးကြီးပုံများ

နွားကောင်းကိုင်သော ဥနဲ့ဘုတ်ရွာသားလယ်သမားတစ်ဦး၊ နွားရောင်းမည့်သတင်းကြား၍ လှတောသားလယ်သမားတစ်စုသည် နွားဝယ်ရန် ရောက်သွားကြ၏။ နွား၏အမွေး၊ အသွေး၊ ခေါက်၊ အလျားခြစ်ခံ့ စသည်များကို ကြည့်ပြီးနောက် သွားကို ဖြဲကြည့်ကြ၏။

နွားကို ကြိုက်ပြီဖြစ်သဖြင့် ဈေးကိုမေးလိုက်ရာ နွားရှင်၏ အဆိုကြောင့် လှတောသားများ မျက်လုံးပြူးသွားကာ...





"ဟာလိုလေးကွယ်၊ နွားရောင်းဈေးကိုမေးလိုက်ပါတယ်၊ ဝေဿန္တရာမင်းကြီးရဲ့ ပစ္စယဆင်ဖြူတော်ကို အဆင်တန်ဆာ အလုပ်အကျွေးတွေနဲ့ ပေါင်းပြီးတန်ကြေး ပြနေပါလားကွယ်" ဟု တစ်ယောက်တည်းရေရွတ်လိုက်လေ၏။

## ခေါင်းလုံးများပုံက

လှတောရွာအောင်ပိုင်းတွင် ကျင်းပသောအလှူမှ ထမင်းစားပြီးပြန်လာသော မြောက်ပိုင်းသားတစ်ယောက်သည် အလှူလာသောလူများကို လမ်းတွင်တွေ့ရာ "ဘာကျွေးလဲ၊ စားလို့ကောင်းလား" စသည်ဖြင့် မေးကြ၏။ အလှူပြန်၏ အဖြေမှာ —

"အလှူမှာ ထမင်းစားမယ်ဆိုရင် ဒီအတိုင်းမသွားကြနဲ့၊ ဆန်ခါတစ်ချပ် ထမ်းသွားကြမှဖြစ်မယ်၊ တစ်ယောက်က ပါးစပ်ဟပြီးခံ၊ အဲဒါမှဖြစ်မယ်" ဟူ၍ ဖြစ်ပေ၏။



www.burmeseclassic.com

www.burmeseclassic.com



## မြွေပွေးကိုပဲနမ်းပါမယ်

ကားတစ်စီးသည် ရွှေဘို-ဝက်လက်နယ်စပ်အရောက်တွင်ရှာဖွေရေးက တားသောကြောင့် ရပ်ပေးလိုက်ရ၏။ ရှာဖွေရေးအဖွဲ့ဝင်များက "ဆန်ပါသလား"ဟု မေးလည်းမေး၏။ တက်ပြီးလည်းကြည့်၏။

ကားပေါ်တွင်ပါလာသော လူတောသားတစ်ယောက်၏ အဖြေမှာ ဤသို့ဖြစ်၏။

*"ဟလိုလေး၊ မြွေပွေးနဲ့နှုတ်ခမ်းချင်း စုပ်ရဲပါတယ်ဗျာ၊ ဆန်နဲ့တော့ ပလူးပလဲမလုပ်ရဲပါဘူး"။*

## ရှင်ခကုတ်ထဲမှာ

လူတောသားတစ်ယောက်သည် မန္တလေးမှအပြန်တွင် အင်္ဂလိပ်ရုပ်ရှင်ကား ကြည့်ခဲ့ရကြောင်း၊ ဓာတ်ကွက်ဓာတ်လမ်း လှုပ်ရှားမှုများ အံ့သြစရာကောင်းကြောင်းကို ထပ်ကာထပ်ကာပြောနေရာ....

"မင်းကလဲကွာ၊ ဒါပဲပြောနေတာပဲ၊ ဘာကဘယ်လို အံ့သြဖို့ကောင်းတယ်ဆိုတာလဲ ပြောဦးမှပေါ့"

သူငယ်ချင်းတစ်ယောက်က မေးလျှင် ....

*"ဟလိုလေး၊ အံ့သြဖို့ကောင်းများတော့ကွာ၊ ရုပ်ရှင်*






*ထဲမှာပါတဲ့ အင်္ဂလိပ်စစ်ဗိုလ်ကြီးရဲ့ အဝတ်အစားအသောင်အယောင်တွေက ကတ္တူကမြင်းကို ကကြိုးတန်ဆာ ဆင်ထားပုံနဲ့ တူလိုက်လေကွယ်ရို့"*

## ကြီးလိုက်တဲ့ဖျာနယ် ...

ဓာတ်ပွဲများသည် ရှုံဝင်ခကြီးမြင့်လာ၏။ ဖျာဈေးတက်လာ၏။ ဖျာအရွယ်အစားမှာမူ ပြောစရာမရှိ။

နာမည်ကြီးဓာတ်ပွဲ ကြည့်ပြီးခဲ့သော လူတောသားတစ်ဦးအား မကြည့်ရသေးသူများက ပွဲကောင်းလား၊ မင်းသားကောင်းလား၊ မင်းသမီးကောင်းလား စသည်ဖြင့် မေးမြန်းကြရာတွင် "ဖျာတော ရရဲ့လား" ဆိုသော အမေးလည်းပါ၏။

*"ဖျာလားရတော့ရပါရဲ့အေ၊ ရုံထဲရောက်လို့ တိုယ့်ဖျာ ကိုယ်လိုက်ရှာတော့ ဟလိုလေးဖျာတဲ့၊ ဆယ်ပြားစေ့နဲ့မှားနေတော့တာပဲအေ"*



www.burmeseclassic.com

www.burmeseclassic.com



## ပဲချပ်လောက်ပဲရှိပါတယ်

ထင်းကုန်သည်တစ်ယောက်သည် လက်ဖက်ရည်ဆိုင် အဝင်ဝတွင် စုပုံထားသောထင်းများကို စောင်းငဲ့ကြည့်ရင်း ဆိုင်ထဲဝင်လာ၏။

"ငါ့ထင်းကို မဝယ်ဘဲဘယ်ကထင်းတွေ ဝယ်ထားတာလဲကွ"

"ခင်ဗျားထင်းသုံးမယ့်အစား ကောက်ရိုးကို ခွဲခြားလုပ်ပြီး သုံးပါရစေဗျာ"

"မတရားမပြောနဲ့ကွာ၊ ငါ့ထင်းတွေဟာ မီးရထား ဘက်ကို စလီဖားတုံး အဖြစ်သွင်းပို့ထားကွာ၊ ခင်မင်တဲ့ လူတွေမို့ ထင်းအဖြစ်နဲ့ မင့်ဆိုင်ပို့တာကွ"

"ဟာလိုလေး စလီဖားတုံးတဲ့၊ ခင်ဗျားစလီဖားတုံးဆိုတာတွေဟာ သုံးပုံဖဲချပ်လောက်မှ မကြီးပါကလားဗျာ"

## မာလိုက်ပုံဂျယ်က ...

လူတောသားတစ်စု ရပ်ပြီးစကားပြောနေသော အိမ်ရှေ့မှလူတစ်ယောက်ဖြတ်လျှောက်သွားရာ စကားပြောနေသူများထဲမှတစ်ယောက်က အော်မေး၏။

"ဗျို့ ဦးလေး၊ မာရဲ့လားဗျ"

မာပါ့လကွယ်၊ စကျင်ကျောက်နဲ့ ထုထားတဲ့ ဗီဝကထက်





တောင် မာလိုက်ချင်သေးသကွယ့်၊

အတုမရှိသော ဆေးဆရာကလည်းမာ၊ စကျင်ကျောက်ကလည်းမာရာ အလွန်ကောင်းသော သုံးနှုန်းပုံဖြစ်ပေ၏။

## လာဘ်ပေးရမှာ ဇောတိက

လုပ်ခရှင်းလာသော အလုပ်သမားများသည် တစ်ယောက်တစ်ပေါက်ပြောရင်း အကြော်ဆိုင်တွင် ဝင်ထိုင်ကြသည်။ တစ်ယောက်က အကြော်မှာပြီး ရေနွေးပန်းကန်ငှဲ့ သောက်လိုက်ရာက ...

"ဒီလိုမတရားလို့လဲ သူတို့မှာဒီလောက် ချမ်းသာနေတာ ထင်ပါရဲ့"

"တို့သူဌေးအကြောင်းတော့ မပြောမနေနဲ့ဟေ့၊ လာဘ်ပေးရမှာဖြင့် ဇောတိကကွ၊ အလုပ်သမားကို လုပ်ခရှင်းပေးတဲ့ အခါကျမှ ကုဗ္ဗုရုဇ္ဇ"ဟု တစ်ယောက်က ဖြတ်ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



## အနမ်းခံရမှာစိုးလို့

သားယောကျ်ားကလေးတွေ မွေးထားရသော်လည်း ကျားကျားလျားလျားမရှိ၊ ကုပ်ချောင်းချောင်းနှင့် စိတ်ပျက်ဖွယ်ကောင်းသည်တွင် လုံချည်နွေးချေသိမ်းဝတ်ကာ ဆံရှည်ကျောဝဲနေသောသားအားဖခင်သည် ကြည့်မရပေ။ ယခုသနပ်ခါး အဖွေးသားဖြင့် အပြင်ထွက်ရန် ပြင်နေသောအခါ ...

"ဟဲ့သမီးတို့ ခါးတောင်းကျိုက်၊ တုတ်ကိုယ်စီ ဆွဲပြီး ညည်းတို့အစ်ကိုကို လိုက်ပြီးစောင့်ရှောက်ကြစမ်း၊ လမ်းမှာဖက် အနမ်းခံရမှာ စိုးရတယ်ဟဲ့" ဟုအော်ပြောနေလေ၏။

## မီးထွက်တဲ့ဖင်

တပည့်ကျောင်းသားများအပေါ်တွင် တတ်စေချင်တော်စေချင်သောဆရာက ရေတနာဖြင့် အချိန်ပိုသင်ပေးသော်လည်း တပည့်များမှာ ရှုံ့မဲ့ပြီးလိမ်ပိန်နေကြ၏။ အတန်းလွှတ်လိုက်သောအခါ အပြင်မှအခြားအတန်းမှ ကျောင်းသားက "နောက်ကျလှချည်လား" ဟု ဆီးမေး၏။

ယခုမှ ထွက်လာသောကျောင်းသား၏ အဖြေမှာ ...

*"ဟလို လေးလေး၊ တို့ဆရာသင်ပုံကတော့ ထိုင်ရလွန်းလို့ ဖင်အိုးခွက်က မီးထွက်နေပါပြီကွာ၊ ဆေးလိပ်မီးတို့ချင်ရင် ငါ့ဖင်မှာသာလာပြီးတို့ပါတော့"* ဟူ၏။





## နွားဂို့လှပုံ

လှတောသား လယ်သမားများနွားဝယ်ရန် ရောက်လာကြသည်။ နွားကြည့်ကျွမ်းကျင်သူကလည်း ပါသဖြင့်နွားကောင်းဖြစ်သည်မှာ သေချာပြီ။

"နွားအလှတတော့ ဒီနယ်မှာစံတင်ထားရတဲ့ နွားပါဗျာ" ဟုနွားရှင်ကဆိုရာ၊ နွားကြည့်သော လှတောသားကဤသို့ပြောလိုက်လေ၏။

*"ဟုတ်ပါ့ခင်ဗျား၊ ဟိုရုပ်ရှင်မင်းသားကို ချူဆွဲပြီး ဆင်ပေးတောင်မှ ဒီနွားရဲ့အလှကို မမီပါဘူးဗျာ"*

## မိန်းမချောလှတိုးမိတော့

ဘုရားပွဲတော်တွင် မျက်လှည့်ရုံတွင်းမှ တစ်ပွဲပြီးသော ကြောင့်လူများတိုးဝှေ့ထွက်လာကြ၏။ သားနားစွာ ဝတ်ဆင်လာသော ဖြူဖြူဖွေးဖွေးမိန်းမတစ်ယောက်သည် ထိုလူအုပ်၏ အတိုးခံရသောကြောင့် မျက်နှာရှုံ့မဲ့သွား၏။

ဤသည်ကို မျက်လှည့်ရုံဝမှလှတောသားတစ်ယောက်က မြင်လိုက်ရာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟလိုလေးကွယ်၊ ရှုံမဲ့နေလိုက်တဲ့မျက်နှာ၊ ရှုံ့ဖွက်ထဲမှာ လှနှင်းခံရတဲ့ တည်ငါးသီးအဖွဲ့နဲ့တူလိုက်တာ" ဟု အားရပါးရ ပြောလေ၏။

## မြွေမြို့တော်

မိုးတွင်ရေလာနေသည်။ လုတောသားလယ်သမားများသည်ရေကို အလုညီကျလယ်ထဲသို့ ရေသွင်းနေကြရသည်။ ထိုအခါညပိုင်းတွင် ရေသွင်းခွင့်ရသည့် လယ်သမားလူငယ်များသည် လယ်ထဲသို့သွားရန် တမျော်တပါးပြင်ဆင်ကြရာ မိခင်က မြွေမိုးရိမ်သဖြင့် မာတ်မီးယူသွားရန် သတိပေး၏။ သားကမယူ ချင်။ ထို့ကြောင့် မိခင်က ပြောလိုက်ပုံများ ...

"ယူသွားမှ ဖြစ်မယ်ဟဲ့၊ ဒီအချိန်မှာ မြွေပေါ်လိုက်ပုံကတော့ မြွေတွန်သံတွေဟာ ကာလသားတွေတန်းစီပြီး ပလွေမှုတ်နေသလားမှတ်ရ" ဟူ၍ဖြစ်၏။





## ကိုယ့်အတွာနဲ့ကိုယ်

မိုးသားတိမ်လိပ်တွေ တက်လာသော်လည်း မိုးမရွာဘဲ တစ်ဖြည်းဖြည်း ဝေးပြီးပြယ်သွားသည့်အတွက် လူငယ်တစ်ယောက်က ....

"အချို့တိုင်းပြည်တွေမှာတော့ အခုလိုမိုးသားရှိပြီး မရွာရင် မိုးသားပေါ်ကနေ ရေခဲမှုန်တွေ ဖျန်းချသတဲ့။ ကျုပ်တို့လဲ ဒီလိုလုပ်ရင် ကောင်းမယ်ဗျ"

ထိုအခါ လူကြီးတစ်ယောက်က ...

"ကိုယ့်အတွာနဲ့ကိုယ်ပေါ့ကလေးရယ်၊ ခေါင်းဦးကို စာသူငယ်ဝပ်ရင် ရင်ကွဲသလို စာဥကိုခေါင်းဝပ်ရင်လဲ ဥကွဲသတဲ့၊ တို့လဲတစ်နေ့တော့ ဖြစ်ရမှာပေါ့" ဟု ပြောလေ၏။

## လုပ်ဂုဏ်ပါ ...ဂုန်ကုန်မြင်ဂုယ်

မိုးရာသီတွင် မိုးများသော ရန်ကုန်ဒေသသို့ ရောက်ခဲ့သော လုတောသားတစ်ယောက်သည် ရွာသို့ပြန်အရောက်တွင် ဤသို့ ပြော၏။

"ဟလိုလေး၊ ရန်ကုန်မြင်ကိုက်ချက်ကတော့ ကောင်းလေလက်ပတ်ချုံထဲ ကျွမ်းပစ်လဲတဲ့လူ ဆူးခြစ်ရာတွေရှိနေသလို ကစ်ကိုယ်လုံးခြင်ဖုနဲ့ ကုတ်ရာချည်းပေါ့ဗျာ"

ပိုးရာဇာစာအုပ်

www.burmeseclassic.com

www.burmeseclassic.com



## ကောင်းလိုက်တဲ့ကက်ဆက်

အလှူတွင်အသံရဲ့စက်နှင့်ပါလာသော ကက်ဆက်ပျက်သွားသည်။ နားညည်းသည့်အရသာ အဖျက်မခံလိုသော ကာလသားများသည် ရွာထဲမှကက်ဆက်တစ်လုံးကို ယာယီပြေးဆွဲရန် စီစဉ်ကြရာ မည်သူ့ကက်ဆက်ကောင်းကြောင်း၊ မည်သူ့ကက် ဆက်ညံ့ကြောင်းသို့ ရောက်သွားရာ ...

*"ဟလိုလေးကွယ်၊ အဲဒီလူကက်ဆက် ညံ့ချက်များတော့ ညအချိန်များဖွင့်ထားရင် ဒန်အိုးဖုံးကို ခွေးသူခိုးလှန်ချတဲ့အသံအတိုင်းပဲကွာ၊ သူ့ကက်ဆက်တော့ မယူကြပါနဲ့"* ဟု တစ်ယောက်က ကန့်ကွက်လေသည်။

## မိုးဦးကျတဲ့အခါလို

အိမ်ရှေ့တွင်ကလေးတွေ စီနေသည်။ ထမင်းဆာသည် မှုသူပုပု၊ မုန့်ဖိုးတောင်းသူတောင်းဖြင့် ညံ့နေစဉ်ညည်းသည်များ ရောက်လာရာ ထိုကလေးများကို ကြည့်ပြီး ထိတ်လန့်သွားကြ၏။

"ဟလိုလေး များလိုက်တဲ့ကလေးတွေရယ်၊ မိုးဦးကျမှိုတွေပေါက်နေသလားမှတ်ရ၊ ဒီအင်အားစုကြီးကို မင်းရတဲ့လခလေး နဲ့ဆိုရင် ရေခဲယ်တိုက်လို့တောင် ပေါ့မလားသူငယ်ချင်းရယ်"





## သိဒ္ဓတ္ထသင်ယူသွားသောလေးအတတ်

ကားဂိတ်တွင် သားရေခွကိုင်ကလေးများ ရောက်နေကြသည်။ သူတို့သည် တွေ့မရှောင် အကုန်ပစ်သော်လည်း မမိချေ။ စိုင်းနိုင်သားတစ်ယောက်သည် ကွမ်းယာဝယ်စားနေရာက ...

"ညံ့ပါ့ကွာ၊ ဒါနဲ့များဗတ်ခွကိုင်ရသေးလား" ဟု အပြစ်တင်၏။

ထိုအခါ အပြောမခံနိုင်သော လူတစ်ယောက်က ...

*"အမယ် ကလေးတွေကတကယ်မပစ်လို့ပါ မောင်ရာ၊ လှုတောသားများ ဗတ်ခွဘယ်လောက်တည့်တယ်၊ တော်တယ်ဆိုတာ မောင်ရင်မကြားဖူးသေးလို့ ဒီလိုပြောတာ၊ သိဒ္ဓတ္ထမင်းသားတောင် လေးအတတ်ကို လှုံတောသားဆီကသင်သွားရတာငါ့လူရာ"* ဟုဝင်ပြောလိုက်လေ၏။

## ဓါးခုတ်ကောင်ကိုမီးတို့သောအခါ

ထိုအမျိုးသမီးမှာ ဓမ္မလေးမှလှုတောသို့ပြန်လာသော လှုတောသားများနှင့် တွေ့တတ်ပေသည်။ လှုတောသားများနှင့် ကပ်လျက်နေရာရပြီးနောက် မကြာမီကားထွက်လာရာ၊ ကားဆောင့်၍ ထိမိတိုးတွန့်တွန့်သွားသည်။ စစ်ကိုင်းအဝင်တွင် "ဘယ်နှယ့်ကြောင့်တိုးတိုးနေရတာလဲ" ဟု ရန်တွေ့တော့သည်။ "မတိုးပါဘူး၊ ကားက



www.burmeseclassic.com

www.burmeseclassic.com



ရှုတ်တရက်ရပ်လို့ပါ"

"ဘာမှတ်နေသလဲ"

လှတောသား၏စိတ်က သည်းခံနေသော်လည်း ဝသီက မနေတော့ပါ။

"ဘာမှတ်ရမှာလဲ၊ ဝါးခုတ်ကောင်မှတ်တာပေါ့၊ ခင်ဗျားကိုပစ်မှားပေလို့ ခင်ဗျားယူမိတယ်လူဟာ မသာအလောင်းပိုက်သလို ဖြစ်သွားမယ်သိလား၊ ဒါနဲ့များတွန့်တွန့်သွားလိုက်တာ ဝါးခုတ်ကောင်မီးနဲ့ ဟို့သလားမှတ်ရ"

## လိုချင်လွန်းလို့

လှတောသူ မိခင်အိုကြီးအနေနဲ့ သမီးဖြစ်သူ နေမကောင်းဘူးကြားတဲ့အတွက် မုံရွာမြို့ကိုအပြေးအလွှား ရောက်လာပါတယ်။ သမီးကိုမြင်ရတဲ့အခါ ဖီးလို့လိမ်းလို့ ရယ်ရယ်မောမော ထူထူထောင်ထောင် မြင်ရတဲ့အတွက် အမော ပြေသွားလေရဲ့။

"အမေဖြင့်ကွယ် ပူလိုက်ရတာမီးပုံထဲလိမ့်ကျသလား မှတ်ရတယ်၊ အခုဘယ်လိုနေသေးလဲ၊ ဘာဖြစ်တာလဲ"

သမီးက တိုးတိုးလေးကပ်ပြောလိုက်တယ်။

သမီးရဲ့စီးပွားရေးက အလားအလာကောင်းပြီး လက်ရှိအခြေအနေကလဲ ပြည့်စုံတဲ့အခြေအနေပါ။ ဒီလိုသူတို့သမီး ဗွီဒီယိုတိုက်၊ ကက်ဆက်၊ တိုက်တာ၊ ကားနဲ့ရွှေငွေ အဝတ်အစား ပြည့်စုံပေမယ့် သားသမီးမပြည့်စုံဘူး၊ အိမ်ထောင်သက် ကိုးနှစ်အတွင်းမှ သားသမီးလိုချင်ခါမှ မရ။

အဲဒါတွေအားလုံးကိုသိထားတဲ့ မိခင်အိုက သမီးဖြစ်သူတိုးတိုးကပ်ပြောတဲ့ စကားအဆုံးမှာ .....

"သားသမီးလိုချင်လို့ ရူးနေတဲ့လူကိုမှ ကလေးဖျက်ရတယ်လို့အေ၊ ကာကဝလ္လိယအိမ်ကို သူခိုးခိုးတယ်ဆိုတာထော်ဦးမယ်"

ကာကဝလ္လိယဆိုတာ မြေကြီးပေါ်မှာနေပြီး အုတ်ခဲကိုခေါင်းအုံးအိပ်ရတဲ့ လင်မယား။ အဲဒီလင်မယားမှာမှ အဝတ်တစ်ဆည်တည်းပဲရှိတဲ့ သူဆင်းရဲ၊ အဲဒီအိမ်ကို သူခိုးခိုးခံရတာနဲ့ နှိုင်းလိုက်တဲ့အခါကျတော့ စာပေဗဟုသုတ အတန်အသင့်ရှိတဲ့ သမီးအနေနဲ့ လိမ့်နေအောင် ရယ်မောရပါတယ်။

''ကြွေးရှင်တွေ ဇီးကွက်ကို ကျီးငှက်ဝိုင်းသလို တောနှင်းပြီးရှာနေကြတဲ့အတွက် သစ်ခေါင်းထဲမှာပုန်းနေရပါတယ်၊ တစ်ရက်နှစ်ရက်ပဲ ဆောက်ပုန်းနေပါရစေဦး၊ ကျွန်တော်မသိဘဲလဲ ပြန်မသွားပါနဲ့





www.burmeseclassic.com

www.burmeseclassic.com



## မျှော်ဂုဏ်ပုံဂုဏ်က

လှတောရွာမှာ ချေးသည့်ရှိတယ်။ မြင်းလှည်းသမားကားသမားရှိတယ်။ ဆန်စက်အလုပ်သမား၊ စပါးဒိုင်အလုပ်သမားရှိတယ်။ သို့သော်လည်း အဓိကစီးပွားရေးမှာတော့ လယ်ယာစိုက်ပျိုးရေး လုပ်ကိုင်ခြင်း။

လှတောသား လယ်သမားတွေရဲ့ အားကိုးအားထားပြုရတဲ့ ရေကမိုးရေမဟုတ်ဘူး။ မူးမြစ်မှဆည်မြောင်းနဲ့ သွယ်ယူတဲ့မြောင်းရေသာ ဖြစ်တယ်။ လယ်ယာသီးနှံက သူ့ရာသီသူ့ အချိန်အခါနဲ့ စိုက်ပျိုးလုပ်ကိုင်တဲ့အတွက် မြောင်းရေလာချိန် တန်လို့မှမလာရင် ဆည်မြောင်းရေကို ရှည်းစားမျှော်သလားမျှော်ရရဲ့။

အခုလဲဆည်မြောင်းရေ တသွင်သွင်စီးပြီး လာနေရာက ပြတ်သွားတဲ့အတွက် လှတောသားလယ်သမားတွေ ဆည်မြောင်း ရေကို မျှော်ကြရပြီး အချိန်မီမှပြန်လာပါ့မလား။ နောက်ကျမှ လာရင်တော့ အခက်ပဲအစရှိတဲ့ ပူပန်စိတ်အပြည့်နဲ့ပေါ့။

မကြာမီ "မြောင်းရေလာပြီဟေ့" ဆိုတဲ့ အသံကိုကြားတဲ့အခါ လယ်သမားတိုင်း အပြေးလာပြီး ရေသွင်းကြတာပေါ့။ ရေလိုနေတဲ့ လယ်ကွင်းထဲကို ရေသွင်းကြတာပေါ့။ ရေလိုနေတဲ့ လယ်ကွင်းထဲကို ရေသွင်းတာက ချောပြောင်နေတဲ့တွင်းထဲကို ရေသွင်းသလို ဘယ်ဟုတ်မလဲ။ လယ်တစ်ကွက်မှာ ရေပြည့်ဖို့က အလွန်ကြာတာပဲ။





တချို့လဲ လယ်ကွက်သေးသေးကလေး တစ်ကွက်။ တချို့လဲ တစ်ဝက်လောက်ပဲသွင်းရသေးတယ်။ မြောင်းရေပြတ်သွားပြန်ပြီ။ ဟာ ဒုက္ခပါပဲ ညည်းသူညည်း၊ စိုက်ချိန်နောက် ကျတော့မှာပဲ ပြောသူပြောပေါ့လေ။

တစ်နေ့လာနိုးတစ်နေ့လာနိုးနဲ့ မျှော်နေလိုက်ကြတာ၊ သုံးရက်ကြာရှိသည့်ထိ နောက်ထပ်တစ်ဖန် မြောင်းရေမလာတဲ့ အခါမှာတော့ မြောင်းဘောင်ပေါ်မှာ တန်းစီပြီး ထိုင်နေတဲ့လယ် သမားတွေထဲက တစ်ယောက်က ...

"အလိုလေးကွယ် ....ဆည်ရေရဲ့၊ ဆည်ရေမလာငို မျှော် ရလွန်းတာနဲ့ လူတွေရဲ့ လည်ပင်းလဲ သစ်ကုလားအုတ် လည်ပင်းဖြစ်ပြီ၊ လာမယ့်လာတော့လဲ လူနာဆေးသွင်း သလား မှတ်ရတယ်ဟေ့"

မကြည်မရွှင်ဖြစ်နေသူမှာ အခုမှပဲ ရယ်မောမိကြတော့ တယ်လေ။

**"အလိုလေး၊ ခင်ဗျားတို့ဘက်က မိုးကအော ဟုတ်သေးလဲ၊ လှတောမှာရွာတဲ့ မိုးကမှ [illegible] ကောင်းလွန်းလို့ ဖြုပ္ပာနှစ်ဆယ်က ဖြု[illegible] ရေကူးနေကြရပါကလား"**

www.burmeseclassic.com

www.burmeseclassic.com



## အလောင်းစည်သူမင်း၏မြင်း

လူတွေသုံးစွဲနေတဲ့မြင်းထဲမှာ မြင်းကျားအလွန်ရှား ကယ်။ ကျောစီးတဲ့မြင်းပဲဖြစ်ဖြစ်၊ မြင်းလှည်းမှာသုံးတဲ့ မြင်းပဲဖြစ်ဖြစ် မြင်းကျားမရှိသလောက်ပါပဲ၊ မြင်းနီ၊ မြင်းနက်၊ မြင်းဖြူ၊ ဒါပါပဲ၊ ကျားချင်ရင်လဲ ဝမ်းဗိုက်မှာ အစက်ကလေး၊ ထိပ်မှာ ရင်အုပ်မှာ နည်းနည်းပါးပါးပါပဲ။

လှတောသားတွေအနေနဲ့ မြင်းလှည်းကိုနေ့တိုင်းထိတွေ့နေရတဲ့အတွက် မြင်းကိုအမြင်မစိမ်းဘူး ဆိုရပါလိမ့်မည်။ ကနေ့သူတို့မြင်ရတဲ့ မြင်းကတော့ လူတိုင်းအာရုံစိုက်ရသည်အထိ ကျားနေတယ်။

"ဘယ်က မြင်းလဲကွ"

"တောင်ပိုင်းက မြင်းပါ"

"အလောင်းစည်သူမင်းကြီး ခေါင်းပေါင်းကျားပေါင်းပြီး တူးရှင်းတောင်ခြေမှာ စီးခဲ့တဲ့မြင်းထင်တယ်ကွ"

တစ်ယောက်က စလိုက်တဲ့အတွက် တသောသော ရယ်မော ပြီးနောက် နောက်တစ်ယောက်ကလည်း ...

"ပြတိုက်ထဲမှာ ထားတဲ့အလောင်းစည်သူမင်းကြီးရဲ့ မြင်းကို ခိုးလာတာ ဖြစ်ရမယ်။ ခြောက်တစ်နဲ့တော့ တန်းနေတာပဲ"

ရယ်မောသံတွေ ညံနေဆဲမှာပဲ မြင်းကျားတပ်တဲ့ မြင်းလှည်းက တောင်ပိုင်းကမြောက်ပိုင်းကို မောင်းလာပြန်တယ်။ တစ်ချိန်လုံး ငြိမ်နေတဲ့ လှတောသားတစ်ယောက်က မြင်းကို မျက်တောင်မခတ်ဘဲ





စိုက်ကြည့်ပြီး၊

"မှလိုက်တဲ့မြင်းကွ၊ ခွေးလားမှတ်ရတယ်ဟာ"

ကားလားစောင့်တဲ့ ခရီးသည်တွေဟားတိုက် ရယ်ဝေမယ့် သူမရယ်ဘူး။ သူ့တာဝန်က ရယ်ဖို့မဟုတ်၊ ပြောဖို့ပဲဖြစ်တဲ့အတွက်..

"ကျားလိုက်ပုံများကလဲကွယ်၊ နွားနက်ကို ထုံးရေနဲ့ ပက်ထားသလားမှတ်ရ"

ဟုတ်ပါတယ်၊ ရှားပါတဲ့နွားပြောက်များ၂၇ အနက်ပေါ် အဖြူပြောက် အဖြူစက်တွေ ကြဲပက်ထားသလိုပြောက်ကျားနေတာကလား။ ခရီးသည်တွေကတော့ တဟားဟားဟား ရယ်မောမဆုံးကြပါဘူး။

## ဘာများလဲလို

မြို့ကြီးတစ်မြို့ကို လှတောသားတစ်စု ရောက်လာပါတယ်။ မြို့ခံမိတ်ဆွေက အရေးတယူကြိုဆို ဧည့်ခံကြတယ်။ လှတောရွာနေ မိတ်ဆွေများရဲ့ အကြောင်းကိုမေးမြန်းစုံစမ်းရင်းနဲ့ ရယ်ရယ်မောမော တသောသောပါပဲ။

ခဏနေတော့ အိမ်ရှင်ကပြောတယ်။

"စတိတ်ရှီးလက်မှတ် ဝယ်ထားရတာနဲ့ ဦးကြီးတို့ကြိုရောက်တာနဲ့ အတော်ပဲ" တဲ့။

အေးအေးဆေးဆေး တစ်ညနေလုံးအပန်းဖြေအားလှ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရလို့ ဦးကြီးတွေ လန်းဆန်းလာကြတယ်။ ရေမိုးချိုးအပြီး ထမင်းစားပြီး အတော်ကြာတော့ စတိတ်ရှိုးကျင်းပတဲ့ နေရာကိုရောက်လာကြတယ်။

စတိတ်ရှိုးကျင်းပတဲ့နေရာက လူသွားလူလာ စည်ကားတဲ့ကားလမ်းကို ပိတ်ထားတာကလား။ ကားကိုပိတ်ထားလို့ ရပေမယ့် ခြေကျင်သွားတဲ့သူကိုတော့ ပိတ်မထားဘူးလေ။ အဲဒါကြောင့် ပွဲခင်းထဲဝင်ရတာ အတော်ခက်ခဲတယ်။ တိုးဝှေ့ တိုးကြိတ်ပြီး ဝင်ရတာမဟုတ်လား။

ပွဲခင်းရဲ့ဘေးမှာ သုံးထပ်၊ လေးထပ်တိုက်ကြီးတွေရှိထားတဲ့အတွက် ဦးကြီးက မော့ကြည့်ပြီးပြောပါတယ်။

"အလိုလေးကွယ် ခင်းတို့စတိတ်ရှိုးနေရာပ တောင်ကြားထဲကလှည်းလမ်းမှာ လာပြီးကျင်းပနေသလား မှတ်ရ"

ရှေ့မှာ၊ နောက်မှာ၊ ဘေးမှာ ပရိသတ်တွေရှိနေတယ်။ အဲဒီလူတွေက ဟားတိုက်ပြီးရယ်မောကြတာပေါ့။

ဘာပဲဖြစ်ဖြစ်လေ၊ ဦးကြီးသုံးယောက်အနေနဲ့ ပွဲပြီးအောင်ကြည့်ပါတယ်။ ကြည့်ပြီးလို့အိမ်လဲ ပြန်ရောက်ရော ပြောပါတော့တယ်။

ပထမစတင်တဲ့ဦးကြီးက၊

"စတိတ်ရှိုးဆိုလို့ ဘာပါလိမ့်မှတ်တယ်၊ လက်စသတ်တော့ အသံမကောင်းတဲ့ လူတွေကုန်းအော်တဲ့ ပွဲပါကလား"





ဒီအခါ ဒုတိယဦးကြီးက ..

ဒုန်း ...ဒုန်း ...ဒုန်းဆိုတဲ့အသံကြီးကလဲ မြည်လိုက်သေးကွယ်၊ ဗုံးကြဲနေသလား၊ အမြောက်နဲ့ ထုနေသလားမှတ်ရ

နောက်ဆုံးဦးကြီးကတော့ ...

"ဘင်တီးတဲ့နေရာက လူကိုကြည့်ရတာ သူ့အစားမောလိုက်လေကွယ်၊ ကျေးတောခွေးရေကူးနေသလားမှတ်ရ"

အိမ်ရှင်မြို့သားကြီးမှာ အတော်စိတ်ညစ်သွားပေမယ့် စိတ်ညစ်ညစ်နဲ့ပဲ ရယ်မောနေရှာလေရဲ့။

## အကြီးဆုံးသောမီး

မန္တလေးမီးကြီး လောင်ကျွမ်းနေဆဲမှာပဲ မန္တလေးမြို့နဲ့ အဆက်အသွယ်ရှိသူတွေ၊ အမျိုးအဆွေရှိသူတွေ၊ မိတ်သင်္ဂဟရှိသူတွေ အပြေးအလွှား ရောက်လာကြတယ်။ ရောက်လာပေမယ့် အနီးအနားကို လာခွင့်မရဘူး။ အဝေးကပဲ ကြည့်နေရတယ်။

အဝေးကကြည့်နေရပေမယ့် တက်လာတဲ့ မီးခိုးလုံးကြီးတွေ၊ မီးတောက်ကြီးတွေကို ကြည့်ပြီးစိတ်နှလုံးညှိုးချုံးကြေကွဲ ကြရတယ်။ ဒါပဲတတ်နိုင်ကြတာကလား။ ဒီအထဲမှာ သယ်ကြ ပိုးကြ၊ ပြေးကြ လွှားကြတဲ့လူတွေကို မြင်ရတဲ့အခါမှာတော့ လှတောသားလေးသာ လှုပ်ရှားလာတယ်။



www.burmeseclassic.com

www.burmeseclassic.com



'အလိုလေးကွယ့်များလိုက်တဲ့လူတွေ၊ မြန်မာပြည်တစ်ပြည်လုံးကလူတွေ မန္တလေးတစ်မြို့ထဲမှာ စုနေကြရော့သလားဟဲ့'

"ပြေးရင်းလွှားရင်းနဲ့ ကြားတဲ့လူတိုင်း မရယ်ဘဲမနေနိုင်ဘူး"

ဒါနဲ့ပဲ ကားစီးပြီးပြန်လာကြရင်းနဲ့ ကားပေါ်မှာ ပြောလာကြတယ်။ ပထမလူက ညည်းညည်းညူညူနဲ့၊

"အင်း ဝက်လက်မီးကြီးတယ်ကြီးတယ်နဲ့ မန္တလေးမီးကိုတော့မမီသေးဘူး၊ မန္တလေးက စံချိန်ချိုးသွားပြီ"

"အမယ် ဝက်လက်မီးလဲကြီးတာပဲနော်၊ ညကြီးသန်းခေါင်လောင်တဲ့ဝက်လက်က မီးရောင်နဲ့ထပြီး ကျုပ်တို့အိမ်ကကလေးတွေ စပါးလုံးရွေးတာ သုံးတင်းရတာယ်"

ဒီအခါမှာ တတိယလူက ...

"ရွှေဘိုမီးကော၊ ရွှေဘိုမီးက ဝက်လက်မီးထက်ကြီးတာပေါ့၊ ဖိုးလမင်းကိုမှိုင်းစွဲနေလို့ လေးငါးရက်ဟာ ဘယ်မှာလသာတော့လဲ"

ပထမလူက ပြန်ပြီးချေပပုံကတော့

"မင်းတို့မီးတွေဘယ်လောက်ပဲကြီးကြီး၊ မန္တလေးမီးနဲ့ စာတော့ မင်းတို့ဟာဆေးလိပ်မီးပွားလောက်ပဲ ရှိတော့တယ်ဟေ့"

ကားအတူစီးကြတဲ့ ခရီးသည်တွေမှာ ရယ်ရလွန်းလို့ အူနာနေပေမယ့် သူတို့သုံးယောက်ဟာ ခပ်တည်တည်ပဲ။





## တောကြောင်ဖြစ် ခန့်မှားပုံ

ရွှေဘိုကားပေါ်က လူဆယ်ယောက်ခန့်ဆင်းကျန်ခဲ့တယ်။ အဲဒီအထဲက ခြောက်ယောက်အနေနဲ့ ဝက်လက်ကိုခရီး ဆက်မည့်သူများ ဖြစ်ဟန်ရှိတယ်။ ဒီခြောက်ယောက်ထဲမှာ ပုပုကွဲကွဲ မျက်နှာဖောဖော၊ အသားဖြူဖြူနဲ့လူတစ်ယောက်က ပရိသတ်ထဲမှာ ထင်ရှားနေတာကို လက်ဖက်ရည်ဆိုင်ထဲက လူတွေသတိပြုမိတယ်။

သူ့သွင်ပြင်က အများသောခရီးသည်တွေထဲမှာ ထင်းနေတာကလား။ သူ့ကိုမန္တလေးက လာတာလို့ခန့်မှန်းကြတယ်။ ဝက်လက်သားမဟုတ်ဘူး။ အနီးအနားဈေးရွာတွေကလဲ မဟုတ်ဘူးလို့ ပြောကြတယ်။ ဝက်လက်နဲ့လှတောက အိမ်ဦးနဲ့ ကြမ်းပြင်လိုနေတဲ့အတွက် သိကြတာပေါ့။

ဒီလို လူလတ်တွေခန့်မှန်းတွေးဆနေဆဲမှာ အဝင်ပေါက်နားကစားပွဲမှာရှိတဲ့ လူငယ်လေးတစ်စုကတော့၊

"နတ်ခမ်းမွေးကြီးချည်း အစိတ်သားလောက် ရှိမယ်ထင်တယ်ကွ"

"ကုပ်နေလိုက်ပုံကတော့ လခြမ်းကြီးတွေ ကတ္တရာသုတ်ပြီးမှောက်ထားသလားမှတ်ရဟေ့"

ဒါကို လှတောမျက်စိလှတောလေးနဲ့ သုံးသပ်ပြောဆိုနေကြတဲ့ အထဲကိုတတိယလေသံတစ်ခု ဝင်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲပြောပြော ခန့်တော့တော်တော်ခန့်တယ်ကွ"

ဒီစကားကို ကြားလိုက်တဲ့လူကြီးတစ်ယောက်က ဆတ်ခနဲလှမ်းကြည့်ပြီး

*"ခန့်ညားတာပေါ့ကွယ်၊ နှုတ်ခမ်းမွေး ကားကားနဲ့ဆိုတော့ တောကြောင်လား၊ အိမ်ကြောင်လား၊ အိမ်ကြောင်အထီးလားမှတ်ရဟေ့"*

ကြားသမျှဆိုင်ထဲကလူတွေ သာမကအပေါက်ဝက လူငယ်ကလေးတွေပါ ရယ်မောနေကြရတော့တာပေါ့။

## တာနေ့ာယကျွလိုအချစ်မျိုး ...

လူတောသားတစ်ယောက်အကြောင်းကိုပဲ လူတောသားအများစုအဖို့ပြောစရာ ဖြစ်နေတယ်။ သူက မယားကိုအလွန် မြတ်နိုးတဲ့လူလေ။ မနေ့တစ်နေ့ကမှ အိမ်ထောင်ကျတဲ့လူလဲ မဟုတ်ပါဘူး။ သားသမီးတွေတောင် အထက်တန်းကျောင်း ရောက်နေပြီ။

တစ်နေ့တော့ မယားချစ်တဲ့ လူကြီးနဲ့သူ့မယားတို့ ခရီးသွားရာက ပြန်လာကြတယ်။ မယားကို ကားပေါ်က ချီပိုးချပေးမတတ် ဂရုစိုက်တယ်၊ ဆံပင်ညှပ်ဆိုင်ရှေ့မှာ ရောက်နေတဲ့ရွယ်တူ တချို့က၊

"ဖိနပ်ကလေး ဘာလေး ကိုင်ပေးမှပေါ့ဗျ"

မကြားတကြား အော်တယ်။





ကာလက်ရှင်ကြားသလား မကြားဘူးလားတော့မသိဘူး။ မယားကို နည်းနည်းပဲ အဆွဲခိုင်းပြီး သူကတအားထမ်းတယ်။ ရှေ့ကသွားရင်းနဲ့မယားကို လှည့်ကြည့်ပြီး စကားပြောရတာလဲ အမောပဲ။

အဲ့ဒါကြောင့် ခုနက သရော်သူတစ်စုကပဲ ...

"ခါးထစ်ခွင်ပြီး ချီသွားနော်၊ ချီမသွားရင် လိုက်ဆွဲမှာ"

ဒီအခါမှာ ဆံပင်ညှပ်သူက လှမ်းပြောပါတယ်။

"သူ့တစ်ပါး လင်မယားကိုမနှောင့်ယှက်ရဘူး၊ ငရဲကြီးတတ်တယ်"

"သည်းလွန်းလို့ပါကွာ"

"အေးလေ၊ သူ့အရွယ်ကြီးနဲ့ ဒါလောက်ဖြစ်ဖို့ မကောင်းတော့ပါဘူး"

ဒီအခါမှာ ဆံပင်ညှပ်ခုံပေါ်ကလူက

*"သူချစ်တာကိုးဗျ၊ ဘယ်တတ်နိုင်မလဲ၊ ခင်ဗျားတို့ဘယ်လောက်ပြောပြော၊ သူကတော့ချစ်မှာပဲ၊ မျက်နှာချင်းဆိုင်ပြီး ထမင်းစားနေတာကြားက စားပွဲခုံခံနေလို့ ဝေးတယ်ထင်ပြီး စာပေးဆက်သွယ်တာ ၄၉စောင်တိတိဆိုတဲ့လူမျိုးပေါ့"*

ခတ်ပြားခတ်ထုတ်ထဲက ပြက်လုံးပေမယ့် [illegible]တဲ့လူငယ်တွေ သိပ်ပြီးသဘောကျသွားကြတယ်။

ဆံပင်အညှပ်ခံရသူက ဆက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီလူကြီးက မဖြစ်လို့နေရတာ၊ ဖြစ်များဖြစ်နိုင်မယ်ဆိုရင် ကာနေဒါယက္ခ ဘီးလူးအတုခိုးပြီး သူ့မယားကို ဝါးစပ်ထဲမှာ ငုံထားချင်တာ အဲဒီရဲ့လား"

လူကြီးတွေ လူလတ်တွေမရယ်ပါ။ လူငယ်ကလေးတွေကတော့အတော်မသတ်နိုင်အောင် ရယ်မောနေကြလေရဲ့။

## ကျွေးလိုက်ပုံဂုဏ်က ...

ထမင်းကျွေးရမယ့် ညှိုသည်တစ်ယောက် ရောက်လာတဲ့အတွက် လှတောသားအနေနဲ့ ညှိုသည့်ကိုထမင်းကျွေးဖို့ ပြင်ဆင်ရပါတယ်။ အိမ်ရှင်မကလဲ အားမရ၊ သားသမီးကလဲ မနားရ။ အိမ်နီးချင်းတစ်ချို့တောင် ဝင်ကူရသေးတယ်။

ချွေးတလုံးလုံးနဲ့ သုံးနာရီလောက် ချက်ပြုတ်ပြင်ဆင် အပြီးမှာ ညှိုသည်ရဲ့ရှေ့ကို ထမင်းတွေဟင်းတွေ ရောက်လာပါတယ်။ လှတောသားက ...

"သူငယ်ချင်းထထ၊ ထမင်းစားရအောင်၊ မရှိ ရှိတာကျွေးရတာမို့အားတော့ ခပ်နာနာပဲ၊ ပြင်လိုက်ဆင်လိုက် ချက်လိုက်ပြုတ်လိုက်တာကတော့ ဆင်အကောင်တစ်ရာသတ်ပြီး ချက်နေသလားမှတ်ရပြီး ထမင်းပွဲထဲကဟင်းကျတော့မပဲ ပုရွက်ဆိတ် ဂီလာနကိုချက်ထားသလား မသိဘူးလို့ စိတ်ထဲကဲ့ရဲ့မနေနဲ့"





ညှိုသည်မှာ လက်ဆေးပြီးပေမယ့် မစားနိုင်သေးဘူး ဟားတိုက်ရယ်နေရတယ်။ ခဏကြာမှ ထပ်ပြီးလက်ဆေးရာက –

ငါတို့ တောသားပဲကွာ၊ တစ်ခွက်ကောင်းရှိ တော်ရော့ပေါ့ကွာ၊ ဘာပြုလို့အများကြီးချက်ရတာလဲ၊ အိမ်ရှင်မကို အားနာစရာ"

"ဟင်းခွက်တွေ များတာတော့မပြောနဲ့ သူငယ်ချင်းဘုရားဆွမ်းတော်တင်ကို ခိုးလာသလားမှတ်ရ"

ညှိုသည် ရယ်မောနေရပြန်ပြီ။

"ငါကလည်း ဟင်းခွက်များမှသဘောကျတဲ့အတွက် အိမ်ရှင်မက ငါ့အလိုကျ စီမံထားရတာကိုးကွ၊ ငါကလဲ ဟင်းခွက် နည်းရင်ခွေးစာခွက်ထဲက အမဲရိုးတောင်ချမ်းသာပေးတာမဟုတ်ဘူး၊ ယူပြီးစားပွဲပေါ်တင်ထားရစ"

ပဟာမဇကားမှာ ဆင်အကောင်တစ်ရာနဲ့ ပုရွက်ဆိတ်ဂီလာနပါတယ်။

"ဆင်အကောင်တစ်ရာကို သတ်ပြီးချက်ရင်လူအများကြီးလိုအပ်တယ်။ ချက်ချိန်ကြာညောင်းတယ်။ ပုရွက်ဆိတ်က သေးကွေးတယ်၊ ဂီလာနဆိုတာက မကျန်းမာသူ၊ မကျန်းမာလို့ ပိန်ချုံးနေတဲ့ ပုရွက်ဆိတ်ဆိုတော့ ပိုပြီးသေးကွေးတာပေါ့"

ချက်ပြုတ်ပြီး ထင်မြင်ရတဲ့ ပမာဏက ဆင်တစ်ရာ မျက်မြင်က ပုရွက်ဆိတ်ဂီလာနဟင်း၊ အလွန်ထိမိကျစ်လျစ်သော



www.burmeseclassic.com

ပါ၊ အဲဒါကြောင့် စကတည်းက တပြုံးပြုံးဖြစ်နေတဲ့ ညွှန့်သည်မှာ နောက်ဆုံးစကားအရောက်မှာတော့ ဟားတိုက်နေရပါလေရော။

## ရက္ခစိုးဝတ်တဲ့အင်္ကျီလား

လှတောသူ တစ်ယောက်ရွှေဘိုဈေးက ပြန်လာတယ်။ အရောင်းထက်အဝယ်ကများတဲ့အတွက် စုံနေတာပဲ၊ အဲ့ဒီလို စုံနေတဲ့ ပစ္စည်းတွေထဲမှာ ထက်ထရွှန်စ တစ်ကိုက်ခွဲလဲပါလာတယ်။

"ဈေးသည်က ဒါလေးကျန်တော့လို့ တစ်လက်စတည်း ယူသွားပါဆိုပြီး ဈေးလျှော့ပေးတာနဲ့ ယူလာခဲ့တာတစ်ကိုက်ခွဲ ရှိတယ်၊ ကလေးတွေအဖေမှာ ရှပ်အင်္ကျီဟောင်းနေတာနဲ့ အတော်ပဲ"

ဒီအခါ လင်ယောကျာ်းရဲ့ ပေါက်ငမ်းပုံက ....

*"ရှပ်အင်္ကျီဟာ နှစ်ကိုက်ကုန်တယ်ဆိုတာ နင်မသိဘူးလား၊ တစ်ကိုက်ခွဲနဲ့သာ ရှပ်အင်္ကျီချုပ်ဝတ်ရင်တော့ ရက္ခစိုးဂျာကင်အင်္ကျီလိုလို၊ ပဋိက္ခယားကိုယ်ကျပ် အင်္ကျီလိုလိုနဲ့ လူရယ်လိုက်လေမယ့်အမျိုး"*

မြန်မာဇာတ်ပွဲကြည့်ဖူးတဲ့လူတွေ မြင်ဖူးကြပါလိမ့်မယ်။ နတ်ပြတ်တို့ ရက္ခစိုးတို့ဝတ်စားထားပုံလေ။ ခေါင်းပေါ်မှာ စလောင်းဖုံးလိုလို မကိုဋ်ကလေး ဆောင်းပြီးဝတ်ထားတဲ့အင်္ကျီက ဗိုက်ယောင်းလောင်း၊ လက်မောင်းဟောင်းလောင်းနဲ့လေ။





ဘုရားစောင်းတန်းအချို့မှာလဲ ကုသိုလ်ကောင်းမှုကို လက်ညှိုးထိုးညွှန်ပြနေတဲ့ နတ်ခမ်းမွေးကားကား ဗိုက်ယောင်းလောင်းနဲ့၊ အင်္ကျီသေးသေးကွေးကွေး၊ တိုနံ့ကလေးဝတ်ထားတဲ့နတ်ပြက်ကို သတိထားမိသူရှိကောင်းပါလိမ့်မည်။

လှတောသားက အဲဒီလိုစေ့စေ့စပ်စပ် မြင်တတ်တဲ့ အတွက် သူ့ချုပ်ဝတ်ရင်ဖြစ်ပေါ်လာမယ့် အင်္ကျီကို ရက္ခစိုး ဂျာကင်အင်္ကျီလို့ အမည်ပေးပြီးတဲ့နောက် ဆက်ပြောလိုက်ပုံက ....

*"အေး . . . အင်္ကျီဝတ်ပြီးရင်တော့ မီးဖိုထဲက စလောင်းဖုံးကို ခေါင်းပေါ်မှာ ဆောင်းလိုက်ရုံပဲ ရှိတော့တယ် ဟေ့"*

အိမ်သားတွေရော၊ တက်ထရွှန်တစ်ကိုက်ခွဲ ဝယ်လာမိသူပါ မကျွန် ဟားတိုက်ပြီးရယ်မောနေကြပါကော။

## လျက်နဲ့ဖော်ကာ

လှတောသားလူငယ်တစ်စု ဆည်မြောင်းရေလာမလား လို့မြောင်းဘောင်ပေါ်မှာ လာထိုင်ကြရင်းနဲ့ စပ်မိစပ်ရာ ပြောနေကြတာ ပါ။ နှစ်ယောက်လောက် ထိုင်ပြီး သုံးယောက်ရောက်လာဖို့ မခေါ်ရသေး ပါဘူး။ ဘာများပြောနေကြသလဲ၊ ဘာများ တိုင်ပင်နေကြသလဲသိချင် တာကလား။

www.burmeseclassic.com



အဲဒီလိုနဲ့ တဖြည်းဖြည်း လူများသလိုစကားတွေလဲ များပြားလာတော့တာပါပဲ။ စီခနဲ ပေါ်လာတဲ့အသံက ပြတ်မသွားဘူး။

"ဖော်ကာက ထိုင်နေရင်းနဲ့ခလုပ်နှိပ်လိုက်ရင် တယ်လီဗီးရှင်းကြည့်လို့ရတယ်၊ ဗွီဒီယိုကြည့်မလား၊ လက်ဖက်ရည်သောက်မလား၊ အားလုံးရတယ်ကွ"

"ဂျက်လေယာဉ်ပျံက မင်းဖော်ကာထက်တောင်ရသေးတယ်။ တည့်တည့်ဆင်းမလား၊ တည့်တည့်တက်မလားရတယ်။ မင်းဖော်ကာရသလား"

"ဟော့ ငါ့ဖော်ကာက ..."

မပြီးနိုင်မစီးနိုင် ငြင်းခုံနေကြတဲ့အတွက် ပရိသတ်ထဲမှ တစ်ယောက်က ...

"*တော်ကြကွာ၊ တော်ကြ၊ ဂျက်တွေ၊ ဖော်ကာတွေ ကြီးကြီးကျယ်ကျယ် ငြင်းနေရအောင် ခင်းတို့ပုစဉ်းတောင်နှံ ဆောင် မြင်ဖူးလို့လား*"

ရယ်မောသံများပေါ်လာပြီး ငြင်းခုံသံ ရပ်စဲသွားတယ်။

## မနံအောင်လုပ်၍မရသောအရာ

အောက်အရပ် ပင်လယ်ပိုင်းကိုသွားတဲ့ လှေတော်သား တစ်စု ရွာကိုပြန်လာကြတယ်။ ပါလာတဲ့ ကုန်ပစ္စည်းတွေကတော့ ငါးပိ၊





ငါးခြောက်၊ ငံပြာရည်အစရှိတဲ့ ရေချိုကုန်တွေများတာပါပဲ၊ သို့သော်လည်း ခရီးရှည်သွားရာက ပြန်လာတယ်ဆိုတော့ ဆွေမျိုးသားချင်းတွေရော၊ အိမ်နီးချင်းတွေရောဝိုင်းအုံ နေတာပေါ့။

"ဟောဒါက ငါးနှပ်ခြောက်ဗျ"

"အလိုလေး၊ ငါးနှပ်ခြောက်ဆိုလို့ ကြည့်လိုက်ပါ့ငါ၊ ဖောင်ရိုးခြောက်ပါပဲလား"

တစ်ယောက်က အော်လိုက်တဲ့အတွက် ဝိုင်းဝန်းရယ်မောကြတယ်။

"ဟောဒါက ငါးငါးပိ၊ ဟောဒါက ပုစွန်ငါးပိ၊ ငါးပိယူရတာဗျာ တော်တော်စိတ်ညစ်ရတာပဲ၊ လူတွေကလဲ ငါးပိကို စားတာ စားတာဗျ၊ နံတော့ နှာခေါင်းရှုံ့တယ်၊ မကြိုက်ကြဘူး"

ပလပ်စတစ်ပုံးနဲ့ ထည့်ပြီး ပလတ်စတစ်အိတ်နဲ့ ထပ်စွတ်ထားတာကို ထုတ်ပေးရင်းညည်းတယ်။ ဒီအခါ ခရီးဖော် တစ်ယောက်က...

"*ဟုတ်ပါဗျာ အီးကိုမနံအောင် လုပ်လို့မရသလို ငါးပိကို လည်းမနံအောင် ဖုံးလို့မရပါဘူးဗျ*"

ပရိသတ်မှာ ရယ်မောကြရပြန်တယ်။ ဖွင့်လေလေအနံ့ ကပိုပြီး ပြင်းလာလေပဲ။ အချို့က နှာခေါင်းရှုံ့ပြီး နောက်ဆုတ်ကြတယ်။ နောက်မဆုတ်သူကတော့ ဆက်ပြီးဖွင့်တဲ့အတွက် ငါးပိတစ်ပုံးမှာ လောက်တွေကိုဖွေးခနဲ တွေ့ရတယ်။

"ဟာင် ...လောက်တွေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့. . . ငါးပိနဲ့လောက်ရွေနဲ့ကျော်ကတဲ့၊ ငါးပိမှန်ရင် လောက်နဲ့ဘယ်မှာကင်းနိုင်ပါ့မလဲ"

"ဒီ ငါးပိထဲကလောက်တော့ လွန်ပါတယ်ရှင်၊ အဆောင်ကြီးလိုက်ပုံများ ဝက်ဖြူတွေကို မြေထောက်ဖြတ်ထားသလားမှတ်ရ"

ရယ်လက်စရှိတဲ့ လူတစ်စုမှာ တစ်ချီတစ်မောင်း ရယ်မောရပြန်ပါပြီ။

## ငါးခူတွေ့ဂုဏ်

ရန်ကုန်မှာ နေထိုင်တဲ့သားချင်းကွယ်လွန်လို့ လှတောသူလှတောသားတစ်စု ရန်ကုန်ကိုရောက်လာကြတယ်၊ ကျဉ်းကျဉ်းကျပ်ကျပ် ရှားရှားပါးပါးနေထိုင် ဝယ်ခြမ်းရပေမယ့် အနည်းဆုံး ရက်လည်ဆွမ်းသွတ်ပြီး သည်အထိ နေကြရမှာပဲ။

ရက်လည်ဆွမ်းကတော့ အများအားဖြင့်မုန့်ဟင်းခါးပဲ ကျွေးလေ့ရှိကြတယ်။ သံဃာကိုလဲကပ်၊ ပရိသတ်ကိုလဲကျွေးပေါ့။ ရန်ကုန်က "သေသွားချင်သလား" ဆိုတာတောင် မုန့်ဟင်းခါးကျွေးချင်ပြီနဲ့တူတယ်လို့ ပြောရသည်အထိ မုန့်ဟင်းခါး အသုံးများတာကလား။

အဲဒါကြောင့် ရက်လက်ဆွမ်းမှာ မုန့်ဟင်းခါးဆွမ်းကပ်ဖို့၊





မုန့်ဟင်းခါးကျွေးဖို့အတွက် နှစ်ရက်ကြိုတင်ပြီး စီစဉ်တယ်၊ အဓိကတော့ ဟင်းချက်ဖို့ငါး၊ ငါးဆိုပြန်တော့လဲ ရန်ကုန်ဓလေ့မှာ ငါးခူမှ

ဈေးတွေမှာ ကျွမ်းကျင်လည်ပတ်သူနှစ်ယောက်နဲ့ ငွေကိုင်တဲ့ လှတောသူတို့ငါးရှာဖွေထွက်ကြတယ်။ တစ်ရက်တော့ လှတောသူမျက်နှာ ရှုံ့ရှုံ့တယ်။ ရန်ကုန်မြို့အကျယ်ကြီး မှာတစ်ဈေးပြီးတစ်ဈေး ဘတ်စ်ကားနဲ့သွားရတာ၊ လူယက်တိုး တွေ့တက်ရတာ၊ လမ်းဖြတ်ကူးရတာတွေကို စိတ်ညစ်ဟန်တူပါတယ်။

ဒုတိယနေ့မှာတော့ ငါးရံ့တွေပဲ ဝယ်လာပြီး အိမ်ပေါ်မတက်ခင်ကဘဲ ငြီးတွားပါတယ်။ လှတောသူ ငြီးပုံကတော့၊

"ရှာလိုက်ရတဲ့ ငါးခူ၊ ဘယ်ဈေးငါးခူမတွေ့ဘူး၊ ငါးခူနဲ့ တူတဲ့ဆားမီတို့ မူတူးတို့ စွတ်ပယားတို့တောင် မတွေ့ဘူး၊ ငါးခူတွေ ဆေးကုန်ကြပြီထင်ရဲ့"

လှတောလေကိုကြားမှုနားဝမရှိလှတဲ့ လူတွေမှာငါးစင်ကြီးတွေဟာပြီး ကြောင်နေပြီးမှ ဝါးလုံးကွဲရယ်ချမိကြတယ်။

**"များလိုက်တဲ့ခါချဉ်တွေကွယ်၊ ရွှေသုဘဒ္ဒါရဲ့ အင်ကြင်းသန်...**

**ကိုယူလာ သလားမှတ်ရတဲ့ အိမ့်မဟုတ် ညည်းကာဝဲ ရွှေသုဘဒ္ဒါပင်...**

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## ဘီးကိုဖက်၍လိုက်ပါမည်

သုံးဘီးကားတွေ လိုင်းမခွဲမီအမြန်ကားကလေးတွေ မပေါ်မီ လှတောသားတစ်ယောက်မှာ ရန်ကုန်ဘတ်စ်ကားကို စိတ်ညစ်ညစ်နှင့် တက်စီးလာရာ၊ မလှုပ်သာအောင်ပြည့်ညပ်နေ သဖြင့်စိတ်တိုနေသည်။ သို့သော်လည်း ဘတ်စ်ကားသည် ထိုးရပ်၏။

"တက်တက် ...အထဲဝင်၊ အပေါက်ဝကလူတွေ လမ်းဖယ်ပေးပါ"

စပယ်ယာက အော်နေသော်လည်း တွယ်စရာပင်မရှိတော့ချေ။ သည်အတွက် စိတ်တိုနေသော လှတောသားက ...

"အလိုလေးကွယ့် စပယ်ယာရဲ့၊ လူတင်လိုက်ရှာလေ၊ ဒါလောက်ပြည့်နေတာတောင် တင်နေပုံထောက်တော့ အမိုးပေါ် တက်လိုက်ရမလား၊ ဘီးဖက်လိုက်ရမယ့်ပုံကွယ့်"

အီးနဲ့ ချေးနဲ့လှိုင်နေသော ကားထဲတွင်ရယ်မောသံကြီးပေါ်လာလေ၏။

"အလိုလေးကွယ်၊ တို့အိမ်ဘေးမှာ အလေ့ကျပေါက်နေတဲ့ မိုးမျှော်ရေတတ်သီးများ ရှည်လွန်းလို့ တာဝတိံသာသွား ထောက်နေတာနဲ့ သိကြားမင်း ကြောက်အားလွန်ပြီး နတ်သက်ကြွေပါရောလား"

BURMESE CLASSIC .com



## ပညတ်တော်ဆယ်ပါး

ရွှေကျင်ရွာဘုရားပွဲတွင် ဇာတ်ပွဲများရုပ်ရှင်များပါသဖြင့် လူစည်ကားသည်။ သည့်အတွက် အမူးသမားများ ခိုက်ရန်ဖြစ်ပွားမှုများ ပေါ်ပေါက်တတ်သည်။ ဤသို့မဖြစ်စေရန် သက်ဆိုင်ရာများက ကြိုတင်ကာကွယ်ထားပုံမှာ ...

"အရက်မရောင်းရ"

"အရက်မသောက်ရ"

"အခြားမှသောက်လာခဲ့လျှင် မခံရ"

"ရန်မဖြစ်ရ"

"ဖဲဝိုင်း၊ ကျွင်ဝိုင်းမလုပ်ရ"

"တုတ်၊ ဓါးလက်နက်မကိုင်ဆောင်ရ"

ဤသို့ ထင်ရှားစွာရေးသားထားသော သတိပေးစာကိုဖတ်မိသော လှတောသားတစ်ယောက်က ပြောလိုက်ပုံမှာ ...

"အလိုလေးကွယ့်၊ ကနေ့ညပြမယ့် ရုပ်ရှင်ဇာတ်ထုတ်ရဲ့ နာမည်က ပညတ်တော်ဆယ်ပါးဆိုပါကလား"



www.burmeseclassic.com

www.burmeseclassic.com



## ထန်းလျက်လှည်းလေလား

လလသသများတည်ထောင်စအချိန်က ဖြစ်ပေသည်။ အတွေ့အကြုံနည်းသေး၍ လုပ်ငန်းလည်း မကျွမ်းကျင်ကြသေးဖြစ်ရာ၊ စာရင်းအင်း မနိုင်မနင်းဖြစ်ခဲ့ကြသည်။

သည့်အတွက် အသင်းတစ်ခုတွင် စာရင်းစစ်သည့် သတင်းကို နားထောင်ပြီးပြန်လာသော လူတော်သားကြီးက...

"အလိုလေးကွယ့်၊ တို့အသင်းကစာရင်းတွေ လည်နေလိုက်ပုံများ မိုးမိထားတဲ့ ထန်းလျက်လှည်းလား မှတ်ရတယ်။ စာရင်းစစ်လို့ မရအောင် ဖွက်ထနေတာပဲ"

ကြားရသူများမှာ ငိုအားထက် ရယ်အားသန်က ရယ်မောနေကြလေ၏။

## မြပျှာတွေရေကူးတဲ့နှစ်

ကားပေါ်မှာ ချီပါသားတစ်ရှို့နှင့် လူတော်သားတစ်ရှို့ စကားလက်ဆုံကျကြသည်။

ချီပါသားတစ်ယောက်က "မိုးကတော့ ကောင်းသဗျို့၊ အထူးအထွက်တိုး စီမံချက်ကို ပြည့်မီလွန်အောင် အထောက်အကူပြုတာဗျ"

ထိုအခါ အခြားချီပါသားတစ်ယောက်ကမူ "မိုးကများ





နေပြီဗျ၊ ကျုပ်တို့ဘက်က မိုးက အိမ်ခေါင်မိုးပေါ်တက်ပြီး မျိုးထောင်ရမလိုဖြစ်နေပြီ ဘယ်ကြည့်ကြည့် ရေချည်းပဲ"

ထိုအခါ လူတော်သားက သူတစ်ပါး၏မိုးဤလိုကောင်းတာကို လက်မခံနိုင်သဖြင့် လူတော်သားပီပီ ပြောလိုက်ပုံက...

"အလိုလေး၊ ခင်ဗျားတို့ဘက်က မိုးကဘာဟုတ်သေးလဲ၊ လူတော်ရွာရွာတဲ့ မိုးကမှ မတရားကောင်းလွန်းလို့ မြပျှာနှစ်ထယ်ထမြပျှာတွေ ရေကူးနေကြရပါကလား"

## ဗလဂျင်ဆေးပြားကောင်းပုံက ...

မီးရထားပေါ်မှာ ခရီးသွားများကို နှောင့်ယှက်သူများမှာ ဈေးသည်တွေဖြစ်ကြပေသည်။ အမိုးပေါ်က လျှောဆင်းတဲ့အတွက် ပြတင်းပေါက်ပေါ်တွင် လက်တင်ထားတဲ့ခရီးသည်၏ လက်ကိုနင်းမိသည်။ ခရီးသည်တွေကြားထဲ အတင်းတိုးဝင်၍ သူတို့၏ပုံးတွေ၊ ဘူးတွေ၊ ခွက်တွေ၊ ဗန်းတွေနှင့်တိုးမိသည်။ ဤမျှသာမကသေး၊ အသံနှင့်နှိပ်စက်ပုံများ အော်ဟစ်ပြီး ဆေးရောင်းသူများဖြစ်၏။

ဆေးကြော်ငြာသူ တစ်ယောက်သည် မည်းမည်းအကြောကလေးတွေ မြည်းကြည့်ရန်ဆိုတာ လိုက်လံဝေငှပြီးနောက် သူ့ဗလဂျင်ဆေးပြားကောင်းကြောင်း ကြော်ငြာသည်။ ကြော်ငြာအပြီး၌ "လူဦး



www.burmeseclassic.com

www.burmeseclassic.com



မလား" လျှောက်မေးရာ ခရီးသည်လူတော်သား ကြီးထံ၌ ...
၌ ...

"အလိုလေးကွယ်၊ ဗလရှင်ဆေးပြားတဲ့၊ မကောင်းလိုက်လေ ကွယ်ရို့၊ နွားချေးခြောက်ဝါးနေသလားမှတ်ရ"

တစ်ခုံတည်းထိုင်နေသူက ရယ်မောပြီး "ဒါလောက်ကောင်ပဲလား၊ လျှော့ပါဦးဗျ"

"မလျှော့နိုင်ဘူး၊ ဒီစကားနဲ့ ဒီဗလရှင်ဆေးပြားနဲ့အလိုက်ဆုံးပဲ"

သူ့စကားအဆုံးတွင် ထိုင်ခုံနီးချင်းတွေ ဟားတိုက်ရယ်ကြရာ ကြော်ငြာသမားမှာ ကုပ်ကုပ်ကလေးထွက်သွားလေ၏။

## မြင်းမိုရ်တောင်ကိုမျိုပါမယ်

လူတော်သားကြီးတစ်ယောက်၏ အိမ်သို့ဧည့်သည် ရောက်လာသည်။ အချိန်မှာ ထမင်းဆိုင်ချိန်လွန်သွားပေပြီ သည့်အတွက် ဧည့်သည့်ကစကားစဖြစ် ...

"စားသောက်တော့ပြီးပါပြီ၊ ဒါပေမယ့် မြင်းမိုရ်တောင်ကို ဆီမဆွတ်ဘဲ မျိုလို့ရချင်ရမယ်၊ ကနေ့ထမင်းကတော့ မျိုလို့မရပါဘူးဗျာ"





ညည်းညည်းညူညူပြောလိုက်တဲ့အတွက် ဧည့်သည် မှာရယ်လို့သာနေသည်။

## အရွယ်လိုသူကမိပုဂ္ဂိုလ်

ထမင်းဆိုင်ရှေ့ဖြတ်သန်းသွားတဲ့ ဈေးပြန်တစ်ယောက်ကိုမြင်လိုက်တဲ့အတွက် ထမင်းဆိုင်ရှင်က လှမ်းခေါ်တယ်။ ခေါင်းပေါ်ကတောင်းထဲမှာ အထုပ်အမျိုးမျိုးထည့်ပြီး ရွက်ထားတဲ့အပြင် လက်ထဲမှာလဲ ခြင်းနဲ့ထည့်ပြီး ဆွဲထားလိုက်သေးတယ်။

ထမင်းဆိုင်ရှင်က ခေါင်းပေါ်ကတောင်းကို ကူချပေးပြီး လက်ထဲကခြင်းကို နှိုက်တယ်။ အပေါ်ဆုံးမှာ အင်ကြင်းပန်းတွေ အခိုင်လိုက်အဆုပ်လိုက်နဲ့ အလှကြိုက်သူတိုင်းကို လက်ယပ်ခေါ်နေတာကလား။

"လှလိုက်တဲ့ အင်ကြင်းပန်းတွေဟာယ်၊ ညည်းတစ်ယောက်တည်းသုံးလို့ကုန်မှာ လားဟာယ်၊ မမျှနိုင်ဘူးလား"

"အိမ်မှာတော့ သုံးလေးခိုင်လောက် ဘုရားလှူမှာပေါ့၊ ပိုတာတွေကတော့ ဈေးမသွားနိုင်တဲ့လူတွေ ဝယ်ချင်ကြပါစေဆိုပြီး"

ထမင်းဆိုင်ရှင်က ကြည်နူးစွာနဲ့သာခုခေါ်တယ်။ တစ်ခြား နက်တည်းမှာပင် သူ့လက်က အင်ကြင်းခိုင်တွေကို ရွေးချယ်တော့



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အင်ကြင်း အခက်တိုင်း အခက်တိုင်းမှာခါချဉ်ကောင်ရှိနေ တယ်။ ခါချဉ်လွတ်တဲ့ အခက်ရယ်လို့မရှိဘူး။

ရွေးသူကလည်း အပေါ်အလယ်၊ အလယ်ကအောက်၊ အထပ်ထပ်အပြန်ပြန် ရွေးပေမယ့် ခါးချဉ်လွတ်တဲ့ အခက်ကလေး လေးငါးခက်ကို မရှိဘူး။ မရနိုင်တဲ့အဆုံးမှာ လိုချင်တာလေးဖယ်၊ ကျန်တာတွေကို သပ်သပ်ရပ်ရပ် ပြန်ထည့်စီထပ်ပေးရာက ...

*"များလိုက်တဲ့ ခါချဉ်တွေကွယ်၊ စွဌသုဘဒ္ဒါရဲ့ အင်ကြင်းပန်းတွေကိုယူလာ သလားမှတ်ရတဲ့၊ ဒါမှမဟုတ် ညည်းကပဲ စွဌသုဘဒ္ဒါဝင်စားရော့လား"*

ဈေးပြန် အမျိုးသမီးမှာ တဟားဟား ရယ်နေတယ်။

ဆဒ္ဒန်ဆင်မင်းဇာတ်တော်ကို ကြားဖူးနားဝရှိသူတိုင်း စူဠ သုဘဒ္ဒါကို သိကြမှာပါ။ ခါချဉ်ပါတဲ့ အင်ကြင်းပန်းတွေကို သူ့ ကိုယ်ပေါ်ကို လှုပ်ချပေးတဲ့အတွက် လင်ကိုရန်ငြိုးဖွဲ့ပြီး သေကြောင်း ကြံစည်တဲ့မိန်းမဆိုးလေ။

## ဆပ်မြာဝေတာပွဲ

ရွှေဘိုမြို့က မြို့ထောင့်စေတီမှာ တန်ခိုးကြီး ဘုရားတစ် ဆူဖြစ်တယ်။ နှစ်စဉ်နှစ်တိုင်း ဘုရားပွဲတော်ကို ကြီးကျယ်စည်ကားစွာ ကျင်းပလေ့ရှိတယ်။ ကျောထောက်နောက်ခံ ကျေးလက်တောင်တင်း





တဲ့အတွက် ကိုယ့်မှာပါတာရောင်းပြီး ကိုယ်လိုချင် တာဝယ်ချင်တဲ့ ကျေးလက်ပရိသတ် အနေနဲ့ဘုရားပွဲကို အားခဲ ပြီးလာကြလေရဲ့။

လှတောာသားတစ်စုလဲ တစ်ဆိုင်ဝင်တစ်ဆိုင်ထွက် တစ်လမ်း ဝင် တစ်လမ်းထွက်နဲ့ပွဲတော်ဈေးတန်းကို လျှောက်ကြည့်ကြတယ်။ နေကပူ ဖုန်ကထူမို့ လူတွေမှာ ဖုန်နဲ့ချွေးနဲ့ လုံးထွေးနေတာပေါ့။

အဲဒါကြောင့် သူတို့အနေနဲ့ နားစရာခိုစရာနေရာရှာတယ်၊ သူတို့လျှောက်တဲ့ ခြေလှမ်းတွေကို ဆန့်လိုက် စုပေါင်းလိုက်မယ်ဆိုရင် လှတောနဲ့ရွှေဘို အကွာအဝေးလောက်များ ရှိမလားမသိဘူး။ ဒီတော့ ပင့်ပန်းနွမ်းနယ်မှုမှာ ပြောင်းညာလာတာလဲပါလိမ့်မယ်။

လက်ဖက်ရည်ဆိုင်လိုနေရာမျိုးမှာ လက်ဖက်ရည်ဝင် သောက် ရင်း ထိုင်ပြီးအညောင်းဖြေလို့တော့ ရပါရဲ့။ ဒါပေမယ့်ပူတယ်။ အဲဒါ ကြောင့် လေးကတတဖြူးဖြူးနဲ့ ပွဲခင်းကိုစီးမြင်ရတဲ့ နေရာကို တွေ့တော့မှ ထိုင်ဖြစ်ကြတော့တယ်။

လှတောာသားတွေရဲ့ မျက်စိအောက်မှာ ဇာတ်ရုံတွေ ရုပ်ရှင်ရုံ တွေ၊ စားသောက်ဆိုင်တွေ ကုန်မျိုးစုံဆိုင်တွေ၊ ချားတွေ ရဟတ်တွေ၊ ရိုင်မိုးထားတဲ့ဆိုင်ကလေးတွေ ဖြူဖျော့ဖျော့၊ သက်ကယ်မိုးတွေက အဝါရင့်။

ကုန်မျိုးစုံဆိုင်တွေရဲ့ မျက်နှာစာမှာထုတ်ပြီး မိုးထားတဲ့ ပလေဏ်စတစ်တွေက နီ၊ ပြာ၊ ဖြူ စိမ်းရောင်စုံ။ အဲဒီကြားမှာ ဆဲ့ပိုင်တဲ့ ဖုန်လုံးကြီးတွေနဲ့ လူအုပ်ကြီး။ လူတွေက လူအုပ်မဟုတ် သဲနဲ့အခြား



www.burmeseclassic.com

www.burmeseclassic.com



စီးဝင်နေတဲ့ ရေစီးကြောင်းနဲ့တူတယ်။ ဘယ်မှာ ကြည့်ကြည့်လူ၊ နည်းတဲ့လူတွေ မဟုတ်ဘူး။

ထိုင်ပြီး ကြည့်နေတဲ့ လူတောသားတွေထဲက တစ်ယောက် အနေနဲ့ရင်ထဲမှာ ခံစားမှုတစ်ခုခု ပေါ်လာဟန် တူပါရဲ့။ အဲဒါကြောင့် ငေးမောကြည့်နေရာက ...၊

*"များလိုက်တဲ့ လူတွေကွယ်၊ ပွဲတော်မှာ ဆပ်ပြာ အလကားဝေနေတယ်လို့များ ကြားလို့အစုလောက် လာကြ ရောသလားမှတ်ရဲ့ဟေ့"*

ရေရွတ်လိုက်တဲ့အတွက် ကြားတဲ့လူတိုင်းသွားအဖြေး သားပေါ်ကုန်ကြလေရဲ့။

## မျောက်နဲ့ပျော်မှုဝင်ပြီးလေရောသလား ...!

ဈေးတန်းနဲ့မနီးမဝေး ကားလမ်းဘေးမှာ လူတောသား ဝတ်စုံ စကားပြောနေကြတယ်။ လမ်းစောင်းမှာ ဆောင့်ကြောင့်ထိုင်သူထိုင်။ မတ်တပ်ရပ်သူရပ်နဲ့ တစ်ခုခုကို စိတ်ပါလက်ပါ ဆွေးနွေးကြဟန်ပါ။

အဲဒီအချိန်အခါမှာ ကျောင်းဆင်းလာတယ်။

တင်းတောင်းထဲက ဆံပန်းပေါက်မေါက်တွေ တောင်းကြီး လှဲပြီးသွန်ချလိုက်သလို အရောင်စုံလှတယ်။ အစိမ်းကို ပင်တိုင်ထားပြီး





အဝါ၊ အနီ၊ အညို၊ အပြာ၊ အနက်၊ မီးခိုးနဲ့ အပြောက်အကျား၊ အစင်းစသည်ဖြင့်ပေါ့၊ တွဲဖက်ပြီး ပါလာတာကဖုန်လုံး။

အထက်တန်းကျောင်းတို့ အလယ်တန်းကျောင်းတို့က ကျောင်းသားတွေအနေနဲ့ ကလေးသိပ်မဆန်ဘူး။ လူကြီးဆန်ချင် တယ်။ လွန်ရောကျွံရော ဆော့လှပါတယ်ဆိုလဲ တစ်ယောက် နှစ်ယောက်ပဲ နောက်တာပြောင်တာပေါ့လေ။ ကျောင်းသူတွေကျတော့ လဲ စကားအမျှင်မပြတ်တာနဲ့ တွန်းတာထိုးတာလောက်ပါပဲ။

မူလတန်းကျောင်းသားကတော့ ကလေးအစစ်ကလား။ ကလေးပီပီ ဆော့တော့တာပါပဲ။ ဂျင်ဓါးသူက ပေါက်တယ်။ ဂေါ်လီ ပါသူက လမ်းလျှောက်ရင်းပစ်တယ်။ ဘာမှကစားစရာမပါတဲ့ ကလေး တဖုန်ကို ခြေနဲ့ကန်တယ်။ သစ်ပင်ကိုခဲနဲ့ ပစ်တယ်။ ချုံကို တုတ်နဲ့ရိုက် တယ်။

ကျောင်းဆင်းလာတဲ့ မူလတန်းကျောင်းသားကလေး တွေကို ကားလမ်းဘေးမှာ လူတောသားတွေ ကြည့်နေတုန်းမှာ ကျောင်းသား ကလေးသုံးယောက် ပြေးလာတယ်။ သူတို့ကို အမြီးနန့်ပြီး ကြိုဆိုနေတဲ့ ခွေးကျားတစ်ကောင်ကို ကုပ်ကကိုင် ပြီးခွစီးတယ်။

ခွေးကပြေးတယ်။ ကျန်နှစ်ယောက်က အမြီးဆွဲပြီးတက် စီးတယ်။ သုံးယောက်စီးတဲ့အခါ ခွေးက ခွေလဲသွားပြီးအော်တယ်။ လဲနေတဲ့ခွေးကို ဆွဲထူသူက ထူနေဆဲမှာတက်စီးသူ ကစီးတာပဲ။

ဒါကို စိုက်ကြည့်နေမိတဲ့ လူတောသားတစ်ယောက်က—



www.burmeseclassic.com

www.burmeseclassic.com



"မျောက်ကို မျက်စဉ်းခတ်သလိုဆိုတာ ဒီကောင်တွေ နေမှာပဲကွ"

ဒီအခါမှာ နောက်တစ်ယောက်က ...

"အလိုလေးကွယ် ဆော့ရှာလိုက်လေ ကလေးတွေရယ်၊ မျောက်နဲ့ငါးမြွေထိုးနဲ့ စပ်ကျရော့သလား မှတ်ရပော့"

ကလေးတွေရော လူကြီးတွေပါ စုပေါင်းရယ်မောလိုက်ကြတဲ့ အသံကြီးက ဟိန်းထွက်လာတော့တယ်။

## ညံ့လိုက်တဲ့မောင်ရွှေရိုး

နွားကျောင်းသားကလေးရဲ့ သီချင်းသံက ခြောက်သွေ့နေတဲ့ရိုးပြတ်လယ်တောကို ချော့သိပ်နေတယ်။ ရိုးပြတ်တွေကြားမှာ နွားတချို့ရှိတယ်၊ တချို့ကင်းစားနေပြီး တချို့ကလှုပ်ရှားသွားလာနေလေရဲ့။

မနီးမဝေးက မြောင်းထဲမှာလှတောသား လယ်သမားတစ်စု မြောင်းတူးနေကြတယ်၊ ဆည်မြောင်းက ရေလာတဲ့အခါမှာရေသွားရေလာ ကောင်းအောင်လို့ပါ။ နေပူပူမှာ နွားကျောင်းသားရဲ့ သီချင်းသံပဲမြောင်းတူးသူတွေရဲ့ အဖော်ဖြစ်နေတယ်။

နွားကျောင်းသားကလေးသီဆိုနေတဲ့ သီချင်းကတော့





"လှပြက်ကလေး မောင်ရွှေရိုး" သီချင်းလေ၊ မြောင်းတူးနေသူတွေထဲက တစ်ယောက်က မြောင်းပေါ်ကိုတက်ပြီး လှမ်းကြည့်တယ်။ ကန်သင်းပေါ်မှာ ထိုင်ပြီးအားရပါးရ သီဆိုနေသူကိုမြင်ရတယ်။

"တတ်ခုံပေါ် ကကြတဲ့အခါ ကျွန်မအနားမှာသူ့ချောငေးတာ၊ အမောပြေစရာ ရေယူလာ၊ လှပြက်ကလေးမောင်ရွှေရိုး သနားစရာ၊ မျှော်လင့်ရာလုံးလုံး ဆုံးရှုံးရသူမှာ ပရိသတ်ရှေ့မှာ"

အစရှိသည်ဖြင့်ပေါ့။

တေးဆိုသူကခေါင်းမလှုပ် လက်မလှုပ်ဘဲရှေ့တည့်တည့်ပဲကြည့်ပြီးပီပီသသဆိုနေတယ်။ သံနေသံထားနဲ့ စိတ်ပါလက်ပါလဲရှိတယ်။ အဲဒါကို သေသေချာချာ ကြည့်မိတဲ့ လယ်သမားကြီးက—

"အလိုလေးကွယ့် ဆိုလိုက်ရှာလေသူငယ်လေးရဲ့၊ ရိုးပြတ်ဝင်တွေကို ပရိသတ်ရှေးထောင်တစ်သောင်း၊ သူ့ကိုယ်သူတယ်လီဗေးရှင်း အဆိုတော်အမှတ်နဲ့များ တအားဆိုနေရော့လားမှတ်ရ၊ နားမချမ်းသာလိုက်လေ၊ ဂုရစ်အထောင်တစ်ထောင် ငိုလောက်ပါပေရဲ့"

မြောင်းထဲကလူတွေ ဒီစကားကို သဘောကျဟန်တူရဲ့။ ပြိုင်တူရယ်ပြီ ထောက်ခံလိုက်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



## ပုဝါပါးကိုလုံချည်လုပ်တော့ ...

လှတောရွာရဲ့သာယာလှပတဲ့ ညနေချမ်းပါ၊ ညနေငါးနာရီလောက်ဖြစ်တဲ့အတွက် နေရောင်ခြည်ဟာ ဆိုင်ထဲတွေ ထဲကိုဝင်လာပါပြီ။ လက်ဖက်ရည်ဆိုင်တစ်ဆိုင်ရဲ့အဝမှာ ဆိုင်ရှင်နဲ့ လူတစ်ယောက်ရပ်ပြီးစကား ပြောနေတယ်။

အဲဒီအခိုက်မှာ ရွာထဲမှာ လူငယ်တစ်ယောက်တာလမ်းပေါ်တက်လာတယ်။ အင်္ကျီက အသစ်မဟုတ်ပေမယ့် လုံချည်ကတော့ အသစ်ဖြစ်ဟန်တူရဲ့။ ချပ်ချပ်ရပ်ရပ် မရှိဘဲထိုးထိုးထောင်ထောင် ဖြစ်နေတဲ့အတွက် တစ်ခါမှရေမလျှော်ရသေးဘဲ အသစ်စက်စက်များလား မသိပါဘူး။

ဆိုင်ရှင်နဲ့လူတစ်ယောက်တို့ တံခါးဝမှာရပ်ပြီး စကားပြောနေတဲ့ဆိုင်ရှေ့အရောက်မှာ လုံချည်သစ်နဲ့လူက အသွားရပ်လိုက်တယ်၊ ဆိုင်ဘက်ကိုမျက်နှာမူလိုက်တယ်။ ဒီအခါမှာ နေရောင်ခြည်က သူ့ခါးအောက်ပိုင်းကို မီးမောင်းကြီးထိုးသလို ထိုးနေတဲ့အတွက် တုတ်ခိုင်လှတဲ့ သူ့ပေါင်နှစ်ချောင်းကို ဆိုင်ထဲကလူတွေ အထင်းသား မြင်ကြပါလေရော။

တံခါးဝမှာ ဆိုင်ရှင်အနေနဲ့ ချက်ချင်းမမြင်သေးဘူး။ ခဏအကြာမှာတော့ ကျောက်လမ်းပေါ်မှာ ကားကားကြီးရပ်နေတဲ့ လုံချည်သစ်နဲ့ လူ့ရဲ့အခြေအနေကို မြင်လိုက်တဲ့အတွက်...





"အလိုလေးကွယ့်လူ့ရဲ့၊ အခုလိုနေရောင်အောက်မှာ ဒီလုံချည်မျိုးဝတ်ပြီး ရပ်နေမယ့်အစား ဓာပုဝါကိုသာ လုံချည် ချုပ်ဝတ်တော့လေကွယ်"

သူပြောတော့မှ ဆိုင်ထဲကလူတွေ ပြိုင်တူကြည့်မိပြီး ပြိုင်တူ ရယ်မောမိကြတယ်။ လုံချည်သစ်နဲ့ လူလည်းဆိုင်ရှင်ရဲ့ စကားကို ကြားဟန်တူတယ်။ လုံချည်ကိုသိမ်းပြီး ကျောက်လမ်းပေါ်က ဆင်းပြေးသွားပါကလား။

## အော် ....ဝင် ...ဝင်

ရွှေဘိုမြို့နဲ့ မလှမ်းမကမ်းမှာ တည်ရှိတဲ့ကျောက်မြောင်း မြို့အနေနဲ့ စဉ့်ထည်ပစ္စည်းအတွက် နာမည်ကြီးလှပါတယ်။ အောက် ပိုင်းမှာစဉ့်ထည်ပစ္စည်းများနဲ့ ပတ်သက်ပြီးတဲ့တောမြို့။ ပုသိမ်မြို့ နာမည်ကြီးသလို အထက်ပိုင်းမှာကျောက်မြောင်းမြို့က နာမည်ကြီး ပါတယ်။

ကျောက်မြောင်းထွက် စဉ့်ရေသုတ်ပစ္စည်းတွေအနေနဲ့ လှ သလောက် ခေတ်မီပါတယ်။ အဲဒါကြောင့် ကျောက်မြောင်းဆိပ် မှာ ဝင်ထွက်သွားလာတဲ့လှေ၊ မော်တော်သင်္ဘောနဲ့ ဆောင်တွေမှ စဉ့်ထည်နဲ့လွတ်ကင်းတဲ့ ယာဉ်ရယ်လို့မရှိပါဘူး။ ... ကျက်သရေဆောင်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒီဆိပ်ကမ်းမှာ ကျက်စားနေတဲ့ လူတွေထဲမှာ လှတောသားတစ်ယောက် ပါပါတယ်။ သူကစဉ့်ထည်ပစ္စည်းများဝယ် ယူပြီး တင်ပို့နေသူပါ။ နေပူတဲ့ နေ့တစ်နေ့မှာ အဲဒီလှတောသားက သူ့ပစ္စည်း ပါတဲ့မော်တော်ထွက်မှာမို့ မှာစရာရှိတာတွေ ပါးစရာ ရှိတာတွေအတွက် ဆင်းလာတယ်။

သူနဲ့ မော်တော်စာရေးတို့ဦးခန်းထဲမှာ စကားပြောနေတုန်းမှာ ရှေ့လှေကြီးတစ်စင်းပေါ်ကို စဉ့်ပန်းအိုးတွေ တင်နေတာ တွေ့ရတယ်။ လှေပေါ်တင်ပို့ပေးတဲ့ အလုပ်သမားတွေထဲမှာ အသက်ငယ်သူတွေနဲ့ အတူသက်ကြီးရွယ်အိုလဲ ပါဝင်တယ်။ အိုမင်းပေမယ့် ထမ်းပိုးမှု ကျွမ်းကျင်တဲ့အတွက် အလုပ်ဖြစ်တာပဲ။

တင်လို့ပြီးသွားပြီးလား၊ မပြီးသေးဘူးလားမသိပါ။ သက်ကြီး အလုပ်သမားကြီး တစ်ယောက်ပေါင်းမိုးဘောအရိပ် ကျတဲ့ဘက်မှာ လာပြီးထိုင်တယ်။ အရိုးငေါငေါပေါ်မှာ ဖုံးနေတဲ့ အရေခွံက ဆီသုတ်ထားသလား ထင်ရမတတ် ပြောင်လက်တယ်။ ဒူးနှစ်လုံးကို လက်နှစ်ဘက်နဲ့ သိမ်းပိုက်ထားပြီး ရင်ဘတ် ကဖောင်းလိုက်ပိန်လိုက်၊ ကိုယ်ကယိမ်းထိုးလှုပ်ရှားတယ်။

ဒါကိုမြင်တဲ့ မော်တော်ဦးခန်းက လှတောသားကြီးမျက်နှာ လွှဲလိုက်ရင်း ...

"စိတ်မချမ်းသာလိုက်လေကွယ်၊ ဖောင်းဂေါထတဲ့မြင်း အမောဖောက်နေသလား မှတ်ရကွယ်"





ဖောင်းဂေါဆိုတာ မြင်းများမှာဖြစ်လေ့ရှိတဲ့ ရောဂါပါ။ အထူးသဖြင့် မြင်းလှည်းဆွဲတဲ့မြင်းတွေ အလုပ်ပင်ပန်းတာ အပူမိတာနဲ့ အဟာရမပြည့်ဝမှုကြောင့် ဖြစ်ပေါ်တာပေါ့၊ တိမ္ပေးကုတိုးတက်လာချိန်မှာတော့ ဖောင်းဂေါရောဂါ ရှိမှရှိသေးရဲ့လား မသိပါဘူး။

ချေးငွေသာလား ...

ဦးချစ်လှရဲ့တူလေးက မန္တလေးမှာ နေတာကြာပါပြီ၊ လှတောသားတွေ မန်းကိုဆင်းလာတဲ့အခါ အခက်အခဲရှိရင် သူ ကူညီစမြဲပါ။ လှတောသားအနေနဲ့ မန္တလေးကိုကျွမ်းကျင် နှံ့စပ်ပေမယ့် အမြဲနေတဲ့ သူငယ်လေးကို တစ်ခါတစ်ရံမှာတော့ အကူအညီ တောင်းရတာပေါ့။

တစ်နေ့တော့ လှတောသူတစ်စုက အဲဒီသူငယ်လေးကို အကူအညီတောင်းရတယ်။ သူတို့သွားနေကျ ဝယ်နေကျ စာအုပ်ဆိုင်ရှာမတွေ့လို့ဘဲ၊ တစ်ရုံမှာမရှိရင်နောက်တစ်ရုံမှာ တွေ့မှာပဲဆိုပြီး ဆက်ရှာရင်တော့ ရမှာပေါ့လေ။ ဒါပေမယ့် အချိန်အများကြီးကုန်မယ်။

အဲဒါကြောင့် သူ့ကိုခေါ်လာတော့မှပဲ သူ့အသိတွေကို တွေ့ခဏတွေ့နေတော့တယ်။ တော်တော်ကြာဆိုက်ကားသမားနဲ့ ရှုပ်စကားပြောတယ်၊ ဆယ်လှမ်းလောက်လှမ်းမိရင် ဈေးဆိုင်ထဲကလူတွေက ထွက်လာပြီးစကားပြောတယ်။ သုံးလေးလှမ်း လှမ်းရုံပဲရှိသေးတယ်။ စက်ဘီးသမားက လှမ်းဆွဲလို့ရပ်စကားပြောပြန်ရော။



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားပြောနေတိုင်း လှတောသူတွေမှာ ရယ်မောင့်ကြရတယ်။ အဲဒီလိုရယ်စောင့်ရတဲ့ အကြိမ်ပေါင်းများလာတဲ့အခါကျတော့လှတောသူကြီးတစ်ယောက်က စိတ်ဆိုးလာဟန်တူတယ်။

"အလိုလေးကွယ်၊ အသိမိတ်ဆွေပေါ်လိုက်လေ၊ ဈေးတကာမှာ ကျင်လည်ကျက်စားတဲ့ ဈေးခွေးလားမှတ်ရ"

ကျန်တဲ့အမျိုးသမီးတွေ ရယ်ကြတယ်။ အပြောခံရတဲ့ သူငယ်လေးကလည်း သဘောကျပြီးရယ်တယ်။

ဈေးတို့ရုံးတို့ဆိုတာ လူအလွန်စုံတာကလား။ အဲဒီလို လူစုံတဲ့အရပ်မှာ ကျက်စားတဲ့ခွေးအနေနဲ့ လူအများကြီးကို သိသလို လူတွေကလည်း သိနေတယ်။ ဒါကြောင့် ဈေးခွေးရုံးခွေးများက လူမြင်သမျှကို အမြဲနှုတ်ဆက်တဲ့အတွက် မိတ်ဆွေအသိ အကျွမ်းပေါတဲ့ ကလေးသူငယ်များကို လူကြီးတွေကဈေးခွေးရုံးနဲ့နှိုင်းလားနှိုင်း တတ်ကြရဲ့။

## သရဲမျက်နှာ

ဆိုင်ထဲကိုလှတောသားတစ်စု ဝင်လာတယ်။ ဈေးရောင်းသူက ကာတွန်းဖတ်နေတယ်။ မိုးသွားမလေမလား၊ နှိုက် သွားလေမလား ပူပန်မှုမရှိဟန်နဲ့ ကာတွန်းထဲမှာ နစ်မြုပ်နေပါတယ်။

"အပ်ချည်လုံးကလေး ကြည့်ချင်လို့"

"ရောင်းတဲ့လူ အပြင်သွားတယ်"





ကာတွန်းအဖတ်မပျက် ပြန်ဖြေတယ်။

"ဆင်ကြယ်ဖိနပ်ရှိလား"

"ဖိနပ်ကိုဟိုဘက်မှာမေးပါ"

ဟိုဘက်မှာ ဆိုတဲ့အတွက်လှမ်းကြည့်ပေမယ့် လူမရှိပါဘူး၊ 'ပရုတ်ဆီ'

"မေးမနေပါနဲ့ကွာ၊ ရောင်းချင်ဟန်မတူပါဘူး"

ပရုတ်ဆီဝယ်မယ့်လူကို အတူလာတဲ့လှတောသားကြီးကကြားဖြတ် ဟန့်တားလိုက်ရာက ...

"ဝယ်သူလာမှာ စိုးရင်လဲဈေးဝယ်လိုသူမဝင်ရလို့ ဆိုင်အဝမှာ စာကပ်ထားဖို့ကောင်းတယ်"

ဒီအခါမှာ ကာတွန်းဖတ်နေရာက မျက်နှာထားနဲ့ လှမ်းကြည့်တဲ့အတွက် တစ်ယောက်က ....

"ဆိုင်ထဲကို တို့ဝင်လာစတုန်းက မျက်နှာကလေးကြည်လင်နေပုံများမှန်ကလေး ကျနေတာပဲ၊ အခုတော့လဲ အလိုလေး ကွယ်သရဲမျက်နှာကျောက်ပေါက် ထားသလားမှတ်ရတယ်"

လှတောသားတွေ အုန်းခနဲရယ်ကြတယ်။

သရဲတစ္ဆေကို မြင်ဖူးသူမရှိပေမယ့်လူတွေကို နှောက်ယှက်တတ်တဲ့အတွက် ကြောက်မက်ဖွယ် ရုပ်ဆင်းအင်္ဂါရှိမယ်လို့ သတ်[illegible]ကြတယ်။ ကနေ့အချိန်မှာ ကျောက်ရောဂါ မရှိတော့ပေ[illegible] လိုက်သူများက နှစ်သက်ဖွယ်မရှိတဲ့ သရဲမျက်နှာမှာ ကျောက်ပေါက်[illegible]



www.burmeseclassic.com

www.burmeseclassic.com



တွေ့ တပ်ဆေးလိုက်တာပါပဲ။

အဲဒါကို သဘောပေါက်ပြီး ထင်းခနဲအာရုံမှာ မြင်တဲ့အတွက် အားရပါးရ ရယ်မောကြခြင်းပါပဲ။

## ညဈေးအကြောင်း

"ဟော့ ဟော့လကိုကြည့်ကြစမ်းဟော့၊ ကွေးကွေးကလေး ပြီးတော့ စောင်းနေသေးတယ်"

လှတောသားလယ်သမား လူငယ်ကလေးတွေအနေနဲ့ ဆည်မြောင်းရေလာခိုက်မှာ လယ်ထဲကို ရေသွင်းကြပါတယ်၊ ရေသွင်းတဲ့အခါနေ့မှာသာ မဟုတ်ဘဲညပါစောင့်ပြီး ရေသွင်းကြ ရပါတယ်။

ရေသွင်းတော့လဲ တစ်ယောက်တည်းမဟုတ်ပါ။ အဖော်လည်းပါတဲ့အပြင် ရေသွင်းဖော် ရေသွင်းဖက်တခြား လယ်ကွက်တွေလဲရှိပါတယ်။ ညဈေးတန်းမှာမလည်ပတ် ရွာထဲမှာ မလှည့်ဘဲ သူငယ်ချင်းကို ခင်မင်ပြီးလယ်တောကိုလိုက်လာတဲ့ သူငယ်ချင်းတွေလဲ ရှိသေးတယ်။ အဲဒါကြောင့် လယ်တောထဲက ညအခါပေမယ့် ပျော်စရာ တောင် ကောင်းနေပါသေးတယ်။

ထမင်းဟင်း၊ အပျော်ချက်စားကြ၊ ကကြခုန်ကြ၊ သီချင်းဆိုကြနဲ့ မောသွားလို့ငြိမ်နေဆဲမှာ ဝတ္ထုလေးဘာလေး ဖတ်ဖူးဟန်တူတဲ့





လူတစ်ယောက်ကအထက်ကအတိုင်း စလိုက်တဲ့သူ့ အကြောင်းကို သိသူတစ်ယောက်က ...

"ညအရေးကောင်းကောင်း၊ လကလေးစောင်းစောင်းမှာ "ခွေးကျောင်း"တက်ချင်တယ် ပြောဦးမလို့မဲဟုတ်လား"

"ဒါပေါ့ကွာ၊ ငါ့ချစ်ချစ်နဲ့မှောင်ရိပ်မှာတွေ့ပြီး ခွေးကျောင်းတက်လိုက်ရရှင်တော့ကွာ"

မစားရဝခမန်း ပြောနေတုန်းတစ်ယောက် ကြားဝင် ဖောက်ပုံကတော့ ...

"အလို လေး၊ ခွေးကျောင်းအကြောင်းချည်းပဲ ပြောနေ၊ ခွေးကျောင်း မသင်ရဘဲ ယောကျ်ားမကြီးနီးလို့ ခွေးပြေးဝက်ပြေး ပြေးရမှာကိုတော့ ထည့်မတွက်ဘူးလား"

"ဟုတ်တယ်" ဟု အော်သံနှင့်အတူ သံသေးသံကြောင်တွေနဲ့ ပေါ့ပါးလွတ်လွတ်လပ်လပ် ရယ်မောပစ်လိုက်ကြတယ်။

"ဒီလူကြီးက မပြစ်လို့နေရတာ၊ ပြစ်မှားပြစ်နိုင်မယ်ဆိုရင် တာနေ့ယာကူ ဘီးလူးအတုခိုးပြီး သူ့အထော ကို ပါးစပ်ထဲမှာငုံထားချင်တာ သိရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



## သိုက်ဆရာလိုလို

အလှူတစ်ခုကို အသွားမှာလှတောသားတစ်စု စကားတပြောပြောနဲ့ လျှောက်လာနေကြလေရဲ့။ သူတို့ပြောနေတာက လောင်းကစားသမား တစ်ယောက်အကြောင်းဖြစ်တယ်။ ကစားသမားက သူတို့နဲ့ ရင်းနှီးသူလည်းဖြစ်တယ်။

"ဘယ်နေ့မှာတော့ ကျိုးကန်းကိုအမဲတွေ လာလိမ့်မယ်။ ဘယ်နေ့မှာတော့ မဲတောမှာ ဗိုင်းကောင်းလိမ့်မယ် ပြောရတာနဲ့ အချိန်ကုန်တာပဲ"

တစ်ယောက်ကစလိုက်တဲ့အတွက် နောက်တစ်ယောက်က...

"ဗိုင်းမှာထိုင်ပြီး အချိန်ဖြုန်းရတာနဲ့ သတင်းစနည်းနာရတာနဲ့ အလုပ်လုပ်ချိန်ကို မရတော့ဘူး"

"ကားသမားဆိုတာ ဒီလိုပါပဲလေ"

တတိယလူက ဆက်ပြောလျှင်စတုတ္ထလူက ...

"သိုက်ဆရာများလိုပေါ့ကွာ၊ သိုက်စာကျရာနားထောင်ကာဥစ္စာရနိုးနိုးတဲ့ ညောင်မင်ခြေရင်း ငွေကိုးတင်းဆိုတာနဲ့ ငွေတွေရတော့မှာပဲ မျှော်လင့်ချက်ကြီးနဲ့ အတူးမှာမြွေထွက် အလိုက်ခံရသလို"

စကားတောင်မဆုံးဘူး၊ ဝါးခနဲဗိုင်းဝန်းရယ်ကြတယ်။ ရယ်သံစဲတော့မှ ဆက်ပြောပုံက ...

"ချွန်းကွ ချွန်းကွ ကွက်က . . . ကွက်ကအောင်ပြီး





ပါးစပ်နဲ့မှတ်လိုမှတ်၊ သူများဗိုက်ဆံကိုယ့်ဗိုက်ဆံ ဖြစ်ရမယ်၊ မတော်လောဘတက်ကောင်းတုန်းမှာ ရဲကတက်ဖမ်းလို့ ပြေးလိုက်ရတာ၊ ခါးကလုံချည်တောင် ဘယ်မှာကျန်ခဲ့မှန်း မသိဘူး"

ရယ်မောသံကြီးထပ်မံပေါ်ထွက်လာပြန်ပါလေရော။

ေ ေ ေ

## မရှိလိုပါဂျင် . . .

ဆိုင်ထဲကိုလှတောသူတစ်စု ဝင်လာတယ်။ တချို့က တောင်းကြီးတွေရွက်လို၊ တချို့ကခါးစောင်းတင်လို့၊ တချို့ကတော့ လက်မှာဆွဲလို့ပေါ့လေ။

"ဝမ်းဗိုက်ဆေးရှိလား"

"မရှိဘူး"

"အကိုက်အခဲပျောက်ဆေးကော"

"မရှိဘူး"

"ဖျားရာမင်း ရှိဘူးလား"

"မရှိဘူး"

"ဟိုပ်ဟာဖျာရာမင်း မဟုတ်လား"

"မရှိပါဘူးဆိုနေ"

အဲဒီလိုချည်းပဲ မေးသမျှမရှိဘူးချည်း ပြောနေတော့။ ကုန်



www.burmeseclassic.com

www.burmeseclassic.com



သွားပြီဆိုတာတောင် မပါတော့ဆံပင်နီစပ်စပ်နဲ့ အမျိုးသမီး တစ်ယောက်က ...

"လာစမ်းပါအေ၊ ညည်းဆက်မေးနေလဲ မရှိဘူးပဲပြောမှာပဲ"

အဖော်အမျိုးသမီးကို ဆောင့်ဆွဲပြီး အော်ကျယ်ဟစ်ကျယ်ပြောပြန်ပါသေးတယ်။ ဒုတိယ ခွန်းဆင့်အဖြစ် ထပ်မံပြောလိုက်ပုံမှာ ....

"မေးသမျှ မရှိဘူးပြောနေတာက ငါတို့တွေသူ့ဆီမှာ အလကား တောင်းမှာစိုးလို့ ဖြစ်မှာပေါ့အေ"

လှတောသူတွေ ဝါးခနဲရယ်ကြတယ်။ ဒီမှာနောက်တစ်ယောက်က .....

"အလိုလေးအေ မရှိဘူးပြောတတ်ပုံများကတော့ စာအုပ်တစ်အုပ်ထဲက အလွတ်ကျက်ထားသလား မှတ်ရ"

ဒီတစ်ခါမှာတော့ ဆိုင်ထဲဝင်လာတဲ့ နောက်လူအုပ်ကပါ ရောနှောရယ်မောတယ်လေ။

❀ ❀ ❀

## နှင်းဆီကောင်းပုံ

အစ်မဖြစ်သူမှာ အလုပ်များနေခိုက်ညီမ ဖြစ်သူရောက်လာတယ်။ အစ်မမှာ နို့တိုက်နေတဲ့ကလေးကို နို့ဖြတ်လို့မရဘူး။ ကလေးက အတင်းကပ်နေတယ်။ အဲဒါကြောင့် ကလေးတန်းလန်းနဲ့





ဟင်းရွက်သင်နေတယ်။ စောစောက ဟင်းလျာကိုင်ထားတဲ့အစအန ကရေးတွေကို ဟိုနားနည်းနည်း ဒီနားနည်းနည်း ပြန့်ကျဲနေတဲ့အတွက် ကျိုးကလဲတရှိန်းရှိန်း။

အားအား အော်ပြီးကျလာတဲ့ကျိုးကန်းကို လက်မြှောက်ပြီးခြောက်လှန့်ပေမယ့် ထပျံမပြေးဘူး။ ခုန်ဆွ ခုန်ဆွလုပ်နေတယ်။ ကျိုးကန်းနည်းတူပဲ အညီနံ့ရလို့ ရောက်လာတဲ့ခွေးတွေ လဲမာန်ကြမ်ကြ၊ ကိုက်ကြခဲကြ၊ ဟိန်းဟောက်ကြပေါ့၊ အစ်မမှာ ထလို့မရတဲ့အတွက် ဒီအတိုင်းပဲကြည့်နေရတယ်။

မီးဖိုပေါ်မှာ တည်ထားတဲ့ဟင်းအိုးတစ်လုံးလဲ ရှိသေးရဲ့ စောစောတ ကိုင်လိုက်တဲ့ အသားတွေလေ၊ နနွင်းနည်းနည်း ဆားနဲ့ ငံပြာရည် နည်းနည်းထည့်ပြီး ပြုတ်ထားတယ် ခေါ်ရမှာပေါ့။ ဒီလို လုပ်ထားရင် သိုးမှာပုပ်မှာ မစိုးရိမ်ရတော့ဘူး။ ချက်ချင်တဲ့အခါ အသာယူပြီး ကြိုက်သလိုချက်ရင် အလွယ်ကလေးနဲ့ကျက်တယ်။

ဟင်းအိုးလဲ ထကြည့်ချင်တယ်။ အနံ့ရနေပြီ၊ အဆူလွန်ပြီး ဟင်းရည်တွေ ခန်းနေမှာ စိုးရိမ်တယ်၊ ဒါပေမယ့် ကလေးဆိုးက အတင်းကပ်နေတဲ့အတွက် အထရခက်နေခိုက် ညီမရောက်လာတဲ့ အတွက် ...

"ညီမရေ၊ ဟင်းအိုးရေခန်းပြီလား၊ ကြည့်ပေးစမ်းပါ ရေခန်းမှ ထမင်းအိုးတည်ရမှာ"



www.burmeseclassic.com

www.burmeseclassic.com



အပျိုမ မီးဖိုခန်းထဲပြေးဝင်သွားပြီး ပြန်ထွက်လာတယ်။

"မခန်းသေးဘူး အစ်မ၊ ဒါပေမယ့် ခတ်ထားတဲ့နနွင်းကလဲ မွှန်နေတာပဲ၊ နနွင်းနံ့ဖြင်းလို့ အိမ်ပေါ်က ဖြတ်ပျံသွားတဲ့ ငှက်တွေတောင် မူးမိုက်ပြီးကျလောက်ရဲ့"

အဲဒါကြောင့် အစ်မက ....

"ခတ်တာက မများဘူးညီမရဲ့၊ နနွင်းမှုန့်က ကောင်းလွန်းလို့ ဖြစ်ပါလိမ့်မယ်။ ဟုတ်ပါတယ်၊ နနွင်းမှုန့်က ကောင်းတာပါ၊ ဒီနနွင်းသုံးတာ သုံးရက်ဘဲရှိသေးတယ်၊ နနွင်းမှိုင်းတက်ပြီး အိမ်မိုးတစ်ခုလုံး ဝါထိန်နေတာကြည့်ပေတော့"

ညီမတော့ အပြောကောင်းကောင်း၊ အစ်မက အပြောကောင်းပိုပိုမို့ ကြားရသူတိုင်း ပြုံးနေကြရတော့တာပေါ့။

## လူကိုပျက်အရက်

တောင်ပိုင်းမှာ အိမ်ခွဲနေတဲ့သားက မိဘသားချင်းများ ရှိနေတဲ့မြောက်ပိုင်းကို ရောက်လာတယ်။ အလည်လာတာပဲ ဖြစ်ဖြစ်၊ မိဘနဲ့ညီအစ်ကို မောင်နှမတွေက ဝမ်းသာကြတယ်။

ကလေးတွေကို နေကောင်းလား၊ အကြီးကလေးကျောင်းထားပြီလားစသည်ဖြင့် မေးကြမြန်းကြတာပေါ့။ ဒါပေမယ့် ဖခင်က





တော့ နှာခေါင်းရှုံ့တယ်၊ ရှုံ့မှာပေါ့၊ ခပ်လှမ်းလှမ်းကပဲ အရက်နံ့မွှန်နေအောင် နံစေတာကလား။

ဖခင်ရဲ့နှာခေါင်းက နံသလို၊ မိခင်ရဲ့နှာခေါင်းကလဲ နံတာပါပဲ။ နံပေမယ့် နှာခေါင်းမရှုံ့နိုင်ဘူး။ ကရုဏာမျက်လုံး၊ သောကမျက်လုံးနဲ့ ကြည့်တယ်။ အရက်ကို တအားသောက်တဲ့အတွက် မည်းနက်ပိန်ခြောက်နေတဲ့ သားအကြီးအနေနဲ့ လူရုပ်မပေါ်တော့ဘူး။

ဒါကြောင့် မိခင်က ကြင်နာသံနဲ့ ပြောတယ်။

"သားတွေ သမီးတွေနဲ့ဖြစ်လာပြီ သားရယ်၊ မိုက်တုန်းပဲလား"

စကားထဲမှာ အရက်ဆိုတဲ့ အသုံးအနှုန်းမပါပေမယ့် အရက်ကို ပြောတယ်ဆိုတာ နားလည်တဲ့အတွက် ...

"နည်းနည်းပါးပါး ပါအမေရယ်"

"နင့်နည်းနည်းပါးပါးကလဲ၊ မွှန်းမတည့်သေးဘူး နံနေပြီ"

"မနေ့က သောက်ထားတာ၊ ဒီမနက်ထွက်တဲ့ချွေးတာ နံတာပါ"

"မိခင်မှာ ဟုတ်လိမ့်နိုးနိုး ခေါင်းတစ်ချက်ညိတ်ပြီးမှ...

"သားရယ်၊ အဲဒီအရည်တွေ သောက်သောက်နေလို့ လူလဲပိန်လှပြီ၊ ပိန်လိုက်သမှ ထင်းချောင်းလားအမဲခြောက်လား ခွဲမရဘူး"



www.burmeseclassic.com

www.burmeseclassic.com



သားတွေသမီးတွေက အစ်ကိုကြီးကိုကြည့်ပြီး တစ်အားရယ်မောကြတယ်။

## သူတို့ကြောင်ကျိုး

လှတောသူ လှတောသားအပေါင်း၊ ကလေးသူငယ်များပါ မကျန်ပေါ့လေ၊ သူတို့တတွေနဲ့စကားကြွယ်ဝမှုက မြန်မာနိုင်ငံထဲမှာ သာမက၊ ကမ္ဘာလှည့်ခရီးသည်တွေ လှတောရွာကို ရောက်လာတတ်ကြတယ်။

စကားပြန်က ပြန်ပြောတာကို နားထောင်ရင်းလှတော ဈေးဆိုင်တန်းတွေ၊ လှတောရွာထဲက ထွက်လာတဲ့လူတွေနဲ့ရွာထဲကို ဝင်သွားတဲ့ လူတွေကိုစိန်းစိန်းကြီး ကြည့်နေကြပြီးမှ ခရီးဆက်ကြပါတယ်။

တစ်နေ့မှာ ကမ္ဘာလှည့်ခရီးသည်လို့ ထင်ရတဲ့မိန်းမနှစ်ယောက်နဲ့ ယောကျ်ားသုံးယောက် ကားတစ်စီးပေါ်ကဆင်းလာကြတယ်၊ အသားကတော့ ထုံးစံအတိုင်း ယင်ချေးဥစွဲပြီး နီစပ်စပ်ရှိသူ၊ ဖြူဆွတ်နေသူတွေပေါ့။

အဲဒါကို ကွမ်းယာဝယ်နေတဲ့ မိန်းမတစ်ယောက်က ...

"အလိုလေးကွယ်၊ ခရုသင်းစွဲတဲ့ လှူအများကြီးကို ဒီတစ်ခါပဲစုစုဝေးဝေး မြင်ဖူးတယ်ဟေ့"





ဒီအခါ ကွမ်းယာသည်က ...

"ကွမ်းယာထဲမှာ ထည့်တဲ့ထုံး၊ ဘာဖြစ်လို့ ဈေးတက်သွားသလဲ၊ စဉ်းစားနေတာ လက်ခသတ်တော့ သူတို့ဝယ်ပြီး သိမ်းလို့ပါကလား"

နှစ်ယောက်သား တဟားဟားရယ်မောကြလေရဲ့။

## သမက်နဲ့ယောက္ခမ

လောကမှာ သမက်ဆိုတဲ့လူစားနဲ့ ချွေးမဆိုတဲ့ မိန်းမစားများမှာအလွန်သနားစရာ ကောင်းကြတာကလား။

သမက်ဆိုတာက သူ့သမီးကိုအကြောင်းပြုပြီး ရောက်လာတဲ့ လူစိမ်းဖြစ်သလို ချွေးမအနေနဲ့ကလဲ သူ့သားကို အကြောင်းပြုပြီး ဝင်လာတဲ့သူစိမ်းမဟုတ်လား။ သူ့ခမျာများ ယောက္ခမဆိုသူများနဲ့ ထိပ်တိုက်တွေ့ကြရစမြဲပါပဲ။

ဒါပေမယ့် သမက်ဆိုသူတွေ ချွေးမဆိုသူတွေ ပျောက်ကွယ်သွားရင် လူ့လောကကြီးဆိတ်သုဉ်းသွားမှာပါပဲ။ ဒါကြောင့် သူတို့က လူ့လောကရဲ့ အလှရတနာများပါ။ အဲဒါကို မဆင်ခြင်မစဉ်းစားတဲ့ အမျိုးသမီးကြီးဟာ သမက်ကို ကြည့်လို့မရဘူး။

သူက ကြည့်မရလေလေ၊ သမက်လုပ်သူက အလုပ်ကြိုး



www.burmeseclassic.com

www.burmeseclassic.com



စားလေလေပါ။ အလုပ်ကြိုးစားပေမယ့် ယောက္ခမရဲ့မြင်ကွင်းထဲမှာ မနေမိအောင် အထူးသတိထားပြီး ရှောင်ရှားပါတယ်၊ အဲဒီလိုရှောင်ရှားနေပါလျက်နဲ့ တစ်နေ့မှာတော့ သမီးကို ...

"အင်း . . .ငါ့သမီးမှာလဲ ကာလသားတစ်ရာကျော်ရှိတဲ့ လှတောရွာမှာ ရှားရှားပါးပါး ခေါ်ခေါ်ခဲခဲ ရှာပြီးယူရတာ၊ ငါ့သမီးရဲ့ ယောကျ်ားနှယ် ခါးကုန်းလိုက်ရှာလေ၊ ထွန်းကိုင်းလား မှတ်ရဟဲ့"

ပြောစရာမရှိ ကြံဖန်ပြီးအပြစ်ရှာပြောတဲ့ စကားအဆုံးမှာ သမီးဖြစ်သူက "ထွန်းကိုင်း မဟုတ်ဘူးအမေ၊ ဘိုးကုပ် ဘိုးကုပ်" လို့ပြန်ပြောတဲ့အတွက် အိမ်ရှိလူကုန်ဝိုင်းဝန်း ရယ်မောကြရတယ်။

## ရောမဟာသကြီး

အရှုတ်အနှောက် အလွန်ပြောသောလူရွှင်ကြီးတစ်ယောက်ရှိ၏။ တစ်ခါတစ်ရံ ရှုတ်လွန်းနှောက်လွန်းသောအခါ သူတစ်ပါးအား မကောင်းပြောသလို ဖြစ်သွားတတ်၏။ သူကလမ်းဘေး မုန့်ပေါင်းဆိုင်သို့ ရောက်လာသည်။ မုန့်ပေါင်းဝယ်ရန် စောင့်ဆိုင်း နေသူတွေက များပြား၏။ သူ့အလှည့်ရောက်ရန် အတော်ကြီးကြာအောင် စောင့်ရတော့မည်။ သည့်အတွက် လူတွေပြန်ကုန်စေလိုသော ရည်ရွယ်ချက်နှင့် ...





"အလိုလေးကွယ်၊ လူတွေဘာလာလုပ်ကြတာလဲ၊ အဲဒီမုန့်ပေါင်း ကသွားနာတဲ့ လူတွေနဲ့မတည့်ဘူး၊ ငါ့မနေ့က ဝယ်စားတာ သွားသုံးချောင်း ကျိုးသွားပါကလား"

ပျော့ပျောင်းသော မုန့်ပေါင်းကိုစားရာ သွားကျိုးသည်ဆိုသည့်အတွက် ရောမဟာသကြီးဖြစ်ကာ ရယ်မောနေကြလေသည်။

## အသက်တောင်ရှုပါရဲ့လား ...!

နေပူချိန်တွင် ခဏတစ်ဖြုတ်နားနေ၊ အပန်းဖြေသော လယ်သမားကြီး လင်မယားနှင့်မလှမ်းမကမ်းတွင် ကလေးတွေကစားနေကြသည်။ လယ်သမားလင်မယားရဲ့ သားသမီးတွေပဲ ဖြစ်ကြ၏။

ကစားနေသည့်ဘက်မှ မကြာခဏငိုသံရန်တွေသံ ကြားရ၏။ သည့်အတွက် လယ်သူမကြီးသည် တိုင်ပင်ဆွေးနွေး ခြင်းကိုရပ်ကာ စကားဝိုင်းကိုလှမ်းပြီး အကဲခတ်၏။

ထိုအခါအငယ်ဆုံး သုံးနှစ်သမီးကိုမြင်ရ၏။ ၎င်းကလေးသည် ရှိရှိသမျှကစားစရာများကို မည်သူ့အားမျှကိုင်ခွင့် မပေးကိုင်လျှင် ငိုတော့သည်။

သူကြည့်နေခိုက်မှာပဲ ကလေးငယ်ဟာ မြေကြီးပေါ် ပစ်လဲကာ ငိုသည်။ လယ်သူမကြီး ခြေလှမ်းကျဲကျဲနှင့် လျှောက် သွားကာ ခြေနဲ့ လက်ဝါးနဲ့ရိုက်လိုက်ရာက ...



www.burmeseclassic.com

www.burmeseclassic.com



*"ဟိုဟာဖြင့် မကိုင်ရ၊ ဒီဟာဖြင့်မကိုင်ရနဲ့ ချည်းမည်း မြင်သဖြင့် ငါ့ယောကျ္ာမထန်းတောလုပ်နေတဲ့ မယားငှက်၊ နှင် လုပ်နေပုံကြောင့် အကြီးတွေမှာ အသက်တောင်မှ ချူရဲကြ ရဲ့လားမသိဘူး"*

ထိုကလေးဆိုးပုံကို သိသောအိမ်နီးချင်းတွေ ရယ်ကြသည်။

## မျိုးမီထားသောကာတွန်းရုပ်

လှတောရွာ ကားဂိတ်တွင်ဈေးတန်းကြီး စည်ကားနေသည်။ အဲရောင်တလက်လက် တောက်နေသည့် ကားလှလှ ကလေးတစ်စီးသည် လက်ဖက်ရည်ဆိုင်ရှေ့တွင်ထိုးရပ်၏။ ဆံပင်ဖိုရိုဖားရား အကျီ ဆောင်းဘီ ကိုးရိုးကားယားနှင့် လူများထွက်လာကာ ဆေးလိပ် ဆင်းဝယ်၏။

ထိုသူများ ကားမောင်းထွက်သွားသောအခါ ဈေးသည် တစ်ယောက်က "ရန်ကုန်ကလား မန္တလေးကလားတဲ့၊ ဘာလူမျိုး တွေလဲ"

*"ဘယ်ကပဲ ဖြစ်ဖြစ်ပေါ့အေ၊ ကာတွန်းရုပ်မျိုးမီထားတဲ့ လူမျိုးဖြစ်မှာပေါ့"*

တစ်စုံတစ်ရာ ပြောချင်နေသူများ ကျေနပ်စွာနှင့်ရယ် မောမိကြလေ၏။





## မယားငယ်လစာ

ရိုင်ပတ်တွေကာပြီး ထွေးခက်တွေ အုံထားသော ရုပ်ရှင်ရုံ အတွင်းသို့ လှတောသားတစ်ယောက် ဝင်ရောက်ကာရုပ်ရှင်ကြည့် သည်။

ရိုင်ပတ် ကာထားတဲ့ရုံတွင် ရောက်လာသော ကားထုပ် မှာလည်း များသောအားဖြင့် စခေါ့ကတ်တွေကြွေနေသော ကားများ အဆွေးအဆိုတွေသာ များသည်။ သည့်အတွက် ပြနေဆဲပြတ်တောက် လျှင် မီးဖွင့်ပြီးဆက်ရသည်။ ဆက်ပြီး သွားလျှင် မီးမှိတ်ပြီး ဆက်လက် ပြသ၏။

ဤသို့ဖြင့် အကြိမ်သုံးဆယ်ခန့် ကောင်းခန်းရောက်မှ ချည်း ပြတ်ပြတ်သွားသောအခါ လှတောသားမှာ စိတ်မရှည်တော့ဘဲ ...

*"အလိုလေးကွယ့် ရုပ်ရှင်ရယ်၊ ပြတ်တောင်း ပြတ် တောင်းပြနေပုံက မယားငယ်လစာ ပေးနေသလားမှတ်ရဲ့"*

## ပုဏ္ဏက်ဆိတ်ကြမ်းကျဲလေသောအခါ ...

ဆိုင်တွင်းသို့ အမြေးအလွှားဝင်ရောက်လာသော လှတော သားကြီးသည် လုံချည်တွေရှုရောက်သည် ကြား၍သူ့ အတွက်အင်္ကျီမ်း ပါမပါ စုံစမ်းရာ၊ မပါကြောင်းဖြေကြားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ လှတောသားကြီးက သက်ပြင်းချ၍ "ငါ့အတွက် ဘယ်တော့မှ ပါတယ်မရှိကလားကွ၊ လုံချည်ဆိုရင် ဝယ်ခွင့်မရတာ ဘယ်လောက်ကြာပြီလဲ"

"အပြင်မှာဝယ်ပေါ့ဗျာ"

*"အပြင်ဈေးကခေါင်းမိုးပေါ်ရောက်နေတာ ငါမတတ်နိုင်ဘူးကွ၊ ရေလဲမရှိလို့ ညအချိန်လူခြေတိတ်မှ တူးမြောင်းထဲသွား ရေချိုးရတယ်၊ ရှိတဲ့လုံချည်ကလဲ လျှော်ရဖွပ်ရလွန်းလို့ ရှိနေတာ၊ ပုရွက်ဆိတ်တောင် ကြမ်းပေါက်ကျွဲကျမှာစိုးရ"*

တစ်သီကြီးလျှောက်ပြောလေရာ တစ်ဆိုင်လုံးရယ်မောသံကြီးလျှံသွားလေ၏။

## ထမင်းပေါင်ပုံရှယ်က...

မဲကုန်းသားတစ်ယောက် လာရောက်လုပ်ကိုင်သော လယ်နှင့် လှတောသား၏လယ်မှာ ကန်သင်းတစ်ခုသာ ခြား၏။ သည့်အတွက် လယ်နီးချင်းမိတ်ဆွေများဖြစ်ကြ၏။

ကောက်ရိတ်သော နေ့တစ်နေ့တွင်မဲကုန်းရွာသူက စတင်ပြော၏။

"မနေ့က ကလေးတွေဆရာကန်တော့ပွဲကိုသွားတာ မေ့ပြီး





ထမင်းတွေကိုချက်မိတာ၊ စားလို့မကုန်တာနှင့် ခြေရင်းအိမ်နှင့် ခေါင်းရင်းအိမ်ဝေပေးရတယ်၊ ခုများများထမင်းတစ်နပ် အချက်သက်သာသွားတယ်"

ထိုအခါ လှတောသူက ...

*"ဟုတ်တယ်၊ ဟုတ်တယ်၊ တစ်ခါတစ်ခါ ကျွန်မလဲဖြစ် တတ်တာပဲ၊ တစ်ခါက ထမင်းအိုးထဲကို ဆန်များထည့်ပြီး ပိုချက်မိ လို့တစ်အိမ်လုံးစားလို့ မကုန်တာနဲ့ တစ်ရွာလုံးဝေပေးရပါရောလား အဲဒါတောင် မကုန်ချင်ဘူး"*

မဲကုန်းသူနှင့် ကောက်စိုက်သမများမှာ အားရပါးရရယ်လိုက်ကြသည်။

## ဂျေဆွတ်ပြီးလိမ်တဲ့မိန်းမ

မိခင်က အရာရာမြင်တတ် ဆုံးမတတ်သလောက် သမီးကခပ်ထုံထုံခပ်နုံနုံ ခပ်အအ၊ သို့ဖြစ်သည့်အတွက်မြည်တွန်ရပြန်ပြီ။

"အားနာရင် အားပါတတ်တယ်လို့ ငါဘယ်နှစ်ခါပြောရမလဲ"

"အမေရယ်၊ အိမ်နီးချင်းဖြစ်နေတော့ မငှားရင်လဲမကောင်း၊ ဒါလောက်ကလေးနှင့် မလိမ်တန်ဘူးထင်လို့ ငှားလိုက်မိတာပါ"

မိခင်သည်မဲ့ရွဲ့ပြီး ခုနစ်သံချီတင်လိုက်ပုံမှာ "အလိုလေး



www.burmeseclassic.com

www.burmeseclassic.com



*လိမ်စရာမရှိရင် ကိုယ့်ဒူးကိုယ်ရေဆွတ်ပြီး လိမ်တဲ့မိန်းမတဲ့၊ လူတကာ အရပ်တကာလှည့်လိမ်နေတာ"*

အိမ်ရှေ့မှ ဖြတ်သွားသူများမှာ မသိမသာပြုံးသွား ကြလေတော့သည်။

## စလယ်ဝင်ဖင်မမည်းခင်က

"စလယ်ဝင်ဖင်မမည်းပါ" ခေါင်းစဉ်နှင့် ဖော်ပြခဲ့သော လင်မယားအကြောင်း ပြောကြ၍ ပါးစပ်မပိတ်သေးမီ နောက်စုံတွဲတစ်တွဲကိစ္စပေါ်လာပြန်သည်။ မိန်းကလေး၏ မိခင်မှာ ယောကျ်ားလေးကို အပြစ်မတင်၊ သမီးကိုလည်း အပြစ်အပြောဘဲ ...

*"အလိုလေးဟဲ့၊ အမေ့ဗိုက်ထဲက ထွက်လာကတည်းက အူဝဲမအော်ဘဲ လင်ယူမယ်၊ မယားယူမယ်အော်သလားမှတ်ရ ဟဲ့၊ ပညာလဲမတတ်၊ ထွန်တုံးတစ်တုံးမှ မထမ်းနိုင် ထမင်းတစ်အိုး မှဖြောင့်ဖြောင့် မချက်တတ်၊ သူများအိမ်သာအောက် သွားနေကြဟေ့"*

ကရုဏာဒေါသော ဖြစ်ဖြစ်နှင့်အော်လိုက်သော အသံတွင်ပညာသားအပြည့်ပါသောကြောင့် ကြားရသူတိုင်း ခေါင်းတညိတ်ညိတ်ရယ်မောကြရလေ၏။

ဗိုးရာဇာအုပ်



## ဓါးပြသားကောင်းဂုဏ်ခြင်းအကြောင်း

လွန်ခဲ့သော နှစ်ပေါင်းများစွာကြာမြင့်ခဲ့သည့် အချိန်ကဖြစ်၏။ လှတောရွာ လက်ဖက်ရည်ဆိုင်တွင် မနေ့ညက ရွာတစ်ရွာ၌ ဓားပြတိုက်သွားသော သတင်းကိုလူတိုင်းစိတ်ဝင်စားစွာ ပြောနေကြလေသည်။ သတင်းကို စောင်ဖောက်သည်ချသူက...

"ဓားပြသားဆိုတာ၊ လူအင်အားက တစ်ကျိပ်စာရှိတယ်ဆိုပါကလား"

အခိုက်တွင် လုံခြုံရေးအဖွဲ့ဝင်များ ဆိုင်အတွင်းသို့ ဝင်ရောက်လာသည့်အတွက် အလုအယက်မေးကြရာ ဓားပြများ မှာရွာသားများ ညီညွတ်ကြသည့်အတွက် အသေဖမ်းမိကြောင်း သိရလေ၏။

သည့်အတွက် တစ်ယောက်က "လက်နက်ဘယ်လောက်ကောင်းကောင်းညီညွတ်ရင် ဓားပြဘယ်ခံနိုင်မလဲ"

*"ဟုတ်တယ် ဟုတ်တယ်၊ ရွာသားတွေတစ်ယောက်တစ်လက်ဝိုင်းနှက်လိုက် ကြတာ၊ ဓားပြသားလက်လီဆိုင်ဖွင့်ထားသလားမှတ်ရ"*

နောက်ဆုံးလူ၏ အပြောကြောင့်တအုန်းအုန်းရယ်သံကြီးညံသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



## မျှော်ရတဲ့ခေါင်း

ဤနေ့ရက်တွင် ရောက်လာမည်ဟုသေချာစွာ လှလွှတ်မှာ ကြားသူမှာ အလွန်ရင်နီးသူ ဖြစ်သည့်အတွက် သွားစရာရှိတာ မသွားဘဲအိမ်မှာ စောင့်နေသော်လည်း လှတောသားကြီးမှာ ပျင်းရိလာသည်။ အိမ်ရှင်ဖွက်မျှော်လိုက်၊ အိမ်ထဲ ဝင်ထိုင်လိုက် လုပ်နေစဉ်တွင် လှလွှတ်အကြောင်းကြားထားသော မိတ်ဆွေရောက်လာရာ ...

"*အလိုလေးကွယ် ရောက်လာပေါ့ကိုး၊ ငါ့မှဖြင့် မျှော်လိုက်ရတာကွာ မသားခေါင်းဝယ်မယ့်လူကို မျှော်ရတဲ့ ခေါင်းရောင်း သူဖြစ်နေပြီဟေ့*"

"မင်းပြောမှဖြင့် ဒီလိုချည်းပဲ" ဆိုကာ ညွှဲသည်မှာ ရယ်မော နေရပါလေ၏။

## ကောက်ရိုးစိမ်လက်ဖက်ရည်

မျက်နှာသိငါးပိမဝယ်ပါနဲ့ဆိုတဲ့ စကားပုံရှိပါတယ်။ မျက်နှာသိ လက်ဖက်ရည်မရောင်းနဲ့လို့ မကြားဖူးတဲ့အတွက် ဆိုင်ထဲ ဝင်လာတဲ့ လှတောသားတွေကို လှတောလက်ဖက်ရည် ဆိုင်တန်းက ဆိုင်ရှင်မှာ ကြိုဆိုမိပါတယ်။

ထိုင်မိတယ်ဆိုရင်ပဲ ...





"ရေကို ရောင်းစားနေတဲ့လူများ၊ ကက်ဆက်ကလဲ အကောင်း စားဗျ"

ကလီသွူက ကလိပါတယ်။

"ရေကို အပူပေးပြီး စားပွဲကုလားထိုင်နဲ့ ရောင်းတော့လဲ သောက်ကြတာပဲ"

**ဆိုင်ရှင်ကတော့** ရယ်မောနေရုံကလွဲလို့ ဘာမှမပြောပါ။ **လက်ဖက်ရည်** ရောက်လာတဲ့အခါမှတစ်ယောက်က မြည်းကြည့် လိုက်ပြီး ...

"*ဒါလားကွ လက်ဖက်ရည်၊ လက်ဖက်ခြောက်နံ့ လုံးဝမရဘူး၊ ကောက်ရိုးရည်ကို သကြားခတ်ထားသလား မှတ်ရ*"

တစ်ဆိုင်လုံး ဝေါခနဲရယ်မောကြတယ်၊ ကောက်ရိုးစိမ် ထားတဲ့ရေကလဲ လက်ဖက်ရည်အရောင်နဲ့တူတယ် မဟုတ်လား။

## ရွှေဘက်တော်ထိုင်းပုံရယ်က ...

ကျောင်းအသီးသီးမှာ စာမေးပွဲတွေ ကျင်းပဖို့ **အချိန်** နီးကပ်လာပြီး စာသင်သားကျောင်းသားတွေမှာလဲ ဘာသာရပ် **အချိုးကို** အသုံးချ စက်သံ ကက်ဆက်သံဆူညံ ကြားထဲကကုန်းပြီးကျက်မှတ် နေကြရတယ်။



www.burmeseclassic.com

www.burmeseclassic.com



အတန်းငယ်တာ အတန်းကြီးတာမရွေးပါဘူး။ အနုလုံးအော်ဟစ်ပြီး ကျက်မှတ်နေကြတာပဲ။ ဒီအခါမှာ တချို့မိဘက စာကျက်နေသံ ကြားရင်ကျေနပ်နေတာပဲ။ တချို့တလေ ကတော့ဂရုစိုက်နားထောင်တယ်။ ဘာကျက်နေသလဲ၊ မှားသလားမှန်သလား။

ပဋ္ဌမတန်းကျောင်းသူလေးတစ်ယောက်က မြန်မာ့သမိုင်းကို ကျက်မှတ်နေခဲ့ပါတယ်။ မိဘက ထမင်းချက်ရာက နားစွင့်နေတယ်။ သမီးက စာတစ်ပုဒ်ကိုထပ်ကာတလဲလဲ ရွတ်နေတယ်။ လေးငါးခေါက်အဆိုပေါ့ ...

"သြော် ...အရေးကြီးလို့မမေ့အောင် ကျက်နေဟန်တူတယ်" ထင်ပြီး အသာနေတယ်။

ဆယ်ခါလောက်ရှိလာတဲ့ အခါမှာထအော်တယ်။

*"ဘေးကနားထောင်နေတဲ့ ငါတောင်အလွတ်ရနေပြီ သမီး အမယ်လေးဟဲ့ ထိုင်းလိုက်တာ ဥာဏ်ရယ်၊ ခါတ်ပြား သာဆိုရင် ပေါက်ထွက်လောက်ပြီ"*

ခါတ်စက်ခါတ်ပြားဆိုတာက လည်နေတဲ့ခါတ်ပြားကြီးပေါ်မှာ ခါတ်စက်သုံးအပ်ကို ထောင်ထားရတာ၊ ခါတ်ပြားပေါ်မှာပါတဲ့ အပ်သွားရာကလေးတွေအတိုင်း အပ်ကရွေ့ပြီး လိုက်ပါသွားတယ်။





## များသွားလို့

ဇနီးဖြစ်သူ နေထိုင်မကောင်းတဲ့အတွက် ထမင်းဟင်းချက်ပြုတ်ပုံကို အိပ်ရာထဲကနေပြီး စီမံခန့်ခွဲပေးတယ်၊ လင်ယောကျ်ားက မယားပြောသမျှကို မီးဖိုဘေးကနေပြီး လိုက်နာဆောင်ရွက်တယ်။

ဆန်ကို ဘယ်လောက်ထည့်၊ ရေကိုဘယ်လိုထည့်၊ မီးကိုဘယ်လိုထိုး၊ ဘယ်နှစ်ခါမွှေ၊ ဘယ်လိုရှိရင် ငှဲ့တော့အစရှိသဖြင့်ပေါ့။ ထမင်းအိုးပြီးသွားတော့ ပဲကြီးဟင်းအိုး အပြင်နိုင်းပြီး မီးဖိုပေါ်အတင်ခိုင်းတယ်။

အတော်ကလေးကြာတော့ ဇနီးဖြစ်သူကပြောရတာ မောတယ်ဆိုပြီး မီးဖိုးဘေးရွေ့လာတယ်၊ ဟင်းအိုးကိုဖွင့်ကြည့်လိုက်ရာက ...

"ရှင်လုပ်ပုံနဲ့တော့ နနွင်းမှုန့်ဖိုးနဲ့မွဲရချည့်ရဲ့ရှင်"

"ဟုတ်လား၊ နနွင်းများသွားသလား"

*"များ မများတော့မသိဘူး၊ ဟင်းအိုးတစ်အိုးလုံးသက်န်းကို ထည့်ပြုတ်ထားသလားမှတ်ရ"*

☺ ☺ ☺

"[illegible]"

www.burmeseclassic.com

www.burmeseclassic.com



## စေတမုဆိုးခွေးတပ်ကြီးလား ...!

"မိန်းမရေ အမဲသားသည်တွေ့တာနဲ့ ငါးဆယ်သား အကြွေး ဝယ်ခဲ့တယ်ဟေ့"

ခင်ပွန်းသည်က လှမ်းပေးတဲ့အမဲသားကိုယူပြီး ဇနီး သည်က အိမ်ရှေ့ထွက်ပြီး စဉ်းတီတုံးပေါ်တင်တယ်၊ ခုတ်ထစ်တယ်၊ ဆေးကြော တယ်။

အဲဒီအချိန်မှာ ဇနီးသည်ကို ခွေးတွေဝိုင်းနေတယ်။ ခွေးကို လှည့်မောင်းရင်းအမဲသားကို ကျီးထိုးသွားမှာ စိုးလို့ ရဲရဲ မမောင်းရဲဘူး။ သေသေချာချာမမောင်းတဲ့အတွက် ခွေးတွေကမသွားဘူး။ အဲဒါကြောင့် ...

"အစ်ကိုရေ ...ခွေးတွေ လာမောင်းစမ်းပါဦး။ ကြာရင်လူပါ ချီသွားတော့မယ်"

*"လာပြီ လာပြီ တကယ်ငတ်တဲ့ခွေးတွေ၊ အမဲသားတွေ ဝယ်ပြီးအိမ်ပြန် လာတော့လဲ အနံ့ခံပြီး ငါ့နောက်လိုက်လာတဲ့ ခွေးအုပ်ကြီးဟာ စေတမုဆိုးရဲ့ ခွေးတပ်ကြီး မှတ်ရဲ့"*

ဝေဿန္တရာမင်းကြီးနဲ့ မိဖုရား၊ သားတော်၊ သမီးတော်များ အနောက်အယှက်ကင်းစွာ နေရပါစေဆိုပြီး ဓါးကိုင်ပါတောင် တောစပ်မှာ ဆီးတားစောင့်ကြပ်ပေးတဲ့ စေတမုဆိုးကိုကြားဖူး သလိုတိုင်းဝါးခနဲ ရယ်မောရ၏။





## တရားကိုနှုတ်ဆောင်၍

လူငယ်တို့ဘာသာဘာဝ နှစ်သက်သဘောတူ ချစ်ကြိုက် သောကြောင့် ခိုးရာလိုက်ပြေးသောအခါ မိတ်ဆွေများကယောကျ်ား ကလေး ဖခင်ထံလာရောက် သတိပေးကြ၏။

"ရှေ့နေကောင်းကောင်း ရှာထားဟေ့၊ မိန်းကလေးဘက် ကအရှိန်အဝါသုံးပြီး မင့်သားကို အမှုဆင်လိမ့်မယ်ကြားတယ်"

ထိုအခါ ဖခင်က ...

*"အလိုလေးကွယ်၊ ဝက်သာလောက်မှ ခြေပြောင်တဲ့ အရှိန်အဝါကို ကြောက်နေရမှာလား၊ တရားကိုနှုတ်ဆောင် ပါတယ်ကွာ၊ ရှေ့နေမရှာနိုင်ပါဘူး"*

သတိပေးသူမှာ ပြုံးဖြုံးကြီး ထွက်လာခဲ့ရလေ၏။

## တောကနေ့နဲ့သာနှုတ်ဆိုက်ပါ

လှတောရွာပတ်ဝန်းကျင်က လယ်များအနေနှင့် ဆည်ရေ သောက်လယ်တွေဖြစ်သည့်အတွက် ရေမိုးစိတ်ချရသည် ထင်ရ ပေသည်။ စပါးသီးနှံမအောင်မြင်သော နှစ်မရှိဟုထင်ရသည်။ သို့ရာ တွင် ဆည်ရေလည်းမလုံလောက်၊ မိုးလည်းမရွာသောနှစ်များ ရှိတတ် ၏။ ထိုအခါ မျိုးရရန်ပင်မနည်း ကြိုးစားကြရ၏။ ဤသို့ ...

www.burmeseclassic.com

www.burmeseclassic.com



တွင် စပါးရိတ်သိမ်းချိန်သို့ ရောက်ခဲ့ ရာ စပါးပင်များ သေးလှသဖြင့် ထိုင်ပြီးရိတ်ကြရ၏။ အချို့လည်း တံခွေ်လွှတ်လေသည်။ တံခွေ်လွှတ်သော လယ်သမားတစ်ယောက်သည် မရှင်မပျ လျှောက်လာရင်းနှင့် ထိုင်ပြီးရိတ်နေသူ တစ်ယောက်အားမြင်ရသဖြင့် …

"အလိုလေးကွယ့်၊ ဒုက္ခကြီးလိုက်လေသူရယ်၊ တံခွေ်နှင့် ရိတ်မနေပါနှင့်၊ ဓာဂနာနှင့်သာ ဆွဲဆွဲနုတ်ပါတော့"

"အေးကွာ၊ ကိုယ့်ပစ္စည်းမို့နမြောလို့သာ ရိတ်နေတာ၊ တကယ်က တူရွင်းနှင့်သာ တူးဖို့ကောင်းတာ"

တံခွေ်လွှတ်သူ ရယ်မောသဖြင့် ရိတ်နေသူလည်းမရ ယောင်ရယ်မောမိလေသည်။

## သေမင်းလိုက်လာလေရော့သလား …!

ရွှေဘို–မန်းကားများသည် တစ်ခါတစ်ရံအမောင်းပြိုင်ကြ၏။ တစ်အားမောင်းလိုက်ရာက ရုတ်တရက်ရပ်လိုက်လျှင် ခရီးသည်တွေရှေ့သို့ရောက်လာ၏။ ခေါင်းနှင့်ဆောင့်မိသူ ဆောင့်မိ၏။

တစ်အားမောင်းလာပြီး ဆက်ကာဆက်ကာ တစ်အားကွေ့လိုက်လျှင် ဝဲဘက် ပြေးတိုက်လိုက်၊ ယာဘက်ပြေးတိုက်လိုက်ဖြစ်ကြရာ သည်းမခံနိုင်တော့သော လှတောသားကြီးမှာ…

"ကွယ့် ကားသမားတွေရဲ့၊ ခရီးသည်တွေကို လူမှ





မှတ်သေးရဲ့လား၊ ဆီးဖြူသီးတွေ ဆန်ကောထဲထည့်ပြီး ကစားနေတာမှတ်ထင်ရဲ့"

"အဖော်လှတောသားကမှ ကားနှယ်၊ မောင်းရှာလိုက်လေကွယ်၊ သေမင်းလိုက်လာသလားမှတ်ရ"

ပြုံးစိစိဖြစ်နေသော ခရီးသည်များ ဝါးခနဲရယ်ကြလေ၏။

## မီးကျွင်းတဲ့အသား

ညှော်သည်လှတောသားသည် အိမ်ရှင်တည်ခင်းသော ဆေးလိပ်မှာ ခဏခဏ မီးသေသည်ကို မီးသေသည် မပြောအဲ …။

'ဒီဆေးလိပ်ကို ဘာသားနဲ့ လိပ်တာလဲဗျ'

ဆေးလိပ်ထဲတွင် ဆေးရွက်နှင့် ဆေးရိုးပါဝင်သည်။ ဆေးရိုးမှာ ဆေးရွက်ပင်မှ အသားဖြစ်သော်လည်း ဆေးရိုးအစစ်ချည်းမသုံးနိုင်သူများက အခြားအသားများ ရောနှောသုံးစွဲကြသည်။ သည့်အတွက် ဘာသားနှင့်လိပ်တာလဲမေးရာ အိမ်ရှင်က …

"ဥနဲ့ရိုးလား သဖန်းရိုးလားမသိဘူး၊ ဘာပြုလို့လဲ"

"ဪ အဲဒီဆေးရိုးပင်ကအသားနဲ့ အိမ်ဆောက်ရင်လို့ပါ။ အဲဒီအသားက မီးကျွင်းတယ်" ဟု ဖြေတော့မှ အိမ်ရှင်မှာ သဘော‌ပေါက်ကာ ရယ်မောမိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



## မီးခြစ်ပြိုင်ပွဲ

မီးရထားပေါ်တွင်ဖြစ်သည်။ လှတောသားဘေးမှ လူနှင့် ချက်နှာချင်းဆိုင်မှာ လူများသည် သူ့မီးခြစ်ကောင်းကြောင်း၊ သူ့မီးခြစ်မှာ မည်သည့်နိုင်ငံလုပ်မှ၊ မည်သူက လက်ဆောင်ပေးသည် စသည်ဖြင့် ကြွားလာကြရာ၊ လှတောသား နားကြားပြင်း ကတ်လာကာ သူ့မီးခြစ်ကို ထုတ်လိုက်ရင်း ...

"ကျုပ်မီးခြစ်ကတော့ ပြည်တွင်းဖြစ်ဗျ၊ နှစ်ကျပ်ပဲ ပေးရတယ်။ ဒါပေမယ့် ဓါတ်ဆီမပါဘဲ ခြစ်တာတောင် မီးတောက်တယ်၊ ဓာတ်ဆီများပါရင်တော့ လှတောသားခြစ်တဲ့ မီးတောက်ကို စစ်ကိုင်းက လှမ်းမြင်ရပြီး ရွာကိုမီးလောင်နေတယ်ထင်ရ သဗျ"

လှတောသားက ပညာပြလိုက်ရာ မီးခြစ်အကောင်းပြိုင်နေသူများ ငြိမ်သက်တိတ်ဆိတ်သွားကြလေ၏။

## ကလေးကိုပဲရောင်းတဲ့နာရီ

လှတောသားတစ်ယောက်သည် မန္တလေးမှ လက်ပတ်နာရီများ ဝယ်ယူခဲ့ပြီး ဘုရားပွဲတွင် ချရောင်းနေ၏။ ရွှေပွဲလာ သူများ သူ့ထံသို့ ဝိုင်းအုံလာအောင် သူဘယ်လို အော်ပါသနည်း။ နားထောင်ပါ။





"နာရီတွေ နာရီတွေ၊ အချိန်မှန်နာရီတွေနော်၊ မနက်ကိုးနာရီမှာ ကြည့်လဲ ဒီအချိန်ပဲ၊ ညကိုးနာရီမှာကြည့်လဲ ဒီအချိန်ပဲ၊ အချိန်မှန်နာရီတွေ၊ လူကြီးကို မရောင်းဘူး၊ ကလေးပဲရောင်းတယ်၊ တစ်လုံးသုံးကျပ် "

## နှစ်မျိုးဂေါ်ဖ်လားသောအကောင်

စကားဝိုင်းနှင့်မနီးမဝေးမှာ အမူးသမားများ ဆဲရေးဆိုင်းဟာနေကြသည်။ စကားဝိုင်းထဲမှ လူတစ်ယောက်မှာ အကြားမလျော်သောကြောင့် "ဒီသူငယ်တွေ သွားပြောဦးမှပါ" ဆိုတာ စကားဝိုင်းထဲမှ လူတစ်ယောက်က ထရန်ဟန်ပြင်ရာ ~စ်ယောက်က...

"ဦးလေး မသွားနဲ့ မသွားနဲ့၊ အခုမြင်နေရတဲ့ကောင်ဟာ အင်မတန် ရိုင်းတာ၊ ရိုင်းစိုင်းပုံများကတော့ အရက်မူးနေတဲ့ နာဠာဂရိဆင်နဲ့ ဖဲရှုံးပြီး ပြန်လာတဲ့ အာဠာဝကဘီလူးနဲ့ စပ်ကျသလားမှတ်ရ"

"အလိုလေးကွယ်၊ ဝေကဲသာလောကမှ ပျော်ပါးအချိန်အခါကို ကြောက်နေရမှာလား။ တရားကိုနတ်ကောင်းကြီးတယ်ကွာ"

www.burmeseclassic.com

www.burmeseclassic.com



## ဘီးစိပ်လိုပါပဲ

မန္တလေးသို့ မရောက်ဖူးသူတစ်စုနှင့် ရောက်ဖူးသော လူတောသားတစ်ယောက်တို့ တည်းခိုသောဘုန်းကြီးကျောင်းမှ ထွက်လာကြသည်။ မန္တလေးတောင်သို့ သွားကြမည်ဖြစ်သဖြင့် ဘတ်စ်ကားစီးရန်ပြောသည်။

"ဘယ်လောက်လောက်ဝေးလဲ" ဟု မရောက်ဖူးသူက မေး၏။

"သိပ်မဝေးပါဘူး၊ ကားမှတ်တိုင် နှစ်ဆယ်လောက် ဝေးမယ်ထင်တယ်"

*"မဝေးပါဘူးဆိုနေ၊ ကားမှတ်တိုင်တွေက တစ်ခုနဲ့တစ်ခု နီးလိုက်သမှ ဘီးစိပ်ထောင်ထားတာကမှ ကျဲသေးတယ်"*

## ရေဘူးနဲ့နို့ဘူး

ကျေးသီးကုန်းရွာသို့ တာဝန်နှင့်သွားမည့် ရဲတပ်သား များသည် ရေဘူးလက်နက်အပြည့်အစုံနှင့် လူတောသူ၏ အကြော်ဆိုင်ထဲသို့ဝင်လာရာ အကြော်သည်က ဤသို့တအံ့ တကြ ပြော၏။





*"အလိုတော်၊ ရဲသားသာဆိုရတယ်၊ ချက်တောင်ကြွေသေးရဲ့လားကွယ်တို့၊ ငါတူရယ်၊ ရေဘူးလွယ်မယ့်အစားနို့ဘူးသာ ဆောင်သွားပါတော့"*

လူတောဝသီကို သိနေသော လုံခြုံရေးရဲဘော်များမှာ ရယ်မောကြ၏။

## ဥစ္စာစောင့်တောင်မဝယ်နိုင်

နွားဝယ်လိုသော လူတောသားများမှာ နွားရှင်ပြောသော ဈေးကြောင့် တွန့်သွားကြကာ ...

"ဟာလိုလေး လူရယ်၊ ခွေဖိုးတစ်ထောင်၊ ကြောင်ဖိုးတစ်သိန်းဆိုတဲ့စကားမှာ နွားဖိုးတစ်သန်းလို့ ထပ်ဖြည့်ရမလို ဖြစ်နေပါရောလား"

"အင်းလေ၊ ခင်ဗျားတို့က ကြိုက်နွားကို လိုက်ရှာကြတာမဟုတ်လား၊ ကျုပ်ကလဲ ကြိုက်ဈေးခေါ်တာပေါ့"

ထိုအခါ *"နွားကိုကြိုက်တာက တကယ်ပါပဲ၊ ခင်ဗျားဆိုတဲ့ ဈေးနဲ့တော့ လူစင်စစ်ကဝယ်နိုင်မှာ မဟုတ်သေးဘူး။ သိန်းထီပေါက်တဲ့ ဥစ္စာစောင့် မဆိုရင်တော့ ဝယ်နိုင်မလား မသိဘူး"* ဟု လူတောသားက ပြန်ပြောကာ ရယ်ရယ်မောမော ထွက်လာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



## အလှူအိမ်မှ လက်ဖက်ခွက်

လှတောရွာအနီးတွင် ဘတ်စ်ကားတစ်စီးပျက်သည်။ ကားပေါ်တွင်ပါသော စပယ်ယာနှင့် ဒရိုင်ဘာတို့ တကုန်းကုန်း နှိုက်နေကြစဉ် မကြာခဏရောက်ရောက်လာသော ကားများမှအပေါင်းအသင်းများကလည်း ဝင်ရောက်ကူညီကြသည်။ ကားကားမနိုးသေး၊ မကောင်းသေး။ နောက်ထပ်ရောက်လာသော ကားများမှ လူများလည်း ခဏရပ်ကာ ဝင်ရောက်ကူညီကာ ထွက်သွားကြပြန်၏။ ဤသည်ကို လယ်ထွန်ရင်း မြင်နေသော လှတောသားကြီး ပြောလိုက်ပုံမှာ ...

"ဟလိုလေးကွယ် ကားရယ်၊ လာလာသမျှလူတွေ တစွတ်စွတ်နဲ့ ဝင်ဝင်နှိုက်သွားလိုက်ကြတာ အလှူအိမ်က လက်ဖက်ခွက်ကျနေတာပဲကွယ့်"

## မြေကြီးလို့သွားလေပြီ

ဆိုင်ထဲမှထွက်သွားသော ရင်းနှီးသည့် မိတ်ဆွေကြီးအား ကြည့်ကာ လှတောသားများ ရယ်မောကျန်ရစ်ခဲ့ကြစဉ် မကုန်နိုင်သေးသော ထိုမိတ်ဆွေ ဂုဏ်ထူးဝိသေသကို တစ်ယောက်က ထပ်မံဖော်ထုတ်လိုက်ပုံမှာ ဤသို့ဖြစ်၏။

"ဒီလူကြီး ဝက်လက်မှာ မနေဝံ့လို့ ထွက်ပြေးလာ





လိုက်တာ၊ လှတောမှာတောင်မနေဘဲ မဲကုန်းရောက်တဲ့ သွားငုပ်နေပုံတော့ဗျာ၊ မြေပဲတောင်လောက် ပညာဝါတာပဲ ဗျို့၊ မြေအောက်လဲ တိုးဝင်သေး၊ အခွံနဲ့လဲ ဖုံးထားသေးဗျ"

## မေမြို့ပန်း

ပျော်ရွှင်တတ်သော လှတောသားကြီး၏ ဥယျာဉ်ထဲသို့ လူရွှင်ကလေးများ ရောက်လာကြရာ မိုးမရွာသောကြောင့် လိမ် ခွေသေးလိုနေသော မေမြို့ပန်းခင်းကို မြင်သဖြင့် ...

"ကိုးလေးရဲ့ မေမြို့ပန်းတွေက တယ်သန်တာပဲ" ဟု ကျီစယ်လိုက်ရာ အခင်းရှင်က ...

"ဟဲ့ ... ငနာလေး၊ ဗြိတိသျှစကားလာမပြောနဲ့၊ မေမြို့ပန်းတွေကဖြင့် ပူဒီနာပင်လောက်တောင် မရှိဘဲနဲ့" ဟု ငေါက်လိုက်ရာ ဝါးခနဲရယ်မောကြလေ၏။

"ဟသိုလေး၊ အဲဒီလူတစ်ခုအရိုက်ခံရပုံများ တရုတ်နှစ်သစ်ကူးပွဲမှာ ဖောက်အိုးဖောက်သလောက် တဲ့ပြောင်းပြောင်းနဲ့ နားပင်းလှမတတ်ပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



# တီကောင်လိုလို

ထိုမှတဖန်ပူနာခင်းရှင်၏ ဥယျာဉ်ဟွင်းသို့ လည်ပင်းဆန့်တာမျှော်ကြည့်လိုက်သောအခါ ခြောက်နေသော ပဲလင်းမြွေကို မြင်ရပြန်သည့်အတွက် ...

"ဒါပေမယ့် ပဲလင်းမြွေကတော့ သန်သားပဲ"

"ပဲလင်းမြွေသီးတဲ့ကွာ၊ တီကောင်ကို သဘောဆေးအစိမ်းရောင်သုတ် ပေးပြီး စင်ပေါ်မှာ ဆွဲထားတာလောက်မှ မတင့်တယ်ပါဘူး"

ဥယျာဉ်ပိုင်ရှင်ကပင် သရုပ်ဖော်ပြလိုက်ပြန်ပေ၏။

# ပန်းကန်ဆေးရည်ကဲ့သို့

လူတောသားတစ်ဖွဲ့သည် ရန်ကုန်သို့ ရောက်လာကာ ဘုရားစုံလည်းဖူးအပြီးတွင် မြို့တွင်းသို့ လျှောက်လည်ကြသည်။ တစ်နေရာအရောက်တွင် မုန့်ဟင်းခါးအထမ်းသမားကို မြင်သဖြင့် ဝမ်းဖြည့်ရန် ချဉ်းကပ်လာကြ၏။ သို့ရာတွင် သူတို့ရှေ့က ရောက်နှင့်သော လူတစ်ယောက်အတွက် မုန့်ပြင်ပေးနေပုံကို မြင်သောအခါ ဤလိုရေရွတ်မိကြ၏။

"အလိုလေးဟဲ့ မုန့်တီတဲ့၊ ပန်းကန်းဆေးရည်နဲ့





ပြောင်းဖူးမွေးသုံးလေးပင် နဲ့ ပြောင်းဖူးမွေးသုံးလေးပင်နဲ့ ဖျော်ထားတာပါကလားကွယ်ရို့"

# ဝေပါသေးတယ်

မိုးရေလာပြီ။ လူတောသားလယ်သမားများ အပြေးအလွှားရေးသွင်းကြ၊ ထွန်ယက်ကြသည်။ လယ်တောမှာ ပွဲတော်တမျှ ပျော်စရာကြီးဖြစ်နေ၏။ လယ်သမားကြီးတစ်ယောက်သည် ကန်သင်းပေါ်မှာရပ်ပြီး သူ့လယ်ကွက်သူ ပြန်ကြည့်ရင်း ...

"ခုပုံနဲ့ကတော့ စိုက်ရက်ဝေးပါသေးတယ်ကွာ၊ စိုက်တယ်ဆိုတာက မြက်ပုပ်မြေသားတွေ နွားချေးတွေနဲ့ မိုးရေနောက်တွေ သမနေပြီး စမရေအိုးပွက်သလို ပွက်ထနေမှ စိုက်လို့ကောင်းငဲ့တွ"

ထိုအခါ ကန်သင်းပေါ်ရောက်နှင့်သူက ...

"ဒီအချိန်ဟာ ပင်ထောင်လာကြည့်နေကျ အချိန်ပဲဗျ"

"ဒီနှစ်တော့ အရချိန်မှာဝင် ထောင်ကြည့်ရို့ဆင်းလာကြရင်တော့ ဟောဒါပင်ထောင်ပါပဲဆိုပြီး ထန်းပင်ကို လက်ညှိုးထိုးပြလိုက်ရုံပဲကွ"

လယ်သမားကြီးက လယ်စပ်မှထန်းပင်များကို ရိုးရွှလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



## ဖားအော်ခံတွင်း

ကန်သင်းပေါ်တွင် ထိုသို့ရပ်ပြီး စကားပြောနေကြရာသို့ အခြားရွာမှအသိများ ရောက်လာကြသဖြင့် ဝမ်းသားအားရကြိုဆိုသည့်တွင် ဧည့်သည်က ...

"ခင်ဗျားတို့ဘက်မှ မိုးရွာတယ်ဆိုလို့ ဝမ်းသာပြီးလာကြည့်တာ"

"ရွာတော့ရွာပါရဲ့ဗျာ၊ ဒါပေမယ့် ဖားခံတွင်း ချဉ်ရုံလောက်ပဲ ရှိတယ်"

လှတောသားကြီးက ပြန်ဖြေလိုက်ရာ၊ ဧည့်သည်ကပင် ဆက်၍ ...

"မှုးရေကလဲ နည်းတယ်နော်"

"ဟလိုလေးလူ့ရယ်၊ မှုးရေနည်းလိုက်ပုံများတော့ လူ့မဟာ ဆလိုင်းသွင်းနေသလောက်ပဲ ရှိရှာလိုက်လေ"

## ယမမင်း၏ဒယ်အိုး

ရွှေကျင်ရွာတွင် ကျင်းပသော ရှင်ပြုအလှူမင်္ဂလာတစ်ခုမှ လှတောရွာသားများ တစ်စုတစ်ဝေးကြီး ပြန်လာကြရာ၊ တစ်ဦးက စတင်၍ ...





"ဟလိုလေးအလှူပွဲရယ်၊ နတ်ရွာတံခါးဖွင့်တဲ့ပွဲကြီးကမှ ပါပဲ၊ ကျွေးလိုက်မွေးလိုက်တာကလဲ ထမင်းရည်ချောင်းစီး၊ ချက်တဲ့ပြုတ်တဲ့ အိုးကြီးတွေဆိုရင် ကျွဲအုပ်ကြီးအိပ်နေသလားမှတ်ရ"

အတူတူလာသော အခြားတစ်ယောက်ကမူ ...

"ဟုတ်ပါရဲ့၊ မိုးဖြိုဒယ်ကြီးတွေကတော့ တစ်ချောင်တစ်ခေါ်ကြီးပဲ၊ ဒါပေမယ့် အဲဒါကြီးတွေမြင်ရတော့ ငရဲပြည်မှာ ငရဲသားကိုစောင်ချောင်နေတဲ့ ယမမင်းရဲ့ ဒယ်အိုးကြီးတွေနဲ့ တူလိုက်လေ" ဟု ဝင်ပြောလေသည်။ ဒုတိယသူမှာ အလှူပွဲကို ဘဝင်မကျခဲ့သူဖြစ်ပေမည်။

## ဖုန်ခါရတဲ့အလုပ်

စက်ပေါက်ဝကွမ်းယာဆိုင်တွင် လူမရှိ။ ဝယ်သူလာမှ ပြေးလာသည်။ ပြေးလာသော်လည်း မထိုင်နိုင်သေး။ ဖုန်တွေကို အဝတ်စုတ်နှင့် ပုတ်ခါနေရသေးသဖြင့် ကွမ်းယာဝယ်သူက....

အင်း ....ဖုန်ခါရတာကိုက အလုပ်ကြီးတစ်ခုပါပဲလား"

ဟုစကားစလိုက်ရာ၊ လှတောသားကွမ်းသည်က ...

"ဟလိုလေး၊ ဖုန်ပေါချက်ကတော့ မနက်ကမိန်းမ[illegible] ဆိုင်ထိုင်နိုင်းထားခဲ့ပြီး ညနေခါဆိုင်သိမ်းဖို့ ပြန်[illegible]



www.burmeseclassic.com

www.burmeseclassic.com



**မိန်းမ ရှာမတွေ့လို့ ကွမ်းယာဆိုင်နဲ့ မိန်းမကိုပေါက်ပြားနဲ့ ယက်ပြီး ရှာရတယ်ဗျာ"** ဟုပြန်ပြောလိုက်လေ၏။

## အိုးစည်ဖင်ကဲ့သို့

လှတောသားတစ်ယောက်သည် ရင်းနှီးသောသူငယ်ချင်းအိမ်သို့ ရေးကြီးသုတ်ပျာရောက်လာပြီး ...

"ဟကောင်၊ မနေ့တုန်းက ငါ့သားကိုဘာတွေကျွေးလိုက်သလဲ၊ ဗိုက်ကိုပုတ်ကြည့်တော့ အိုးစည်ကြက်ထားသလားမှတ်ရ၊ တဗိုန်းဗိုန်းနေတာပဲ" ဟုမေး၏။

"ကုလားပဲဟင်းနဲ့ ထမင်းကျွေးမိတယ်၊ ဝမ်းတွေဘာတွေများလျှောသေးသလား"

*"ဟလိုလေး၊ လျှောပုံတော့ပြောမနေနဲ့၊ လူ့ကိုကြာတော့ အိုးစည်ဖင်ရဲ့ အခေါင်းဖြစ်နေပြီ"*

**"အလိုလေးကွယ်၊ ဂျုံစားတိုင်းသာ မတည့်ရင်တော့ ဥရောပတိုက်တစ်တိုက်လုံးက လူတွေ အကုန်သေကုန်လို့ လူတောင်မရှိတော့ဘူး"**



## မနဲလေး၏ လက်စွပ်

မုန့်စားကျောင်းလွှတ်ချိန်ဖြစ်သည်။ ကျောင်းသားငယ်ကလေးသည် မုန့်ဖိုးပိုက်ဆံကိုင်ကာ မုန့်သည်တစ်ယောက်၏ ဗန်းရှေ့သို့ ရောက်လာသည်။ မုန့်မှာမုန့်လက်ကောက်များ ဖြစ်သည်။ သို့သော် မုန့်မှာ သေးငယ်လွန်းသည့်အတွက်...

**"ဟလိုလေး၊ မနဲလေးဝတ်တဲ့လက်စွပ်တွေ ဒီဗန်းထဲမှာ ဘယ်သူလာပြီး ပုံထားပါလိမ့်"** ဟုလှတောသားဗိုဗို နတ်သူငယ်ဝတ်သောလက်စွပ်အဖြစ် တင်စားပြောလိုက်လေ၏။

## နှစ်သစ်ကူးမြင်းမဟုတ်ပါ ...

ဘောလုံးပွဲတွင် ရန်ဖြစ်ကြသည်။ ရိုက်ကြသည်။ လှတောသားများ ထွက်ပြေးကြသည်။ အပြေးနေသူတစ်စု အရိုက်ခံရပုံကို—

**"ဟလိုလေး၊ အဲဒီလူတစ်စုအရိုက်ခံရပုံများတော့ တရုတ်နှစ်သစ်ကူးပွဲမှာ ဗျောက်အိုးဖောက်သလားမှတ်ရ၊ တဖြောင်းဖြောင်းနဲ့ နားပင်းလုမတတ်ပါပဲ"** ဟုအားရပါးရ ပြောကြလေသည်။



www.burmeseclassic.com

## ဘယ်လိုကျော်နိုင်ပါလိမ့် ...

လှတော–ဝက်လက်ကားလမ်းကို ကျောက်ချကျောက်ခင်းသောအခါ လူအများဝမ်းပန်းတသာရှိကြ၏။ ထိုခင်းထားသောကျောက်များကို ကြိတ်ရန်လမ်းကြိတ်စက်ကြီးတွေ လမ်းညှိမည့်သူတွေလာလိမ့်မည်ဆိုသောအခါ မျှော်ကြပြန်သည်။ တကယ်ရောက်လာသည့်အချိန်တွင် လမ်းကြိတ်ကျောက်တုံးသာဖြစ်နေရာ ...

*"ဟာလိုလေးဟဲ့၊ လမ်းကြိတ်စက် လမ်းကြိတ်စက်နဲ့ လက်ဖွဲ့လုံးလှိမ့်ချ ထားသလောက်ပဲ ရှိပါကလား၊ အတုံးကလေးနဲ့တော့ ကလေးတွေပစ်ချထားတဲ့ ဆီးစေ့တောင် ကျော်နိုင်ပါ့ မလားကွယ်ရို့"* ဟုလှတောသားကရယ်စရာတစ်ခု တိုးလာ၏။

## မှားလေရော့သလားကွယ်

လူတစ်ယောက်သည် လှတောသား၏ကွမ်းယာဆိုင်သို့ ကွမ်းယာတစ်ယာဝါးပြီး ဆယ်တန်ထုတ်ပေးရာ၊ ဆိုင်ရှင်က ဤလို မြည်တွန်လေ၏။

"ဟာလိုလေးလူရယ်၊ ကွမ်းယာတစ်ယာသုံးဆယ့်ငါးပြား ကိုဆယ်တန်ကြီး ပေးရတယ်လို့၊ ငါ့ဆိုင်ကိုများ အနုပ် (အကြွေ) လဲကဲ့စက်ရုံများ ထင်နေသလားကွယ်"





## တီကောင်ကလေး

ကလေးများဆိုးရာတွင် အမျိုးမျိုးရှိ၏။ အချို့တွင်တစ်အားဟစ်ငိုသည်။ အချို့သည် တအီအီငိုသည်။ အချို့လူးလှိမ့်၍ အချို့ကန်ကျောက်ဖျက်ဆီး၍ စသည်ဖြင့်ရှိ၏။

မန္တလေးတွင် လှတောသားများတည်းခိုလေ့ရှိသော ဝင်းအတွင်းမှ ကလေးကားသူစိတ်ဆိုးပြီးဆိုလျှင် မည်သူ၏အခေါ်မျှမခံ၊ အထိမခံသော ကလေးဖြစ်၏။ တစ်နေ့တွင်ထို ကလေးစိတ်ဆိုးနေပုံကို ကြည့်ကာလှတောသားက ...

*"ဒီကလေးတွန့်တွန့်သွားပုံက တီဆားနဲ့ တို့လိုက်လို့တွန့်သွားပုံနဲ့တူလိုက် လေကွယ်ရို့"* ဟုရေရွတ်လိုက်လေ၏။

## ဆေးဆိုမှဆေး

ဆိုင်ရှေ့တွင်မုန့်ဟင်းခါးဆိုင်ဖွင့်ထားသော ကုန်စုံဆိုင်သို့လှတောသူ တစ်ယောက်သန်ချဆေး လာမေးရာ၊ သူမေးသောတံဆိပ်နှင့် သန်ချဆေးမရှိချေ။ ထို့ကြောင့် "တခြားဟာတွေကုန်နေတယ်၊ မျက်မှန်တံဆိပ်ပဲ ရှိတယ်" ဟုဆိုင်ရှင်ကပြော၏။

"မျက်မှန်တံဆိပ်က ကောင်းတော ကောင်းရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



*"ဟာလိုလေးကွယ်၊ ကောင်းမကောင်းတော့ ဖေးမနေနဲ့၊ တစ်ခါတိုက်ထား လိုက်ရင်မုန့်တီ (မုန့်ဟင်းခါး) ညစ်နေသလို တန်းလန်းတန်းလန်းနဲ့ တစ်တွဲတွဲဖြစ်နေလိမ့်မယ်"*

## နွားစိတ်ပေါက်အောင်

မန္တလေးဆိုတော့ ဝက်လက်ချောင်းထက် ငါးပိကောင်းပေါ်မှာပဲဆိုတဲ့ အတွေးနဲ့လှတောသူတစ်ရ ကုန်ခြောက်တန်းထဲဝင်လာကြတယ်။ ဝယ်ချင်စဖွယ် ပုံ့ပုံ့ကလေးတွေ လုပ်ထားတဲ့ငါးပိ တွေထဲက အကောင်းဆုံးဆိုတဲ့ ငါးပိကိုကော်ပြီး လက်နဲ့ခြေ ကြည့်တယ်၊ လျှာနဲ့လဲမြည်းကြည့်ကြတယ်။

သေသေချာချာ မြည်းစမ်းကြည့်အပြီးမှာ အမျိုးသမီးတစ်ယောက်က ...

*"အလိုလေးဖွဲနုတွေ ရောထားလိုက်လေ၊ နည်းနည်းက လေးမြည်းကြည့်မိတာတောင် နွားစိတ်ပေါက်ပြီး ဝတ်အဲဝတ်အဲ. အော်ချင်လာပြီဟေ့"*

နွားစာမြက်ခြောက် ကောက်ရိုးထဲမှာ ဖွဲနုထည့်ပြီးကျွေးလေ့ရှိတဲ့အတွက် ဖွဲနုတွေတအားရောထားတဲ့ ငါးပိကိုအဲဒီလို ပြောလိုက်ခြင်းပါပဲ။





## ရန်သူမျိုးငါးပါးထဲမှတစ်ပါး

"ရန်သူငါးပါးထဲမှာ အင်မတန်ဆိုးရွားလှတာ၊ မညှာတာဘယ်သူ့မှ မထောက်စာ သူနိုးစားပြထက်ဆိုးတဲ့ ရန်သူဟာ ဤမျှ တစ်ခွင်မှာ ရန်သူမီးကိုအစဉ်ပဲ သတိပြုပါ"

မီးသတိပေးတဲ့ သီချင်းကျယ်ကျယ်လောင်လောင်ပေါ်လာချိန်နဲ့ကိုက်ပြီး အရန်မီးသတ်လူငယ်ကလေးတွေ၊ လူကြီးတွေ လိုက်လံပြီး သတိပေးနေကြတယ်။ မီးဖိုကို ထရံနားမထားဖို့၊ မီးအိမ်ငြိမ်းပြီးမှအိပ်ဖို့၊ မီးခွက်ကိုကလေးမဆော့အောင် သတိထားဖို့အစရှိသဖြင့်ပေါ့။

"ဒီအိမ်ကလူတွေလဲ ဟိုဘက်မှာ ပြောတာကြားပြီးရောပေါ့"

"ကြားပြီးပါပြီဗျာ၊ ကျုပ်တို့ကရေငုပ်ပြီးမှ ရေအောက်မှာ ထမင်းချက်တာပါ"

"အမှိုက်ကစ ပြာသာဒ်မီးလောင်သတဲ့၊ ဆေးလိပ်မီးလဲပေါ့ကြနဲ့"

*"မပေါ့ပါဘူးဗျာ၊ ကျုပ်တို့တစ်အိမ်သားလုံး ဆေးလိပ်မီးကိုသတိထားလိုက်ပုံများ မီးညှိတဲ့အထိရေပါးစပ်ထဲမှာ သွင်းသောက်တဲ့အတွက် အဝတ်တောင် မီးလောင်ပေါက်တစ်ပေါက်မှမရှိဘူး"*

မီးသတိပေးသူတွေ ကျေကျေနပ်နပ်နဲ့ ရယ်မောသွားကြတယ်။

နိုးရာဇာချုပ်

www.burmeseclassic.com

www.burmeseclassic.com



## သေရမယ်ဆိုရင်မြင့်

လူတောသူတစ်ယောက်ရဲ့ ဆွေမျိုးအသုဘကို လူတောသူတစ်စု ရောက်လာကြတယ်၊ မေးထူးခေါ်ပြောဖို့ မရင်းနှီးလှပေမယ့် အရင်းခံလူတောသူအတွက် အဖော်လိုက်လာကြတာလဲ ပါမယ်ထင်ပါရဲ့။

အသုဘရုပ်အလောင်းကို ရေမိုးချိုးသနပ်ခါးလိမ်း၊ အဝတ်အစား သစ်သစ်လွှင်လွှင် ခုတင်ပေါ်မှာ တင်ထားတာ ခုတင်ကိုဇာပဝါတွေနဲ့ မွှမ်းမံထားတာတော့ မြင်ဖူးပါတယ်။

အခုမြို့ပေါ်က အသုဘကတော့ဖြီးလိမ်းပြင်ဆင်ထားတာ မှန်ပေမယ့် နိုင်လွန်ခြင်ထောင် လုလုကလေးဖုံးထားတယ်။ ခုတင်ခေါင်းရင်းမှာ ပန်းအိုးလှလှကလေး စိုက်ထားပြီး ခုတင်ဝန်းကျင်မှာတော့ ပန်းခွေတွေ၊ ပန်းခြင်းတွေနဲ့ အသုဘလာ သူတွေကလဲ ပွဲနေပွဲထိုင်လာသူလိုလို ကြော့ကြော့ရှင်းရှင်းတွေ။

အဲဒါကြောင့် မသာကအပြန်မှာ လူတောသူတစ်ယောက်က ...

“အလိုလေးပြင်ဆင်ထားတဲ့ အသုဘ၊ မင်္ဂလာဆောင်သတို့သမီးလားမှတ်ရ၊ ဒီလိုသာသေရမယ်ဆိုရင် ငါတောင်သေချင်ပါရဲ့ဟယ်” တဲ့။

အဖော်တွေမှာ ရယ်မောလိုက်ကြတာ မျက်ရည်ထွက်မတတ်ပါပဲ။





## ကြိုသိထားသူမို့ ...

လူတောသားကြီးတစ်ယောက်ရဲ့ အိမ်ကိုလူနှစ်ယောက်ရောက်တယ်၊ တစ်ယောက်က ညွှန့်သည်၊ တစ်ယောက်က ညွှန့်သည်ကိုလိုက်ပို့သူ။

အိမ်ရှင်က သူ့ညီအရက်သမားရေးပေးလိုက်တဲ့ မိတ်ဆက်စာကို ဖတ်အပြီးမှာ မေးဝါတယ်။

“ဒီကောင် အရင်လိုသောက်တုန်းပဲလား”

“နည်းနည်းမှုပါးပဲ သောက်ဟန်တူပါတယ်”

ဒီအခါမှာ လိုက်ပို့သူက ...

“ကျွန်တော်က ဝက်လက်ကိုခရီးဆက်ရဦးမှာပါ၊ လိုက်ပို့လိုက်ပါ သေသေချာချာမှာလို့ ဝင်ပို့တာပါ၊ ဒီမှာတည်းမှာက ဒီမိတ်ဆွေပါ”

“ဟဲ . . . ဟဲ . . . ခင်ဗျား မပြောလဲ သိပါတယ်ဗျား မျက်နှာက ဖောတောတော အမ်းတမ်းတမ်းနဲ့မို့ ကျွန်တော့်ညီအရက်သမားရဲ့ မိတ်ဆွေဟာ သူပဲဖြစ်ရမယ် ခန့်မှန်းပြီးသားပါ”

ညွှန့်သည်မှာ ဆက်ထိုင်နေရ ကောင်းနိုးနိုးနဲ့ လိုက်ပို့သူနဲ့ပဲပြန်လိုက်သွားရ ကောင်းနိုးနိုးနဲ့ ကသိကအောက်ဖြစ်နေရှာလေရဲ့။

ဖိုးရာဇာအုပ်

www.burmeseclassic.com

www.burmeseclassic.com



## သမီးကိုပေးမယ် ...ဟေ့

မိုးကလည်းရွာ၊ မူးရေကလည်း ကောင်းစွာလာသော ကြောင့် လှတော့ရွာဝန်းကျင်ရှိ လယ်ကွင်းများတွင် ရေဖွေးနေသည်။ အားကြိုးမာန်တက် လုပ်ရှားနေသော ဦးကြီးများ၊ ရှိုတေး သံတကြော်ကြော်နှင့် ကောက်စိုက်နေသူများကို ရွှင်လန်းစဖွယ် မြင်ရလေ၏။

လမ်းနှင့်မနီးမဝေး လယ်ကွင်းတစ်ခုတွင် ကောက်စိုက်မများ ကောက်စိုက်နေကြသည်။ လယ်သမား လူငယ်လေးများလည်းရှေ့က ရိုက်၊ နောက်က မျိုးချနှင့် အလုပ်များနေကြသည်။

ကောက်စိုက်မများ စိုက်ရသည်မှာ အဆင်ပြေနေသော ကြောင့် လက်သွက်သည်၊ တက်ကြွသည် တေးတညည်းညည်းရှိကြသည်။ အရွယ်သင့်သင့် ကောက်စိုက်မကြီးတစ်ယောက်မှာမူ တမန်းကောင်းပုံကို မအောင့်အည်းနိုင်ဘဲ ...

"ကောင်းလိုက်တဲ့တမန်း၊ သနပ်ခါးခွက်ထဲ လက်နှိုက်ရသလို နေတာပဲ၊ အေးပြီးအိနေတာပဲ"

ထိုသို့တစ်ယောက်က အေးအေးကလေး ရိုးရိုးကလေး ထုတ်ဖော်ပြောသော်လည်း နောက်တစ်ယောက်ကမူ ...

"ဟဲ့ကောင်လေးတွေ ဒီလယ်ကွက်ဘယ်သူ ထွန်တာလဲ၊ ထွန်တာတော်လွန်းလို့ သမက်ဖမ်းတန် ဖမ်းရအောင်လို့ဟေ့၊ ငါ့သမီးကို မကြိုက်ရင်တော့ ငါ့ကိုယ်ကြိုက်ရမှာဟေ့၊ ပြောစမ်းထွန်တဲ့လူကို"

မိုးဝေကာအချပ်



## ဟုန်းကနဲ ...ဟုန်းကနဲ

လှတောသားများသည် အိမ်တစ်အိမ်တွင် အကြောင်းအားလျော်စွာ စုမိကြသည်။ စကားပြောရင်း စားသောက်ရင်းနှင့် မီးဖိုကို ဝိုင်းထိုင်ကြသည်။ ဆောင်းရာသီ ထုံးစံအတိုင်း မီးဖိုကို လှုပ်နှိုးပါမှ မီးမတောက်တော့ချေ။

ဧည့်သည်တစ်ယောက်သည် ...

"မီးနိုးလိုက်တာကွာ"

အိမ်ရှင်က ...

"မီးက ကောင်းကောင်း မတောက်ပါဘူးဗျာ၊ နဘဲသားတွေများလား မသိပါဘူး"

"နဘဲသားဆိုသာတောင် ကောင်းသေးတယ်၊ ခင်းတို့မစိုက်တတ်ရင် မစိုက်တတ်ဘူးပြောတာမဟုတ်ဘူး၊ နဘဲသား ကစိုက်တတ်ရင် ခတ်ဆီကို မီးစိုက်ရသလို နေတဲ၊ ဟုန်းကနဲ ဟုန်းကနဲ"

လက်ဟန် ခြေဟန်နှင့် ပြောလိုက်ရာ၊ ရယ်မောသံများ ညံနေလေ၏။

"တောင်ပိုင်းက မဟုတ်လား။ အလှီစေး မျက်နှာထား တင်းပုံကလဲ တစ်ကမ္ဘာလုံးကို သူတို့ခေါင်းပေါ် တင်ပြီး ကျွေးထားရတဲ့မျက်နှာနဲ့ဟဲ့"

www.burmeseclassic.com

www.burmeseclassic.com



## နာနေပါမယ်ကွယ်

ပျော်တတ်ရွှင်တတ်၍ မြက်နုလည်း အလွန်ကြိုက်သော လူတောသားကြီးအား ရင်းနှီးသူများက စကြ၏။

"ခင်ဗျားကြိုက်တဲ့ရုပ်ပဲ၊ သို့သော်လည်းငယ်နေတယ်၊ ခင်ဗျား နဲ့ ကွာလွန်းတယ်"

ထိုအခါ မြက်နုကြိုက်ကြီး ပြောပုံမှာ ...

"*ကိစ္စမရှိပါဘူး၊ ငယ်ချင် ငယ်ပါစေ၊ လှရင်တော် ပါပြီ၊ ငယ်လို့ကတော့ ဘယ်လောက် ငယ်ငယ်၊ သံသရာက နို့ဘူးကိုင်ပြီး စောင့်ရစောင့်ရ*"

သူ၏အဖြေကို ကြားရသူများမှာ မရယ်ဘဲမနေနိုင်ကြ သောကြောင့် "ခင်ဗျားနာနေပါ့မယ်" ပြောကာ ရယ်မောကြရလေ၏။

## ဒေါ်ဥ၏ သစ်ပင်ချိုင်နည်း

လက်ဖက်ရည်ဆိုင်ဘေးတွင် လူငယ်ကလေးတွေ ဒိုးဆက် ကစားနေကြ၏။ သို့ရာတွင် တစ်ပွဲမပြီးသေးမီ အိမ်ကလိုက်ခေါ် သောကြောင့် တစ်ယောက်ထ,သွား၏။ နောက်တစ်ပွဲ အစတွင် ညှိသည်လာသဖြင့် တစ်ယောက်က ထ, ပြန်ရာ၊ ဒိုးဆက်ဝိုင်းရှင်က





"*မင်းတို့ဟာကွာ၊ ဒေါ်ဥသစ်ပင်ချိုင်သလို တော်ကြ ဟိုကိုင်း ခုတ်လိုက်၊ တော်ကြာ ဒီကိုင်းခုတ်လိုက်နဲ့ ခေါင်းတုံး ဖြစ်သလို မင်းတို့လဲ တစ်ယောက်ထသွား တစ်ယောက်ထ သွားနဲ့ ငါပဲ ကျန်တော့မှာပါကလား*"

ဝိုင်းကြည့်နေသူများမှာ ပြုံးနေမိကြလေသည်။

## အကောင်းဆုံးနောက်တန်း

လူတော ဘောလုံးသင်းနှင့် ရွှေကျင်ဘောလုံးသင်းတို့ ကစားမည့်ကဖြစ်သည်။ အခြားနေရာမှ လူများမှာ ပြောစရာမရှိသော် လည်း နောက်တန်းနှစ်ယောက်မှာ တစ်ဖက်သင်းနှင့်စာလျှင် အလွန် ညံ့သည်။ ဘောလုံးရောက်လာလျှင်လည်း ခါးထောက်ပြီးရပ် နေသည်ကများသဖြင့် ...

"*အလိုလေးဟဲ့ ဘောလုံးသမားရဲ့၊ နောက်တန်းခုံ လို့ ထည့်ထားပါတယ်၊ လူစင်စစ်က ဘယ်နှယ့်ကြောင့် ကျောက်တိုင်တွေ ဖြစ်ကုန်ရတာလဲ မောင်ကန်ရဲ့*"

ဟု အော်ရာ၊ ပွဲကြည့်ပရိသတ်များမှ တဝါးဝါးပွဲကျနေကြ လေ၏။



www.burmeseclassic.com

www.burmeseclassic.com



## ဆင်ခေါင်းအုန်းသီး

လှတောသူတစ်ဦးသည် အလှူလုပ်လိုသောကြောင့် မန္တလေးနှင့် အဆက်အသွယ်ရှိသော ကားသမားတစ်ယောက်ထံ အုန်းသီးကြီးကြီး ဝယ်ခဲ့ရန် မှာကြားနေသည်ကို ကြားသော သူငယ်တစ်ယောက်က ...

"*အုန်းသီးကောင်းကောင်းလိုချင်ရင် သောင်ပြင်မှာ သွားဝယ်စမ်းပါဗျာ၊ မန္တလေးကိုမှာနေဖို့ မလိုပါဘူး*"

"ကြီးကြီး လိုချင်လို့တဲ့"

"*ကြီးပါတယ်ဗျာ၊ အုန်းသီး တစ်လုံးတစ်လုံးဟာ ဆင်ခေါင်းလောက် ရှိတယ်*"

ထိုအခါ ကြားဖောက်ပြီး တစ်ယောက်က မှတ်ချက်ချုံမှာ...

"ဟုတ်ပါတယ်၊ ဆန်စေ့ကို ထုထားတဲ့ ဆင်ရုပ်ရဲ့ခေါင်း လောက်ရှိတဲ့ အုန်းသီးတွေ ပေါပါတယ်၊ အများကြီးပဲ"

အုန်းသီးလိုချင်သော အဒေါ်ကြီးမှာ ယုံရအခက် မယုံရ အခက်နှင့် ရယ်မောနေရတော့သည်။

**"အလိုလေး၊ မနေ့ကမှ ငါမွေးလို့ လူဖြစ်လာတဲ့ ကလေးက ငါ့ထက် သိချင်လို့တဲ့၊ ဘယ်ရမလဲ၊ တင်း မှတ်ဆိတ်ထက် သွားကရှည်ချင်သတဲ့"**



## ယင်ကောင်မျက်လုံး

သက်သာဆိုင်ထဲသို့ လူတစ်ယောက်ဝင်လာကာ လ.ဘ်ဖက် ရည်တစ်ခွက်နှင့် နံပြားတစ်ခု မှာကြားသည်။ စားပွဲထိုးက နံပြားကို ပို၍ သေချာစေရန်မေး၏။

"နံပြားက တစ်ခုလား၊ နှစ်ခုလား"

"***အဲ့လိုလေးကွာ၊ နှစ်ခုစားရအောင် မင်းတို့ လက်ဖက်ရည်က ဘယ်လောက်များများပါလို့လဲ၊ လက်ဖက် ရည်ပန်းကန်တဲ့၊ ယင်ကောင်ရဲ့ မျက်လုံးလားမှတ်ရ***"

သူတို့ဆိုင်က လက်ဖက်ရည်ပန်းကန်က အလွန်ငယ်သည်ဟု ပြောခြင်းဖြစ်ရာ၊ စားပွဲထိုးမှာ အောင့်သက်သက်နှင့် ပြုံးနေရှာသည်။

## ရှစ်ဆယ်ကျော်အဘွားအိုလေ

"အဘွားလေး အသက်ရှစ်ဆယ်ကျော်ပြီလားဟင်"

လူလေးတစ်ယောက်က ရွှံ့ဗွက်ထဲတွင် တုန်တုန်ချည့် ချည့် လျှောက်လာသော လှတောရွာသူ အဘွားအိုတစ်ယောက်အား လမ်းကောင်းသို့ ရောက်အောင်တွဲပို့ရင်းမေးရာ ...

"အလိုလေး ဘွားလေးအသက် မေးနေမယ့်အစား ဘွားလေး အသားကို ရာလကာရည်နဲ့ကျိုတောင်ပွမှာ မဟုတ်ဘူး၊ ဆီများများနဲ့

မိုးရောင်စာအုပ်

www.burmeseclassic.com

www.burmeseclassic.com



ကြော်ရင်တော့ နည်းနည်းပါးပါး ကြွပ်မလားမသိဘူး"

ဤသို့ဖြင့် လူငယ်ကလေးများမှာ လှတောလေ လှတောမာန် ဝင်လာစေရန် ဘူးသွင်းပေးခြင်း ခံကြရလေ၏။

## အင်အားမြပုံရုပ် ...

ရုပ်ရှင်ပြမည် ကြားသောကြောင့် ကလေးတွေတစ်ပြုံကြီးနှင့် ထွက်လာသော အမျိုးသမီးတစ်ယောက်သည် ကားလာနေသောကြောင့် ရပ်စောင့်နေစဉ် ရင်းနှီးသော ဦးကြီးတစ်ယောက်သည် အနားရောက်လာ၏။ ကလေးတွေကို ငုံ့ကြည့်ပြီးမေး၏။

"အင်အား အကုန်ပဲလား၊ အထီး ဘယ်နှစ်ယောက်၊ အမ ဘယ်နှစ်ယောက်လဲ"

"အခုလာတာတော့ ငါးယောက်တည်းပါ ဦးလေးရာ အိမ်မှာ ကျန်ခဲ့တာရောဆိုရင် ယောကျ်ားကလေး ခုနစ်ယောက်၊ မိန်းကလေး သုံးယောက်"

ထိုအခါ စတတ်မေးသော ဦးကြီးက ...

"သားရှင်ပြုလို့တော့ ရပြီပေါ့၊ ဒါပေမယ့် လျှပ်စစ်မီးသာဆိုရင် မီးထွန်းလို့ လင်းမှာမဟုတ်ဘူးဟ၊ အဖိုဓာတ်ကများနေပါကလား၊ ရေနံဆီဖြုန်း ဖယောင်းတိုင်ဖြုန်းတွေပဲပေါ့"





ပြောဆိုထွက်သွားသဖြင့် ကလေးတို့ အမေမှာ ရယ်မောပြီး ကျန်ရစ်ခဲ့လေ၏။

## မှတ်ဆိတ်ထက်ရှည်သောသွား

မိခင်ဖြစ်သူသည် လယ်ထဲသို့မသွားဘဲ ဖယ်တောက်နံ့တွင် အချိန်ဖြုန်းနေသော သားဖြစ်သူထံ ရောက်လာပြီး ...

"ဟဲ့ကောင်လေး မူးထဲမှာ ရေတိုးနေတယ်၊ အဲဒါကြောင့် ကိုယ့်လယ်ထဲက ကန်သင်းကျိုးပြီး သူများလယ်တွေ နစ်ကုန်ရင် အားနာစရာတဲ့"

"မကျိုးပါဘူး အမေရာ"

"ကျိုးရင် ဘယ့်နှယ်လုပ်မလဲ၊ နင် မမွေးခင်ကတည်းက လယ်လုပ်လာလို့ ဒီလယ်ရဲ့သဘော ဒီမူးရဲ့သဘောကို နင့်ထက် သိလို့ ပြောနေတာ"

"အမေကလဲ ကိစ္စမရှိပါဘူးဗျ"

သားဖြစ်သူက စိတ်မရှည်သံနှင့် ပြောသောအခါ မိခင် သည် တုတ်တဝင့်ဝင့်နှင့် ရေရွတ်နေပုံမှာ ...

"အလိုလေး၊ မနေ့ကမှ ငါမွေးလို့ လူဖြစ်လာတဲ့ ကလေးက ငါ့ထက် သိချင်လို့တဲ့၊ ဘယ်ရမလဲ တောင်း



www.burmeseclassic.com

www.burmeseclassic.com



မှတ်ဆိတ်ထက် သွားကရှည်ချင်သတဲ့"

တောက်ခုံပိုင်းမှ လူငယ်များမှာ ရယ်မောနေကြရလေ၏။

## ကြက်ဥမှိုဝဲနည်း

မိတ်ဆွေ လှတောသားနှင့် မိတ်ဆွေ ရွှေကျင်ရွာသားတို့ ကျောက်လမ်းပေါ်တွင် မမျှော်လင့်ဘဲ ဆုံမိကြရာ၊ ဝမ်းသာအားရ နှုတ်ဆက်ကြ၏။ ပြီးလျှင် ရွှေကျင်သားသည် သူငယ်ချင်းအား ကြည့်ကာ ...

"ပိန်လှချေလား လှရာ၊ ဝအောင် ကြက်ဥလေး ဘာလေး မှိုဝဲစမ်းပါဦး"

"ကြက်ဥကို ဘယ်လိုလုပ်ရမှာလဲ"

● "အလုံးလိုက် သောက်ပေါ့ဗျာ"

ရွှေကျင်သားသည် အလုံးလိုက် ဖောက်သောက်ရန် အကြံ ပေးခြင်းဖြစ်သော်လည်း စကားမှာ မပြည့်စုံချေ။ ထို့ကြောင့် လှတောသားက '...

"အလိုလေး လှရာ၊ အလုံးလိုက် မျိုလို့သာ ဝ, မယ် ဆိုရင် လက်ဖက်ရည်ဆိုင်က ကြက်ဥဝလင်းတွေဟာ ခဏခဏ ထွဲထွက်ကုန်တော့မှာပါ"





ရွှေကျင်သားမှာ ကိုယ့်စကားနှင့်ကိုယ်မိထား ရယ်မော နေရလေ၏။

## သင်းကျွပ်ပြီးဖြစ်နေပါမယ်ကွယ်

နွားလှည်းသည် လယ်ကွင်းထဲတွင် ဖောက်ထားသော လမ်းအတိုင်း တစ်အားပြေးလျက်ရှိသည်။ ဖုန်ချိုင့်များကို တွေ့ရ လျှင်ဘေးက ကွေ့မောင်းသည်။ ကန်သင်းတွေကို ကျော်တက်ရာ လှည်းဘေးက ကွေ့မောင်းသည်။ ကန်သင်းတွေကို ကျော်တက်ရာ လှည်းမှာ အဆက်မပြတ် ဆောင့်နေသည်။

လူကြီးတစ်ယောက်မှာ လှည်းရုံတိုင့်ကို တစ်အားကိုင်ပြီး လိုက်လာရာက မတတ်ရပ်ပြီး လှည်းမောင်းနေသော လူငယ်ကလေး အား အော်ပြော၏။

"ဟဲ့ကောင်လေး၊ ထိုင်မောင်းစမ်း၊ ထိုင်မောင်းစမ်း"

လှည်းမောင်းသူသည် ကြား၏။ သို့ရာတွင် မထိုင်ချေ။ ထိုအခါ ထိုင်နေသူက

"ဟဲ့ကောင်လေးထိုင်ပြီး မမောင်းရင် ဒုက္ခရောက် လိမ့်မယ်၊ ဒီလမ်းကို ဒီပုံအတိုင်းလဲ မောင်းမယ်၊ မတ်တတ်လဲ လိုက်မယ်ဆိုရင်တော့ အိမ်ရောက်ရင် "သင်းကွပ်" ပြီးသား ဖြစ်ပြီ မှတ်ပေတော့ဟေ့"



www.burmeseclassic.com

www.burmeseclassic.com



## ဒီရာသီ ဘာတွေပေါ်ပါလိမ့်

ရုံးပိတ်ရက်ဖြစ်၍ မန္တလေးမှ မိတ်ဆွေများ လှတောသို့ လာရောက် လည်ပတ်ကြရင်း ဟိုမေးသည်မေးလုပ်ကြရာ ဝက်လက် အကြောင်း ရောက်သွားသည်။ ထိုအခါ အထူးအဆန်း ဝယ်စရာ ခြမ်းစရာ ရှိလိုရှိငြားသဘောနှင့် ...

"ဝက်လက်မှာ ဒီရာသီ ဘာတွေများပေါ်လဲ ဦးခလေး"

"ဒီရာသီမှာတော့ ခရမ်းချဉ်သီးနဲ့ အစည်းအဝေးပဲပေါ်တယ် ဟေ့၊ ကျန်တာကတော့ ဘာမှမပေါ်ဘူး"

## ခလုတ်တိုက်ပုံဂုဏ်က ...

သူငယ်ကလေးသည် ဤဘက်အိမ်မှဖြစ်၏။ မိခင်အဝယ် လွှတ်သော ပစ္စည်းသွားဝယ်ရာက ပြန်လာစဉ် ဟိုဘက်အိမ်တွင် ညှို့သည်တွေရောက်နေသည်ကို တွေ့ရ၏။ ထို့ကြောင့် ငေးမောပြီး လာရာ ဝင်းအဝင်ဝတွင် ရှိနေကျဖြစ်သော ငုတ်တိုတိုက်မိကာ လဲလေ ရာ၊ ဖိနပ်လည်းပြုတ်၊ ဒူးလည်း တံတောင်လောက် ပြဲသွား၏။

ထိုအခါ မိခင်က ...

"တိုက်ဟဲ့ တိုက်ဟဲ့၊ သုံးတောင် ခလုတ်ကိုတောင် ဖြုတ်





ကလေးတဲ့လို့ ပြောပြီးတက်နင်းဟေ့"

တစ်ဖက်အိမ်မှ ညှို့သည်များမှာ ဝေါကနဲ ရယ်ကြလေ၏။

## ကောက်ကွက်တစ်ကွက်စာဥပမာ

လူငယ်၏ အိမ်ကလေးမှာ ငယ်သော်လည်း သပ်ရပ်သည်။ နေချင်စဖွယ်ရှိသည်။ လိုအပ်ရာရာများ ပြီးပြည့်စုံနေပါလျက် လူငယ် သည် ဝါးနီးပြားများနှင့် "ပရွက်ထောင်" ထရံ တစ်ချပ်ယက်နေ သည့်အတွက် တစ်ဖက်အိမ်မှ သူ့ဦးလေးက လှမ်းမေး၏။

"ထရံယက်တာက ဘယ်မှာထားဖို့လဲကွ"

"မီးဖိုထဲမှာ ကာဖို့ပါဦးလေးရယ်၊ ထမင်းစားခန်းနဲ့ မီးဖိုခန်း တစ်ခြားစီဆိုတော့ ကောင်းတာပေါ့"

ထိုအခါ ဦးလေးက ...

"အလိုလေးကောင်ရာ အိမ်ကြည့်တော့ဖြင့် ကောက်ကွက်တစ်ကွက်စာ တောင်မကျယ်ပဲနဲ့၊ ဧည့်ခန်းမီးခန်းနဲ့ ထမင်းစားခန်း ခွဲဦးမလို့လားဟ"

လမ်းသွားလမ်းလာများမှာ လှည့်ကြည့်ပြီး ရယ်မောသွားကြ လေ၏။



www.burmeseclassic.com

www.burmeseclassic.com



## နေ့ချင်းမတူပါကွယ်

"အမယ်၊ လှတောက သတင်းစာ နေ့ချင်းရောက်တဲ့ နေရာပါကလား"

လက်ဖက်ရည်သောက်နေသူတစ်ဦးသည် လာပို့သော သတင်းစာကို ဦးစွာထယူလိုက်ပြီး မျက်နှာဖုံးသတင်းကို ဖတ်ရင်း ရက်စွဲကြည့်ပြီး အော်လိုက်ရာဆိုင်ရှင်က၊

"နေ့ချင်းတူပေမယ့် လချင်းမတူပါဘူးကွ၊ အလိုလေးဟဲ့၊ မျက်လုံးက ဒေဝဒတ်ကုလားတဲ မျက်လုံးလားမှတ်ရ"

ရောက်ရှိဆဲရက်သည် ဖေဖော်ဝါရီ ၁၁ ရက်ဖြစ်ပါက သတင်းစာမှ ရက်စွဲသည် ဇန်နဝါရီ ၁၀ ရက်ဖြစ်နိုင်ခြင်းကို ရည်ညွှန်းလိုက်ရာ၊ ဓာတ်သိများက ဝိုင်းဟားကြသည်။

## ကလေးရဲ့ လိမ်မာပုံက ...

ဤကလေးသည် အေးဆေး၏။ သူတစ်ပါးကိုလည်း မနှောင့်ယှက်။ စိတ်ကောင်းနှလုံးကောင်း၏။ လူကြီးတွေစကားပြောနေသည့်အခါတွင်ထိုင်ကာ လက်ကိုချည်း စုပ်၍နေလေ၏။

လူကြီးများသည် ထိုကလေးကို မျှောက်ရှုံးအောင်ဆော့





နေသော အခြားကလေးနှင့် ယှဉ်နိုင်းကြည့်ကာ ...

"အေးတဲ့ ဘဝမှာတော့ နှင်းပွင့်တွေထဲမှာ ပါလာတဲ့ ထင်းကြမ်းခဲလားမှတ်ရ"

အခြားတစ်ယောက်ကလည်း ...

"အလိုလေး၊ လက်မစုပ်နေပုံများ၊ နို့မျက်ကလေး ချိုလိမ်ငုံထားတာ ကျနေတာပဲ"

ထိုအခါ နောက်တစ်ယောက်ကလည်း ...

"ချိုလိမ်ပြီဆိုမှတော့ မထူးပါဘူးကွာ၊ ချိုမိုင်မိုင်သာ အကသင်ပေးလိုက်ပါတော့၊ စုံသွားရော မဟုတ်လား"

စကားဝိုင်းမှာ ရယ်မောသံများ ဆူညံသွားလေ၏။

## စွန့်သုတ်သွားသလို

ပျော်ပျော်နေတတ်သော လူတောသားအဖိုးအိုတစ်ယောက်သည်တစ်ကိုယ်တည်းနေသူ ဖြစ်သည့်အတွက် အလွန်လွတ်လပ်သည်။ ကာလသားငယ်များနှင့် ရောနှောကာ ရယ်မောနေရလျှင် အလွန်ကျေနပ်သည်။

တစ်နေ့တွင် သူ့အကြောင်းကိုသူပြန်ပြောပုံမှာ ...

"ငါကလဲ မိန်းမဆိုတယ်သဘောကျတာကလား၊ အဒါနဲ့ မိန်းမစုစု မြင်လို့ကမန်းကတန်းသွားပြီး လူရောင်ပြတာ၊ သိကွာကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်များယုံကြည်သလဲဆိုတော့ ငါ့လဲ မြင်ရော၊ ကြက်မိသားစုကိုစွန်ထိုးသုတ်သလားမှတ်ရပေ့၊ ထပြေးလိုက်ကြတာ ဝေါ်ဝေါ်, ဝေါ်ဝေါ်နဲ့နေတာပဲ"

အားရပါးရပြောလိုက်ရာ၊ လူငယ်များရယ်မောနေကြလေ၏။

## ပုဆိုးခွဲတမ်း

သမဝါယမဆိုင်ထဲမှ ထွက်လာသောအမျိုးသမီးသည် ညည်းတွားနေ၏။

"အိမ်ကလူကလဲ ဆေးလိပ်သောက်လိုက်တာ မီးချင်းကူးသောက်တယ်၊ ဆန်စက်ခေါင်းတိုင်နဲ့ ဆေးလိပ်မကြာခဏ လူတွေမှားကြတယ်"

မုန့်ဟင်းခါးသည်က နားကြားပြွင်းကတ်လာဟန်ဖြင့်...

"နင့်...ယောကျ်ားဒါလောက် ဆေးလိပ်သောက်မှတော့ ပုဆိုးတွေမှာ အပေါက်ကြီးနေမှာပေါ့၊ မထူးပါဘူးဟယ်၊ ငါးဖမ်းပိုက်ပဲပုဆိုးချုပ်ပေးလိုက်ပါ"

"ပိုက်က ပိုပြီးဈေးကြီးလို့ လုံချည်ခွဲတမ်းပါ မပါလာမေးတာ၊ မပါဘူးတဲ့"

"အလိုလေးလေး၊ ပုဆိုးခွဲတမ်းမျှော်မယ့်အစား ဝင့်ကူ





အိမ်သာ ပုဆိုးချုပ်ပေးလိုက်ဟဲ့၊ စိတ်ကူးမလွဲနဲ့"

ထိုစကားကို ကြားသူများမှ ပြုံးစိစိဖြင့် ဖြစ်နေကြလေ၏။

## နွားစားသွားသောသက်ကယ်

မိုးသံလေသံ ကြားပြီဆိုလျှင်အိမ်မိုးပြင်စရာရှိသူများ လှုပ်ရှားလာသလို သက်ကယ်(သက်ငယ်) ရောင်းသူများလည်း ဘယ်အချိန်တွင်ဈေးတက်ပေါ့မည်နည်းဟု ချောင်းနေ၏။

သက်ကယ်ဝယ်သူ တစ်ယောက်သည်ဈေးမဆစ်ဘဲ...

"ဦးလေးသက်ကယ်တွေက ခိုင်ကော ခိုင်ရဲ့လားဗျာ"

"ဒီမယ်ငါ့တူ၊ ရဲရဲကြီးဂရန်ဒီပေးတယ်၊ ငါ့သက်ကယ်မိုးထားတဲ့ အိမ်ပေါ်ကိုဆင်တက်တောင် ဘာမှမဖြစ်စေရဘူး"

ထိုအခါ ဝယ်သူက ...

"အလိုလေးဗျ၊ ဂရန်ဒီပေးတယ် ပေးတယ်နဲ့ မနှစ်တုန်းက သက်ကယ်တွေကတော့ ပုံထားတုန်းမှာ နွားစားပစ်လို့ မမိုးလိုက်ရပဲ ဖြစ်သွားပါတလား"

ဆိုင်ရှင်၏ သားသမီးများမှာ ဟားတိုက်ရယ်မောကြ၏။

"ဟဲ့ကောင်လေးဆိုင်ပြီး မမောင်းရင် ဒုက္ခတွေ့လိမ့်မယ်၊ ဒီလမ်းကို ဒီပုံအတိုင်းလဲ မောင်းမယ်၊ မတ်တတ်လဲ ရပ်မယ်ဆိုရင်တော့ အိမ်ရောက်ရင် "သင်းကွပ်" ပြီးသားဖြစ်ပြီ မှတ်ပေတော့ဟေ့"

www.burmeseclassic.com

www.burmeseclassic.com



## မျက်နှာထားတင်းပုံရှယ်က ...

မုန့်တီဆိုင်ရှင်သည် ဈေးဝယ်မို့သာဈေးသည်ပီပီ ရောင်းလိုက်ရသော်လည်း ထိုဈေးဝယ်ကိုသဘောမကျပေ။ မျက်နှာအနေအထား ငေါ့ငေါ့ရှိသည်။ တင်းမာခြင်းလည်းရှိသည်။

ထို့ကြောင့် ကွမ်းယာသည်အားလှမ်းမေး၏။

*"တောင်ပိုင်းက မဟုတ်လား၊ အလိုလေးမျက်နှာထားတင်းပုံကလဲ တစ်ကမ္ဘာလုံးကိုသူ့အိမ်ပေါ်တင်ပြီး ကျွေးထားရတဲ့ မျက်နှာနဲ့ဟဲ့"*

ကွမ်းယာသည်ကလည်း ...

*"ဟုတ်တယ်၊ ပြောင်းလာတာသိပ်မကြာသေးဘူး၊ မျက်နှာထားတင်းပဲလားဟဲ့၊ နှုတ်သီးချွန်ပုံကတော့ တကယ့်ဂဠုန်အစစ်ရဲ့ နှုတ်သီးတောင် သူ့လောက်မချွန်လို့ဂဠုန်ငိုရမှာ စိုးရတယ်ဟော့"*

ပြီးတော့ နှစ်ယောက်ပေါင်း၍ရယ်မောကြသည်။

**"ကျွန်ုပ်တို့ရဲ့ ပြဿနာကြီးပေါ်မှာ သူ့တာဝန်မပြီးသေးတော့ လောကသားတွေ အမှည့်တစ်ဝင်း ဝင်း သီးကင်းတစုယ်ထုတ်ပြနေတာကို ကြည့်ပြီး မရှုနေနိုင်ဘဲ ရှုနေရသလိုမျိုး ဒီထက်ပင်ပန်းတာ ဘယ်တော့သိမှာလဲ"**



## မိန်းမရော့ခိုမှမြင် ...

ထိုလှတောသား လှငယ်မှာအပေါင်းအသင်းပျက်မည် စိုး၍ တစ်ကြောင်း၊ သူကြောက်ရသူများ ခေါ်သောကြောင့်တစ်ကြောင်း အရက်ဝိုင်းသို့လိုက်လာရသော်လည်း နောက်ကြောင်းမအေးချေ။ ဖင်တကြွကြွ ဖြစ်နေပြီးအနည်းငယ်သောက် အပြီးတွင် ...

"ပြန်ဦးမယ်၊ မိန်းမကမျက်နှာမြင်တော့မလို့လား မသိဘူး"

ထိုအခါ အိမ်နီးချင်းတစ်ယောက်က ...

*"မိန်းမမျက်နှာမြင်တာများ အဆန်းလုပ်လို့ကွာ၊ မိန်းမရေ မျက်လုံးပြူးလိုက်စမ်းလို့ပြောရင် ကလေးချွေးလာတာပဲကွ၊ အံ ကျိုးကြိတ်လိုက်ရင်တော့ ကလေးကို ဘောလုံးဖမ်းသလို ဆီးဖမ်းဖို့သာ ပြင်ထားပေတော့"*

စသည်မှစပြီး ဆူညံနေသော ဝိုင်းမှာယခုမှအတော မသတ်နိုင်သောရယ်မောသံကြီး လွှမ်းမိုးသွားလေ၏။

**"ဦးလေး မသွားနဲ့ မသွားနဲ့၊ အခုမြင်နေရတဲ့တောင်ဟာ အင်မတန် ရှိင်းတာ၊ ရှိင်းစိုင်းပုံများကတော့ အရက်မူးနေတဲ့ နာဋ္ဌာဂရိဆင်နဲ့ ဖဲရှုံးပြီး ပြန်လာတဲ့ အာဋ္ဌာဝက သီးချင်းနဲ့ စပ်တျှသလားမှတ်ရ"**

www.burmeseclassic.com

www.burmeseclassic.com



## ကမ္ဘာ့ဦးအာစမှ ...

တစ်ရုံတစ်ယောက်ကွယ်လွန်လျှင် လိုက်မသွားဘူးလား ဟုအချင်းချင်းနောင်ပြောင် ကြသည်။ မီးရာရောဂါနဲ့ လိုက်ခဲ့ပါလို့ မှာသွားတယ် စသည်ဖြင့် စတတ်ကြသည်။ ယခုအသုဘတွင်လည်းလူငယ်များသည် အချင်းချင်းကို နောက်ပြောင်အပြီးတွင် ဦးခန်း၌ ထိုင်နေသော အာဘတစ်ယောက်အား ...

"ဒီရွာမှာတော့ အာဘအနေနဲ့အသက်အကြီးဆုံးပဲ"

"အေးကွ၊ ကမ္ဘာဦးကထဲက ဖြဟာကြီးဝေါ့ကွာ၊ သူ့တာဝန်မပြီးသေးတော့ လောကသားတွေ အမှည့်တစ်ဝင်းဝင်း သီးကင်းတဖုတ်ဖုတ်ဖြစ်တာကို ကြည့်ပြီး မရဏနဲ့သာတိ ရှိနေရသကိုးကွ၊ ဒါထက်မင်းကော ဘယ်တော့သေမှာလဲ"

နားစွင့်နေသော ပရိသတ်မှာ ရုတ်တရက်ဖောက်သွားသော အာဘ၏ဟာသကြောင့် တဝေါ်ဝေါ်ဖြစ်သွားရာ၊ လူငယ်ကလေး၏ ချေပသံမှာ မဆိုးဖောက်နိုင်ပဲ ဖြစ်သွားလေ၏။



"အမယ်ကလေးတွေက တကယ်မပစ်လို့ပါ မောင်ရာ၊ လူတောသားများ ဗတ်ခွဘယ်လောက်တည်တယ်၊ တော်တယ်ဆိုတာ မောင်ရင်မကြားဖူးသေးလို့ ဒီလိုပြောတာ၊ ဒီစွယ်စုံလင်သားတော် လေးအတတ်ကို လူတောသားဆီကသင်သွား ရအောင်လွှာရာ"



## ကြေးစည်သာဆိုလျှင်

ယမန်နေ့ညက သတင်းများနှင့်ပတ်သက်သော ထင့်မြင်ချက်များ၊ ဂယက်များ၊ ဝေဖန်ချက်များကိုနံနက်ပိုင်းတွင် ကြားရလေ ရှိ၏။ သတင်းအစုံဆုံးမှာ ဤဆိုင်ဖြစ်သည်။

"မနေ့ညတုန်းက ထိုကောင်တွေဘာဖြစ်ကြသေးလဲကွ"

တစ်ယောက်တည်းသာ ရှိသောစားပွဲသို့ဝင်ထိုင်လိုက်သူကအလျှင်ရောက်သူအား မေးလိုက်သည်။

"မင်းမြင်သွားတဲ့ဒီဘက်ကောင်တွေ ဘာမှမဖြစ်ဘူး၊ ဟိုဘက်ကကောင်တွေ မိုးချုပ်စမှဖြစ်ကြတာ၊ ကျောက်လေ ရွှေသွားညီအစ်ကိုတဝိုင်းရိုက်တာကြေးစည်သာဆိုရင် ဒူဝေဝေ သံချင်းမိုးမွှန်နေမှာပဲ၊ ဟိုဘက်ပြီးဒီဘက်၊ ဒီဘက်ပြီးဟိုဘက်"

အသံအုပ်ပြီး ပြောသောကြောင့် ရယ်သူမှာလည်း တိုးတိုးသာရယ်နိုင်ရှာ၏။



## ကုန်းပေါ်မှ ငါးဘတ်အလား

ကားမှောက်ရာသို့ကူညီရန်သွားသော ရွာသားများ ပြန်ရောက်လာကြ၏။ သို့ရာတွင် အချို့ရောက်မလာကြသေး။ ပြန်မရောက်သေးသူများ အတွင်းမှတစ်ယောက်ကို တွေ့လိုသော ရွှေသည်



www.burmeseclassic.com

www.burmeseclassic.com



မှာလက်ဖက်ရည်ဆိုင်တွင် စောင့်နေသည်။ ထိုအခါ လက်ဖက်ရည်ဆိုင်ရှင်မှာ ပြန်လာသူများအား ...

"ဦးလေးသား မမြင်ခဲ့ကြဘူးလား၊ သူဘာလုပ်နေလဲ"

"မြင်ခဲ့တယ်လေ၊ မှောက်နေတဲ့ကားထဲက ဒဏ်ရာရတဲ့လူတွေသေတဲ့လူတွေကို ဆွဲထုတ်နေရလို့ အမောဖြေနေကြလေရဲ့"

"ဒါလေးများမောရသေးသလား"

***"အလိုလေး၊ လက်ပံပင်အောက်မှာ ပက်လက်လန်ပြီး အမောဖြေနေတဲ့လူတွေ အများကြီးကုန်းပေါ်ရောက်နေတဲ့ ငါးဘတ်လားမှတ်ရ၊ ပါးစပ်ကလေးဟစီ ဟစီနဲ့ သနားစရာကောင်းလိုက်လေ"***

စောင့်နေသူနှင့် အခြားလူများမှာ ရယ်မောနေကြရသည်။

## ရောဂါမပြစ်မှုကြီး

ဤတစ်ကြိမ် ကျိုးကန်းအသင်းနှင့် ဘောလုံးကစားရာတွင်လည်း လှတောအသင်းမှာ မရှုံးနိမ့်သေးသော်လည်း အရေးသာရန် မလွယ်ကူသော အခြေအနေထားတွင်ရှိနေ၏။ နောက်တန်း အရေးကြီးသူအားလုံး ငူငူငိုင်ငိုင် ဖြစ်နေကြ၏။

ထိုအခါ လှတောသားတို့၏ပါးစပ်များသည်တတ်သည့်





ပညာမနေသာ ဆိုသလို တိုက်ခတ်လာပြီ။

"အလိုလေး၊ ဘောလုံးသမားတဲ့ မီးဖိုထဲလိမ့်ကျတဲ့ ဖယောင်းရုပ်လားမှတ်ရ"

"ဟဲ့သိပ်မပြောကြပါနဲ့၊ တစ်ဘက်အသင်းကမြင်ရင် **သနား**လာအောင်ချစ်လာအောင် ငူငူကလေးနေပြတာပါ၊ ဒါမှ **ဟိုဟာ**တွေစားရမှာ မဟုတ်လား"

"အလိုလေးဟဲ့၊ တစ်ရွာတည်းသားချင်းကို **စွဲချက်တွေ**တင်နေလိုက်ကြတာ၊ ရောမပြစ်မှုကြီးကျနေတာပဲ"

တစ်ယောက် တစ်ပေါက်ပြောအပြီး၌ ဝါးကနဲ**ရယ်ကြ၏။**

## ဂိုးသမားကြောင့်မဟုတ်ပါ...

ဘောလုံးဝါသနာအိုးများက အားထားနေခဲ့သော **ဂိုးသမား**သည် ယခုဘယ်လိုဖြစ်လေသည်မသိ။ ဖမ်းသမျှအလုံး **တိုင်း**ချော်သည်။ ဂိုးသမား ခေါက်ဆွဲစားပြီးလော၊ မုန့်ဟင်းခါးစားပြီးလော ဝိုင်းဝန်းသရော်ကြသည်။ လှောင်ပြောင်ကြသည်။ ရှုတ်ချ**ကြသည်။**

တိုတိုပြောကြပါစို့၊ လှတောသားသင်းရှုံးသွားသည်။

"ဘယ်လိုဖြစ်တာလဲ ဂိုးသမားရယ်၊ ဟိုတစ်နေ့တုန်းကပြင်းလာသမျှ ဘောလုံးကိုဖမ်းလိုက်တာ၊ သံလိုက်တုံးနဲ့ဆွဲယူလိုက်သလား



www.burmeseclassic.com

www.burmeseclassic.com



မှတ်ရတယ်၊ ဖတ်ခနဲ ဖတ်ခနဲ နေတာပဲ"

ထိုအခါ နားကြားပြင်းကပ်သူတစ်ယောက်က ...

အလိုလေးကွယ့်၊ မင်းတို့ဟိုတစ်နေ့ကတုန်းက ကစားတာကြီးကိုစံချိန်စံညွှန်း လုပ်မနေကြနဲ့၊ အဲဒီတုန်းကဂိုးတိုင်က ဂိုးတိုင်သာဆိုတယ်ငုံးထောင်တဲ့ ဂုတ်လောက်ပဲရှိတာ"

လက်သီးလက်မောင်းတန်းပြီး မကျေမနပ်ပြောနေသူများမှာ အောင့်သက်သက်နှင့် တိတ်ဆိတ်သွားကြလေ၏။

## အနှစ်လေးဆယ်မှာအဖြစ်အပျက်

လွန်ခဲ့သော နှစ်ပေါင်းလေးဆယ်ကဖြစ်လေသည်။

လူတော်သားနှစ်ယောက်ကို ရဲများကနွားခိုးမှု မသင်္ကာသဖြင့်ကြိုးနှင့်တုတ်ကာ ဖမ်းဆီးသွားလေ၏။ ၎င်းအခြင်းအရာကိုမြင်ရသော လူတော်သားတစ်ယောက်က တစ်ဆင့်ပြန်ပြောပုံမှာ –

"*နွားသူခိုးမသင်္ကာလို့တဲ့ကွာ၊ ချည်ထားတဲ့ကြိုးက မင်းညီနောင်ကိုချည်တဲ့ ကြိုးထက်တောင် ကြီးသေးတယ်ဟေ့၊ လူကို ကြိုးနဲ့တုပ်ထားပုံများတော့ ရက်ကန်းစင်မှာသုံးဖို့ရက် "ဖောက်ယောက်"ထားတာလားမှတ်ရ*"





မသင်္ကာမှုနှင့်အဖမ်းခံရသူ ထွက်လာသောအခါတွင် ဝိုင်းဝန်းမေးသူများအား ပြန်လည်ဖြေကြားသည့်ချပုံမှာ ...

"*အလိုလေး တုပ်ထားတဲ့ကြိုးတွေနှယ်၊ တရားစီရင်တုပ်ထားတာနဲ့မတူဘဲ ကျိုင်ကိုဝါယာတွေ ပတ်ထားသလားမှတ်ရ*"

ဟုလူတော်သားထုံးစံအတိုင်း ထေ့သံသရော်သံကလေးနှင့်ပြောလိုက်ရာ၊ ပရိသတ်ကြီးမှာ အုန်းခနဲရယ်မောလေ၏။

## ဥရောပတိုက်ဆိုကပ်

လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်လာသူတွင် ကလေးတစ်ယောက်ပါလာသည်။ ထိုကလေးမှာ ကြည်ကြည်လင်လင်မရှိ ချေးသူ့ကိုချီလာသူမှာ လက်ဖက်ရည်ကောင်းစွာမသောက် ရသဖြင့်ဆိုင်ရှင်၏သမီးကခေါ်ပြီး ထိန်းရင်းဟိုဟာ စားမလား၊ ဒီဟာစားမလားလျှောက်မေးသည်။

တစ်နေ့ရာရောက်သောအခါ မှန်ဗီရိုတွင်ယင်အုံနေသော ပလာတာတစ်ထပ်ကိုလက်ညှိုးထိုးပြ၏။

"ကလေးက ပလာတာစားချင်လို့ လိုက်လာတာကိုး၊ စားရမယ်စားရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ပထမချီလာသူက ...

"ဟဲ့ဟဲ့ ဒီကလေးနဲ့ဂျုံနဲ့မတည့်ဘူး၊ ပလာတာ မကျွေး နဲ့..."

ထိုအခါ လက်ဖက်ရည်ဖျော်သူသည် ...

**"အလိုလေးကွယ်၊ ဂျုံစားတိုင်းသာ မတည့်ရင်တော့ ဥရောပတိုက် တစ်တိုက်လုံးက လူတွေအကုန်သေကုန်လို့ လူတောင်မရှိတော့ဘူး"**

သူပြောတာမှန်သဖြင့် ထိုသူငြိမ်သွားရာ၊ ဘေးပရိသတ်မှာ တခွီခွီရယ်နေကြလေ၏။

## သက်ကယ်ခါးသောလူများ

• သက်ကယ် (သင်ငယ်) ရောင်းသောဆိုင်သို့ လူတစ်ယောက် ရောက်လာပြီး ဈေးနှုန်းမေးမြန်းကာ သက်ကယ်ပျစ်များကို လှန်လှော် စစ်ဆေးကြည့်ရင်း ....

"ခင်ဗျားသက်ကယ်က အနုလေးတွေပါလား"

ဆိုင်ရှင်မှာ သက်ကယ်များကိုလက်ဖြင့်ပုတ်ပြကာ ...

**"အလိုလေး၊ ဒီသက်ကယ်များ နတယ်ခေါ်သေးလား လူ့ရ ရွှေဘိုမြို့ မြို့ရိုးတည်တုန်းက ချုံရှင်းတဲ့အထဲပါလာတဲ့ သက်ကယ်တွေ"**

ထိုအခါ သက်ကယ်ဝယ်သူမှာလည်း လှတောသားပင်





ဖြစ်ရာ၊ အားကျမခံပြန်ပြောပုံမှာ --

**"ခင်ဗျားတာသာ ခင်ဗျားသက်ကယ်ကို ရွှေဘိုမြို့ လက်ထက်ရှင့်တယ်ပြောနေ၊ မနေ့ကခင်ဗျားဆီက သက်ကယ် တွေ ဝယ်လာ တဲ့အိမ်မှာတော့ ခင်ဗျားသက်ကယ်ကို အိမ်မမိုး ဘူး၊ မြှုတ်ပြီးသုပ်စားနေကြလေရဲ့"**

ဟုပြောလိုက်ရာ၊ ကြားရသူတိုင်းဟားတိုင်းရယ်ကြလေ၏။

## ပွတ်စာတော်ခင်းကြပုံဂုဏ်က

ဓာတ်ရုံအဆောက်အအုံတစ်ခု အခြေတည်မိလျှင် ဓာတ်ပွဲ များ၊ ရုပ်ရှင်ကားထုပ်များနှင့် ကပွဲပဒေသာများသည် မကြာခဏ ရောက်လာကြသဖြင့် လှတောသူ လှတောသားများမှာ အပန်းဖြေစရာ ပျော်ရွှင်စရာကို ဝေးဝေးသို့ သွားမရှာကြ ရတော့ပေ။

သို့အတွက် ပဒေသာကပွဲဆိုလည်း စည်စည်ကားကား အားပေးလိုက်ကြသည်။ ရုပ်ရှင်လည်း ကြည့်ကြသည်။ ဓာတ်ပွဲ ကိုလည်းအလွတ်မပေးချေ။ ထိုသို့ပျော်လိုက် ရွှင်လိုက်သွားကြ လာကြ သည်ကိုမနှစ်မြို့သူများမှာ လူကြီးအချို့ဖြစ်သည်။

သူတို့သည် ဝင်ငွေနှင့်ထွက်ငွေကို မစိစစ်မသုံးသပ်ဘဲ စားသောက်သုံးဖြုန်းနေကြသူများအတွက် ရင်လေးနေကြသည်



www.burmeseclassic.com

www.burmeseclassic.com



အတွက် သူတို့ရှေ့ထောက်မှကြည့်ပြီး ပြောကြပုံမှာ ...

"အလို လေးကွယ်၊ ဖွတ်တောင်ဝို့ကြီးထဲကို ဖွတ်ကလေး တွေဝင်လိုက် ထွက်လိုက်နဲ့ ဖွတ်ခတ်ခင်းနေလိုက်ကြလေကွယ်ရို့"

ဟုဖြစ်၏။ ဖွတ်ဟုဆိုခြင်းမှာ ဖွတ်သည်နိမိတ်မကောင်းဆင်းရဲမွဲတေခြင်း၏သင်္ကေတဟု သဘောထားသည့်အတွက် ထိုသို့ပြောလိုက်ခြင်းဖြစ်ရာ ခတ်ရုံသို့ပျော်ရွှင်စွာ ထွက်လာသူများမှာ အသံတိတ်သွားကြလေ၏။

## ဘီးထွက်သွားသောကင်းကောင်

မှူးတွင် ရေလာနေခိုက် ဖြစ်သည့်အတွက်လှေတော်သားလယ်သမားဦးကြီးများမှာ အပြေးအလွှားစိုက်ပျိုးလုပ်ကိုင် နေကြသည်။ အချိန်မီစိုက်ရသောကြောင့် ပျိုးနုတ်သူ ကောက်စိုက်သူများကိုအလုအယက် ခေါ်နေကြသည်။

ဦးကြီးတစ်ယောက်သည် ပျိုးနုတ်သူခေါ်မရသောကြောင့် တခြားနေရာမှ ပျိုးများကို ကားနှင့်သယ်လာပြီး လမ်းဘေးတွင် ချထား၏။ ထိုအခိုက်၌ လယ်နီးချင်းများ ရောက်လာကာ ပျိုးများကိုကြည့်ပြီး ...

"မျိုးလှချေလား၊ ဘာနဲ့သယ်မှာလဲ"





"နွားနဲ့သယ်မှာပေါ့ကွာ ငါကိုဘာနဲ့သယ်မှာလဲ မေးရအောင်ဟာယ်လီကော့ပတော ပိုင်တယ်ထင်လို့လား"

ထိုအခါ စတင်မေးသူက ...

"အလိုလေး၊ အဲဒါလောက်အများကြီးကို နွားမပြောနဲ့ ကင်းကောင်နဲ့ သယ်တောင် ကင်းကောင်ဘီးထွက်ပြီး ထိုင်ငိုရချေရဲ့ကွယ်"

## ဖိုးလမင်းကိုလောင်သောမီး

မန္တလေးမြို့ကို မီးကြီးလောင်ကျွမ်းလိုက်သည့်အတွက် လူအများစုကို မီးသတိပြုရန် သတိပေးလိုက်သလို ဖြစ်သွား၏။ ယခုလည်း ရွှေဘိုဘက်သို့ လိုက်ပါမည့် ခရီးသည်များသည် မီးကြောက်စရာကောင်းပုံကို ပြောနေကြရာ၊ ဝက်လက်မီး အကြောင်းသို့ ရောက်သွား၏။

"ဝက်လက်မီးလဲ တော်တော်ကြီးတာပဲ"

"ကြီးဆို ဝက်လက်မှာ လောင်တဲ့ မီးရောင်အောက်မှာ ကျုပ်တို့လှေတော်သူတွေ တန်းစီပြီး သန်းရှာတယ် ကြားဖူးရဲ့"

ထိုအခါ အခြားလှေတော်သားတစ်ယောက်က ...

"မင်းတို့ဝက်လက်မီးက ဘာဟုတ်သေးလဲ၊ ဒို့ကိုင်း



www.burmeseclassic.com

www.burmeseclassic.com



လောင်တဲ့မီးကမှ ဖိုးလမင်းကို မီးနိုးဟပ်သွားလို့ လမင်းတစ်ခုလုံး ကျပ်နိုးစွဲပါရောလား"

ကားအောက်မှ လူများရော ကားပေါ်မှလူများမှာ ထိုအသံအဆုံးတွင် ဝေါကနဲရယ်မောမိကြလေတော့သည်။



## တစ်ရုပ်သားကို လင်လုပ်မိတော့...

လှတောသူနှင့်ရနေသော တစ်ရုပ်သားတွေထဲက တစ်ယောက်မှာ တော်တော်ရိုးသည်။ အေးလည်းအေးသည်။ သည့်အတွက် ယောက္ခမအသိုက်အဝန်းကနှိမ်သည်။ မယားကလည်း အလွန်နိုင်သည်။

သည့်အတွက် ထိုလူ မယားကြောက်ရပုံကို လှတောသားတစ်ယောက်က အရက်ဝိုင်းတွင် တင်စားပြောပုံမှာ... "အလိုလေး တွယ့် မယားနှင့်မယား့အမျိုးတွေကို ကြောက်ရပုံများတော့ ခေါင်းချည်းညိတ်နေလို့ ဝါးစပ်ပါရဲ့လားထင်ရ၊ ပြန်ပြောခွင့် မရလို့ကြာရင် ဆေးခိုင်ရောဂါစွဲမှာတောင် စိုးရတယ်ကွယ့်"

အရက်သမားများ အတောမသတ်အောင် ရယ်မောကြလေသည်။

## ကဈွားကိုပဲမီးတော့မယ်။

လှတော-ဝက်လက်သို့လာသော ခရီးသည်တင် ဘတ်စ်ကားတစ်စင်းတွင် ချောင်းတွေ့လျှင် ဘရိတ်အုပ်ရသည်။ ချိုးကွေ့လျှင် ဘရိတ်အုပ်ရသည်။ ဆော်ထမကောင်း၊ လူကအပြည့်မို့ အလွန် နှေးသည်။ အနေအထားကြီးထိစွရှိသော လှတောသားတစ်ယောက်မှာ

www.burmeseclassic.com



နာရီတကြည့်ကြည့်ဖြစ်နေရာက စိတ်မရှည်စွာ ပြောလိုက်ပုံမှာ...

"နေးရှာလိုက်လေကွယ်ရို့၊ ကဗ္ဗာအားကို စီးသွားတာက မြန်လိမ့်ဦး"

ကုန်ပစ္စည်းချိန်တွယ်ရာတွင်အသုံးပြုသော ကဗ္ဗာအားမှာ ဘီးလေးခုနှင့် ခုံပါသောကြောင့် စီးစရာယာဉ်အဖြစ် ပြောလိုက်ခြင်း ဖြစ်ရာ ခရီးသည်တိုင်း သဘောကျသွားသလောက် ကားသမား မျက်နှာ သေးငယ်လှသည်။

စကားအရာဖြင့် လောကီတစ်ခွင်၌ အောင်မြင်ကြသူများ ဖြစ်နိုင်ကြပါစေ ။ ။

မေဗွာမြင့်
ဦးလှအောင်

BURMESE CLASSIC .com

www.burmeseclassic.com